www.burmeseclassic.com

# သချိုး

တူနှစ်ကိုယ်ဥယျာဉ်



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (မျှား စာပေ)
အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း။
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်အဖုံးပုံနှိပ်သူ**
ဦးကျော်ရင် (မြ-၁၀၀၉၈) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း။ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း**
၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ။

**အုပ်ရေ**
၅၀၀ အုပ်

**တန်ဖိုး**
၁၀၀ ကျပ်

**ဖြန့်ချိရေး**
ဗိုလ်ပြည့်စာပေ
အမှတ်-၂၂၃၊ ၃၅သွာ၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

| |
|---|
| ၈၉၅.၈၃ |
| သျှီး |
| တူနှစ်ကိုယ်ဥယျာဉ် |
| မျှားစာပေ၊ ၂၀၁၄။ |
| ၂၀၀ - စာ၊ ၁၂ × ၁၈ စင်တီ။ |
| (၁) တူနှစ်ကိုယ်ဥယျာဉ် |

## အခန်း (၁)

လူ့သဘာဝတွင် ... အများအားဖြင့် မိန်းမတို့သဘာဝတွင် ကိုယ်ကိုယ်တိုင်ကသာလျှင် သူများထက်သာချင်ပြီး သူများကသာ သွားလျှင် မနာလိုဖြစ်တတ်ကြသည်။ တချို့ မိန်းမများသည် တစ်ဦးနှင့်တစ်ဦး အပေါ်ယံသာ ခင်မင်ကြပြီး သူတို့၏ အတွင်းစိတ်ကား တစ်ဦးကိုတစ်ဦး ယှဉ်ပြိုင်နေတတ်ကြသည်။

ထိုထဲတွင် လေဒီသျှီုင်းနှင့် မေနိုင်းခလည်းပါသည်။ သူတို့နှစ်ဦးက တစ်ယောက်ထိလျှင် တစ်ယောက်မခံချင်စိတ် ရှိသော်လည်း ကွယ်ရာကျ တစ်ယောက်အကြောင်း တစ်ယောက် အပုပ်ချကြသည်။ မသိမသာ ယှဉ်ပြိုင်သည့်နေရာတွင် သူမတူအောင် ထက်သန်ကြသော်လည်း သူတို့နှစ်ယောက်မှာ ခံယူချက်တစ်ခုတော့ တူညီသည်။

ထိုခံယူချက်မှာ ... ယောကျ်ားဟူသည် သစ္စာမရှိ ဟူ၍ ဖြစ်သည်။

www.burmeseclassic.com



ကော်ဖီတစ်ငုံသောက်လိုက်ပြီး အပြင်ဘက်တစ်ချက်ငေး ကြည့်နေသော လေဒီသျှိုင်းကို မေနိုင်းခက မသိသလို အကဲခတ် လိုက်သည်။ ခဏနေမှ ...

"လေဒီ ... မင်းကိုကြည့်ရတာ ဟိုတစ်ယောက်နဲ့ ပြတ်ပြီး ကတည်းက တမှိုင်မှိုင်နဲ့ ဆက်ရက်နာ ကျနေသလိုပဲ ကြည့်ရတာ အဟင်း ... ဟင်း ..."

မေနိုင်းခက ကော်ဖီခွက်ကို ကိုင်ကာ ရွဲ့သလိုစောင်းသလို နှင့်ပြောသည်။ ဒါမျိုးတော့ လေဒီသျှိုင်းကလည်း မခံပါ ... ချက်ချင်း ဆိုသလို ပြန်ပက်လိုက်သည်။

"သြော် ... ယောကျ်ားတစ်ယောက်အတွက်နဲ့တော့ ဆက် ရက်နာကျစရာလား မေနိုင်းရယ် ... အခု တို့ရင်ထဲမှာရှိနေတာက အဲဒီလူကို အရမ်းသနားနေတာပဲ ဟင်း ... ဟင်း ... လေဒီသျှိုင်း ဆိုတဲ့ မိန်းမက တခြားမိန်းမတွေနဲ့ မတူဘူးဆိုတာ သူသိသွားလို့ ခုလောက်ဆို သူသဘောပေါက်နေမှာပါ ဟာဟ ..."

"ဒါပေမဲ့လည်း ယောကျ်ားတွေကို လျှော့မတွက်ပါနဲ့ကွာ တော်ကြာ သစ်စိမ်းချိုးချိုးသွားမှ ဟက်ကော့ကြီးနဲ့ မင်းကျန်ခဲ့ဦး မယ် ..."

"လေဒီသျှိုင်းပါကွာ ... မင်းလည်း ဂရုစိုက်ဦး ... အပေါ် ရောက်မှ ပြုတ်ကျနေလို့ ကားယားဖြစ်နေဦးမယ်"

"အဟွတ် ... အဟွတ်"





လေဒီသျှိုင်း စကားကြောင့် မေနိုင်းခ ခမျာ ကော်ဖီသောက် ရင်း သီးသွားသည်။ သို့သော်လည်း ချက်ချင်း ဣန္ဒြေဆည်ကာ ...

"အဟမ်း ... စိတ်ချပါကွာ ... တို့ အခုထားတဲ့ဘဲက အမွှား လေးပါ ... လေတစ်ချက်မှုတ်ရုံနဲ့ လွင့်တယ် ..."

လေဒီသျှိုင်းက မျက်စောင်းထိုးကာကြည့်ရင်း စိတ်ထဲမှ ပြောနေမိသည်။

"အပိုစာသားတွေ ... ဟိုကဖြတ်လို့ သူကချည်း ပြန်ဆက် နေရပြီးတော့များ ..."

အမှန်တကယ်လည်း မေနိုင်းခရဲ့လက်ရှိချစ်သူ စစ်ရှားက ဥစ္စာပေါ ရုပ်ချော ပညာတတ်မို့ မေနိုင်းခကိုယ်တိုင် လက်မလွှတ်နိုင် ချစ်တာလည်း အင်မတန်ချစ်သည်။

သို့ပေမဲ့ မိန်းမများက အရှက်ကွဲမှာထက် မာနနှင့်ပုံးတတ် ကြသည်။ အခုလည်း သူပဲဖြတ်ရင် ပြတ်သလိုလို ပုံစံနှင့် လေဒီ သျှိုင်းကို ပြောနေသည်။

လေဒီသျှိုင်းက ပြုံးလိုက်ပြီး ...

"မေးနိုင်း ... တို့ပြန်တော့မယ်"

"ပြန်တော့မလို့လား ..."

"အင်း ... ဆက်ပိုင်နဲ့ ချိန်းထားတာ သွားရဦးမယ် ..."

မေနိုင်းခက အံ့ဩသွားသလိုမျိုးဟန်ဆောင်လိုက်ပြီး ...

"မပြတ်သေးဘူးလား ... တို့ကြားထားသလောက်ဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



မေနိုင်းခ စကားမဆုံးမီ လေဒီက အတင်းဖြတ်၍ ...

"ခု ... သွားဖြတ်မလို့လေ ... နောက်မှပဲ ဖုန်းဆက်လိုက်မယ်နော်"

"ဩော် ... အင်း ... Ok ... လေဒီ ... "

လေဒီသျှိုင်း ထွက်သွားသဖြင့် မေးနိုင်းခ ကော်ဖီခွက်ကို ပြန်ကိုင်လိုက်ပြီး စိတ်ထဲမှ တွေးလိုက်သည်။

"ဘာကို သွားဖြတ်မှာလဲ ... ဟွန်း ... မသိရင်ခက်မယ်၊ ဟိုကောင်ကဖြင့် နောက်တစ်ယောက်နဲ့ တွဲနေတာကိုများ မသိရှာဘူး ... ဟင်း ... ဟင်း"

ကိုယ့်အတွေးနဲ့ကိုယ်မို့ ကြိတ်ပြုံးကာ ဝမ်းသာနေသည်။

လေဒီသျှိုင်းရဲ့ကားကို မျက်စိတဆုံးကြည့်ကာ ကော်ဖီကို တစိမ့်စိမ့်သောက်နေသည်။ ပြီး ... လက်ထဲမှ Uni ဘောပင်ကို လှည့်လိုက်ကာ Notebook ထဲမှ နာမည်တစ်ခုကို ခြစ်ချလိုက်သည်။

"ဆက်ပိုင်ရေ ... လေဒီသာ မင်းနဲ့တို့တွဲနေတာ သိသွားရင် ဘယ်လောက်များ ဒေါပွနေမလဲ ... ဒါပေမဲ့ ကိစ္စမရှိပါဘူး တို့ မင်းကို အခုပဲဖြတ်လိုက်တော့မှာမို့လေ ... အိုကေ ... "

တစ်ယောက်ဆီက တစ်ယောက်ကို ဖြတ်ခုတ်တာထက်စာရင် တစ်ယောက်နဲ့တစ်ယောက် ဘယ်သူက ပိုသာသလဲဆိုတာကို လေဒီသျှိုင်းထက် မေနိုင်းခက ပိုသိချင်သည်။

ယင်ယယ်ထဲက တွဲလာတဲ့ ယယ်သူငယ်ချင်းမို့ ပိုပြီး သိချင်





စိတ်က အားသန်သည်။ မိဘချင်း ရင်းနှီးနေသဖြင့် လေဒီသျှိုင်းနှင့် မေနိုင်းခတို့ တွဲသွားတွဲလာ လုပ်ဖြစ်ကြသည်။

သို့သော် ရင်ထဲကမပါ ... တစ်ယောက်ကိုတစ်ယောက် ကြိတ်ပြိုင်နေမှန်းလည်း သိကြသည်။ လေဒီသျှိုင်းရဲ့ ခေါင်းထဲ မေနိုင်းခကို တပန်းသာဖို့ကိုသာ အမြဲကြိုးစားနေဆဲ ...။

www.burmeseclassic.com

## အခန်း (၂)

Star House Tea Shop တွင် ထုံးစံအတိုင်း လူစုံနေသည်။ သုထက်က ချိုဆိမ့်ကို တင့်သောက်လိုက်ပြီး ...

"အိမ်မှာနေပြီး စားလိုက်သောက်လိုက် အိပ်လိုက်နဲ့ကြာတော့လည်း ပျင်းလာပြီကွာ ... လူ့ဘဝဆိုတာ ဒါပဲဆိုရင်တော့ မဟုတ်သေးဘူး ..."

သုထက်က စိတ်ပျက်သောလေသံဖြင့် ပြောသည်။ စစ်ရှားက ရေနွေးကို ငှဲ့လိုက်ပြီး ဆရာကြီးစတိုင်နှင့်လှမ်းကြည့်ကာ ...

"ရည်းစားလေး ဘာလေးထားပေါ့ ... အဲဒါမှ အပြင်လေး ဘာလေးသွားပြီး နည်းနည်းပါးပါး ဘာဘာညာညာ ဖြစ်ရတာပေါ့ အနည်းဆုံးတော့ ပျော်ရတာပေါ့ကွာ ..."

"နေပါတော့ကွာ ... ထားရမှာ ခပ်လန့်လန့်ရယ်"

သုထက်စကားကို ပေါက်ပေါက်နှင့်ကေမိုဟန်တို့ နှစ်ယောက်က ပြုံးလိုက်သည်။ စစ်ရှားက မသိချင်ယောင်ဆောင်ကာ

"ဟော့ကောင် သုထက် ... မိန်းမဆိုတာ လှည့်တတ်ရင်





အလွယ်လေးပါကွ သိလား ..."

"ကဲ ... ပြောစမ်းပါဦး ကိုစစ်ရှားဆိုတဲ့ ကို'မ'ကျမ်းကျေကြီးရယ်"

"ခု ငါထားတဲ့ကောင်မလေးဆိုရင် သူ့ကိုငါချစ်တယ် ... ဒါပေမဲ့ သူ့ကွယ်ရာမှာ ငါနောက်တစ်ယောက်ထားတယ် ... ကဲ သူသိမလား ... ဒီမှာ သုထက် မင်းလိုမျိုးသာ ကိုယ့်ရည်းစားကိုယ် ခရေစေ့တွင်းကျ ပြောပြနေမယ်ဆိုရင်တော့ အကောင်းဆုံးက ရည်းစားလည်း ထားမနေနဲ့တော့ ဟိုကလိုမှတာ စံနေရမယ် ... မင်း"

"ဟင် ..."

သူတို့နှစ်ယောက်ကြား ပေါက်ပေါက်က ဝင်ဖောက်သည်။

"ခုမှ သက်ပြင်းလာချမနေနဲ့ ... ထားတာတော့ထားပေါ့ကွာ ... ဒါပေမဲ့ ငါတို့အဖွဲ့ကို နာမည်ပျက်အောင် မလုပ်နဲ့ ..."

"ဩော် ... ကြာကူလီကြီးများအဖွဲ့ဆိုတာလေး ပျက်သွားမှာစိုးလို့လား ..."

"ဒီမှာ သုထက်ရာ ... ယောကျ်ားမှာ ဂန်ဒူး မဟုတ်ရင် နာဘူး နှစ်မျိုးထဲရှိတာ ... ရည်းစား ရှုပ်တာ ဘာဖြစ်လဲ ..."

"ဟူး ... ဒါဖြင့် ငါက ဘယ်သူ့ကိုထားရမှာလဲ တွေ့ရာပဲပြုတ်သည်တော့ လေမချွန်ပါရစေနဲ့ကွာ ..."

"အာ ... လုပ်စရာလား အလန်းလေးတို့ အကွက်လေးတို့ ရှေ့ရမှာပေါ့ ..."

www.burmeseclassic.com



လိုရင်းမရောက်နိုင်သည့် စစ်ရှားနှင့်သုထက် စကားကို ပေါက်ပေါက်ကပင် လမ်းကြောင်းပြောင်းသည်။

"မင်းတို့ပြီးရင် ဘယ်သွားဦးမှာလဲ ... ငါနဲ့ ကေမိုဟန်နဲ့ အကျီ သွားဝယ်မလို့ မင်းတို့ရောလိုက်ဦးမလား ... "

သုထက်နှင့်စစ်ရှားက ခေါင်းခါပြလိုက်သည်။ ပေါက်ပေါက်က လန်ဒန်တစ်လိပ်ကို နားရွက်ကြားထဲ ညှပ်ကာ ဦးထုပ်ကို ဆောင်းလိုက်သည်။ ခုခေတ် ကောင်လေးများ ဆောင်းကြသည့် ကောင်မလေးများအခေါ်(Sai Sai ဦးထုပ်)နှင့် ဘောင်းဘီအိတ်ထဲ လက်ထည့်ပြီး ထွက်သွားသည်။ ကေမိုဟန်က ထုံးစံအတိုင်း ဂျင်း ဘောင်းဘီတိုနှင့် ...

"မင်းက ဘာအကျီပုံစံဝယ်မှာလဲ ပေါက် ... "

"အမ်း ... ကြည့်ဦးမယ်ကွာ"

"ဘာကြည့်မှာလဲ ... အကျီကိုကြည့်မှာလား ရောင်းသူကို ကြည့်မှာလား ... "

"နှစ်ခုစလုံးပဲ ... "

ပေါက်ပေါက်က အကျီများကို ကြည့်ကာ အကြိုက်မတွေ့သဖြင့် ကေမိုဟန်ကို မျက်စပစ်ပြပြီး ပြန်ထွက်ရန် အလှည့် လေဒီ





သျှိုင်းနှင့် ဝင်တိုက်တော့သည်။

"အမေ့ ... "

"ဟာ ... ဆောရီး ... အန်တီ"

"ဘာ ... အန်တီလဲ ... လူကို သေချာကြည့်ပြီးပြော"

ပေါက်ပေါက်က လေဒီသျှိုင်းကို ကြည့်လိုက်ပြီး စပ်ဖြဲဖြဲမျက်နှာနှင့် တစ်ချက်ကြည့်သည်။ ပြီးမှ ...

"ဆောရီး ... ဆောရီး ... အန်တီမှ မဟုတ်ပဲ ... ဟဲ ဟဲ"

"အင်း ... အန်ကယ် မဟုတ်တာတော့ သေချာတယ်"

"ဘယ်လိုဟာမှန်းလည်း မသိဘူး ... မျက်လုံးမပါဘူးလား"

"မမြင်လို့ပါ ဒေါ်ဒေါ်ရယ် ... စိတ် ... စိတ် မရှိပါနဲ့"

တမင်ညိုအောင်လုပ်ပြောသည့် စကားမို့ လေဒီ ဒေါ်သပိုမွှားသွားသည်။

"ရှင်နော် ... ရုပ်က နာနတ်သီးရုပ်နဲ့ ... "

"ဘာကွ ... ဘာ နာနတ်သီးလဲ ... မင်း စားချင်တာတွေ လာပြောမနေနဲ့ ... "

"ဒါဖြင့် ဘာလဲ ... ဒူးရင်းသီးလား"

"ကဲ ... အမိ ... ဒီကောင် မတော်တဆ တိုက်မိတာ ခင်ဗျား သည်း ခံ့တော့လာ ... ပေါက် ... "

"ဘယ်လိုဟာတွေလဲ မသိဘူး ... ဂေါက်သီးတွေလားမသိ"

ကေမိုဟန်က ပေါက်ပေါက် ပခုံးကိုဖက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ရှုပ်ရှုပ်ယှက်ယှက် မိန်းမတွေနဲ့စကားသွား များနေသေးတယ် ... "

"ဆော်က လန်းတာတော့ လန်းတယ်"

"ဘာလန်းတာလဲ ... မင်း ငွမ်းသွားချင်လို့လား ... "

"အာ ... တော်ပြီကွာ ... မဝယ်တော့ဘူး ... သွားမယ်"

"ငါ မောင်းမယ်နော် ... "

"ဟိုကောင်တွေဆီ သွားမှာနော် ... ရော့ ... ကားသော့"

ပေါက်ဖေါက်က ကားသော့ကို လှမ်းပေးလိုက်သည်နှင့် ကေမိုဟန်ဖမ်းယူလိုက်သည်။

"ပူလိုက်တာကွာ ... ငပေါက် အရမ်းပူတယ်ကွ ... ငါ ... air- con ဖွင့်လိုက်မယ်နော် ... "

"ပျက်နေတယ် ... "

"ဟွန်း ... လူက ငွမ်းနေလို့ ကားကများလန်းနေသလားလို့ ဝိုငွမ်းသေး ... "

"ဟော့ကောင် ... ဟော့ကောင် မရှုတ်ချနဲ့ ... ဒီတိုင်းလည်း မောင်းလို့ရတယ် ... "

"ပြီးတာပဲ ... "

"ကော ... "

"ဘာလဲ ... "

"ခုန ကောင်မလေးကို သွားအိရအောင်ကွာ ... "





"အာ ... ဘာလုပ်ရမှာလဲ"

"ကားကို ပြန်ကွေ့လိုက် ... ငါစိတ်ထဲ မရိုးမရွနဲ့ ... "

"ဘာလဲ ... ပါးအရိုက်မခံရလို့ သွားအရိုက်ခံမလို့လား"

"မရှည်စမ်းပါနဲ့ ... ပြန်ကွေ့ ... အစသွားဆွဲထုတ်ချင်လို့ မင်းဆရာ အဲဒီဟာမကို ဘယ်လိုလှလှပပလေး ပညာပေးမလဲဆို တာ မင်းမျက်မြင်ကိုယ်တွေ့ လေ့လာမှတ်သား ... "

ကေမိုဟန်က ပခုံးကိုသာ ဟန်ပါပါပြန်တွန့်လိုက်ရင်း ကား ကို ပြန်ကွေ့လိုက်သည်။ ပေါက်ပေါက် အကျင့်က အဲလိုပဲ စိတ် ဖောက်ရင် ဖောက်သလို အကြောကလည်း ထရသေးသည်။ ဆိုင် တွင်းဝင်ကာ ခေါင်းကို ငွေကြည့်လိုက်သည်။

"ဟိုမှာ ... "

"မင်းပဲသွား ... ငါမလိုက်ဘူး ... "

"လာစမ်းပါ ... "

ကေမိုဟန်လက်ကိုဆွဲကာ လေဒီသျှိုင်းနားကိုခေါ်သွားသ ဖြင့် ယက်ကန်ယက်ကန် ပါသွားသည်။ လေဒီသျှိုင်းက အင်္ကျီများကို ဝိုက်ဆံရှင်းပြီးအလှည့် ပေါက်ပေါက် ခြေထောက်ကို ခေါက်ဖိနပ်နှင့် တက်နင်းမိသည်။

"အောင်မလေးဗျ ... သေပါပြီ ... "

"ဟယ် ... ဆောရီး ... ဦးလေးကြီး"

"ဘာကွ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မှားသွားလို့ အာဂျူးရှိုးကို မမြင်ဘူး ... "

"ဟင်း ... ငါကိုက ရှည်တာ ... "

ပေါက်ပေါက်က ကေမိုဟန်ကို လှည့်ကြည့်သည်။ ကေမိုဟန်က 'မှတ်ပလား'ဆိုသည့် အထာနှင့် မျက်ခုံးပင့်ကာ ခေါင်းညိတ်ပြသည်။

"ခဏလေး ... ဒီမှာ"

"ပြော ... "

ပေါက်ပေါက်က လေဒီသျှိုင်းနားကပ်ကာ လေသံတိုးတိုးနှင့် ပြောလိုက်သည်။

"မင်းဂါဝန်နောက်မှာ ပေါက်နေတယ်"

"ဟင် ... "

"သွားပြီနော် ... Bye Bye ... "

လေဒီသျှိုင်းတစ်ယောက် ဆိုင်ရှေ့တွင် ဂါဝန်နောက်ကို ဟိုဘက်ကလှည့်ကြည့်လိုက် ဒီဘက်ကကြည့်လိုက်နှင့် ကျန်ခဲ့သည်။

" ခွီ ခွီ ခွီ ... "

"ဘာရယ်တာလဲ ... ငပေါက်"

"ရယ်ချင်လို့ ... "

"သူ့ဂါဝန် တကယ်ပဲ ပေါက်နေတာလား"

"ငါလည်း ဘယ်သိမလဲ ... "

"အာ ... မင်း တမင်ဖောက်လိုက်တာပေါ့"





"အေး ... "

"ခွေးကောင် ... တော်တော်ဆိုးပါ့"

"ဒါ ... နမူနာကွ ... မိန်းမတွေကို ကြည့်မရလို့ Lesson No-1 ပေးလိုက်တာ ... ကျွတ် ... ကျွတ် ... ကျွတ် ... မိန်းမတွေက အလှအပတော့ ကြိုက်သားပဲ ... ဂါဝန်လေး ပေါက်နေတယ် ပြောတာနဲ့ ပြူးတူးပြဲတဲကို ဖြစ်သွားရော ဟဟား ရယ်ရတယ်"

ပေါက်ပေါက်ရယ်သဖြင့် ကေမိုဟန်ပါ ရယ်လိုက်သည်။ ကားကို Star House Tea Shop ဆိုင်သို့ ဦးတည်ကာ မောင်းလာခဲ့သည်။ ဆိုင်ရောက်မှ ဖောက်သည်ချကာ ဟာသပြောရန် ပေါက်ပေါက်တစ်ယောက် ကြိတ်ပြုံးနေမိသည်။

"ဖြစ်မှဖြစ်ရလေ ... လေဒီရယ် ... ယောကျ်ားတွေကို လှည့်ချင်တိုင်းလှည့်လာပြီးမှ ဘာမဟုတ်တာလေးနဲ့ ခံလာရတယ်လို့"

မေနိုင်းခက ဆိုဖာခုံပေါ် မဂ္ဂဇင်းစာအုပ်ကို ပစ်တင်လိုက်ပြီး ပြောလိုက်သည်။ လေဒီသျှိုင်းက မျက်မှောင်ကြုတ်ကာ ...

"ဩော် ... ကိုယ်လည်း ဘယ်ထင်မလဲ ... အဟုတ်ကြီးမှတ်တာပေါ့ ... အဲဒီ နာနတ်သီးကောင် ... တွေ့ဦးမယ် ... နောက်တစ်ခါတွေ့မှ ခေါင်းကအမွေးတွေ ပြောင်အောင် ခေါင်းစားပေးလိုက်ဦးမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"အိုး … သိပ်လည်း စဉ်းစားမနေစမ်းပါနဲ့ကွာ … အချဉ်လေး တွေနေမှာပေါ့ … "

လေဒီသျှိုင်းက မေးနိုင်းခကို မျက်စောင်းထိုးလိုက်သည်။ စိတ်ထဲမှတော့ မေနိုင်းခကို ပြောနေမိသည်။

"အချဉ်တစ်ကောင် ဖောက်တာ ခံလိုက်ရလို့ တော်တော်ပဲ ဝမ်းသာနေတယ်ပေါ့ … ဟွန်း … ကြည့်လို့ကိုမရဘူး … ခင်း အလှည့် ကျမှ တွေ့မယ် … "

မေနိုင်းခက လိမ္မော်ရည်ခွက်ကို လေဒီသျှိုင်းရှေ့တိုးပေး လိုက်သည်။ ပြီးမှ မေနိုင်းခက လိမ္မော်ရည်ခွက်ကို လေဒီသျှိုင်းရှေ့ တိုးပေးလိုက်သည်။ ပြီးမှ …

"ဩော် … လေဒီ မနက်ဖြန်ကျရင် ဝယ်စရာလေးရှိလို့ လိုက် ဦးမလား … "

"ဟင့်အင်း … မလိုက်တော့ဘူး … မနက်ဖြန် အိမ်မှာပဲ အေးဆေးနေချင်တယ် … ထွက်တဲ့ရက်တွေကလည်း စိတ်နေပြီ"

"ဩော် … အင်းလေ … မင်း Father ကြီးလည်း ရုံးပိတ်ရက် ဆိုတော့ … အေးပေါ့ အိမ်မှာပဲ ကွေးနေပါ … တို့ ဖုန်းဆက်လိုက် မယ် … "

သဘောကတော့ လေဒီသျှိုင်းကို အိမ်မပိုင်တဲ့ ဂေါ်လီမလို့ ပြောလိုက်ခြင်းဖြစ်သည်။ လေဒီသျှိုင်းက မဲ့ပြုံးပြုံးလိုက်ပြီး …

"ဟုတ်တယ် … မေနိုင်းရ … ဒက်ဒီက စနေ တနင်္ဂနွေ





အပြင်မထွက်နဲ့ဆိုလို့ စကားနားထောင်တာလေ … ဘာလုပ်မှာလဲ တစ်ပတ်လုံးလုံး ထွက်နေရတာ ကြာတော့လည်း မြင်ပါများရင် ဈေးပေါသလိုဖြစ်နေမှာစိုးလို့ လေဒီသျှိုင်း ပြန်ပက်လိုက်သဖြင့် မေနိုင်းခက စောင့်ကြည့်သည်။ သိပ်တော့မဟုတ်သေးဘူး … အချင်း ချင်းကို လာဖောက်နေသေးတယ် … သူ အပြင်မထွက်ရတာနဲ့ပဲ ကိုယ့်ကို ရှုးလာပတ်နေသေး … ဘယ်လိုဟာမမှန်း မသိဘူး … တကယ်ပဲ မေနိုင်းခကိုများ စောင်းပြောရဲသေးတယ် … ။

"မေနိုင်းက မနက်ဖြန် ဘယ်ကိုသွားမှာလဲ … "

"အမ်း … အင်္ကျီဝယ်ချင်လည်းဝယ်မယ် … တစ်ခုခုပေါ့ အတိအကျတော့ မသိသေးဘူး"

"ဒါဖြင့် တို့ တစ်ခုမှာချင်တယ် … ဝယ်လာပေးပါလား"

"အင်း … မှာလေ … "

"ဟိုဟာလေ … ဒေါက်တာမင်းတင်မွန်ရဲ့ ဆေးမကုဘဲ ငြိမ်း အေးနည်းဆိုတဲ့ စာအုပ်လေး ဝယ်လာခဲ့ပေးပါလား"

"အဲဒီ့ စာအုပ်က ဘယ်သူဖတ်ဖို့လဲ လေဒီ … "

လေဒီသျှိုင်းက ပြုံးလိုက်ပြီး မေနိုင်းခကိုကြည့်သည်။ နင့်ကို ပေးဖတ်ဖို့လေ မေနိုင်းခရယ် … ဒါ စိတ်ထဲက ပြောနေခြင်းသာ။

"ဩော် … တို့ မာမီမှာနေတာကြာပြီ … မေ့မေ့နေလို့"

"ရှာခဲ့မယ်လေ … "

"အိုကေ … ဩော် … ပြီးတော့ Lollipop တစ်ထုပ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလာခဲ့ဦး"

"အင်း ... နောက်ကော ... "

"ဒါပဲ ... မှာတော့မယ်"

"Lollipop လည်း မင်း Mother ကြီးအတွက်ပဲလား"

"အာ ... တို့ Lollipop ကြိုက်လို့ပါ ... "

"သြော် ... မသိပါဘူး ... "

ဟွန်း ... မသိရင်ခက်မယ် ... လာ ... ဒရွတ်တိုက်နေပြီး တော့များ ... မပြောလိုက်ချင်ဘူး ... ဒါမျိုးတွေ ရိုးနေပြီ မေနိုင်းခရဲ့။

"လေဒီ ... အိမ်ရောက်တုန်း ထမင်းစားသွားဦးနော်"

"အင်း ... ဘာဟင်းချက်လဲ ... "

"ချဉ်ပေါင်ကြော်၊ ရှောက်သီးသုတ်၊ ငွေးတောက်ရွက်ဟင်းချို နောက်ပြီး ... ပဲကြီးနှပ် ... "

"အမလေးလေး ... မင်း ပြောတာနဲ့တင် တို့တော့ဝမ်းမခိုင် ချင်တော့ဘူး ... မေနိုင်း ... "

"အဟင်း ... အိမ်ကလူတွေက ဝမ်းချုပ်နေကြလို့လေ"

"သြော် ... "

"စားရမှာနော် ... မစားလို့မရဘူး ... ဒါပဲ"

"အင်းပါ ... "

လေဒီသျှိုင်းတစ်ယောက် ခေါင်းညိတ်ရင်း ပါးနှစ်ဖက်ကို ပွတ်ချေမိသည်။ ပြောနေရင်းနဲ့တောင် ခံတွင်းချဉ်လာသဖြင့်





လိမ္မော်ရည်ကို တငုံသောက်လိုက်သည်။ ထိုအခါမှ ...

"ဗွီ ... ငံလိုက်တာ ... "

"ဟင် ... ငံတယ် ... ဟုတ်လား ... မှန်းစမ်း"

မေနိုင်းခက လေဒီသျှိုင်းရဲ့ လိမ္မော်ခွက်ကို တစ်ငုံသောက် လိုက်ပြီး ရှုံ့မဲ့လိုက်သည်။ ပြီးမှ ...

"များသွားတယ် ထင်တယ် ... "

"အမ် ... "

"သြော် ... သကြားဆိုပြီးထည့်လိုက်တာ, ဆားတွေဖြစ်နေ တဲ့အပြင် များသွားရတယ်လို့ ဆောရီး ... လေဒီ ... အသစ်ဖျော် လိုက်ရမလား ... "

"နေ ... နေ ... မေနိုင်းတို့ မသောက်တော့ဘူး ... "

"သြော် ... အင်း ... အိမ်က အိမ်ဖော်က အဲလိုပဲ နမော်နမဲ့ နဲ့ ဖြုတ်ပြန်ရင်လည်း ဖြုတ်ဦးမယ် ... "

"ထားလိုက်ပါတော့ သူ့ အမှတ်တမဲ့ ဖြစ်သွားတာနေမှာ ပေါ့"

"ဟင်း ... အခွေကြည့်မလား ... "

"သီချင်းနားထောင်ရအောင် ... "

"ကြိုက်တာ ဒီမှာရွေးလေ ... "

မေနိုင်းခက CD Album ကို လေဒီသျှိုင်းကိုပေးလိုက်သည်။ လေဒီသျှိုင်း မေးနိုင်းခကို ကြည့်ကာ မသိမသာ မျက်စောင်းထိုး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မတော်လို့ ... မတော်လို့နှင့် ထိပ်ခေါက်နေတာ ... နှစ်ခါမကတော့ အခုလည်း တမင်လုပ်မှန်း သိသည်။ နေနှင့်ပါဦး လေဒီသျှိုင်းပါ ... ဒီလိုချည်းပဲတော့ ခံပြီး ပြန်မလာဘူး ... တွေ့မယ် ... ။

"မေနိုင်း ဖုန်းခဏလောက် တို့ဖုန်းကျန်ခဲ့လို့ ... "

"ဘယ်သူ့ဆီ ဆက်မလို့လဲ ... "

"အိမ်ကို ... "

"ဪ ... ရော့ ... "

မေနိုင်းခက စားပွဲပေါ်မှ ဖုန်းကိုယူကာ လိမ္မော်ရည်ခွက်ဘေးချပေးလိုက်သည်။ လေဒီသျှိုင်းက မသိဟန်ဆောင်ကာ အခွေ့ရွေးရင်း လိမ္မော်ရည်ခွက်ကို တိုက်ချလိုက်သဖြင့် မှောက်သွားသည်။

"အမေ့ ... ဟယ် ... ဖုန်း ... ဖုန်း"

"ဟင် ... ဘာဖြစ်တာလဲ လေဒီ"

"တို့ လိမ္မော်ရည်ခွက်ကို တိုက်မိသွားလို့ ဖုန်းစိုသွားပြီ ..."

"ဪ ... ရတယ်လေဒီ ... အဲဒါက ဖုန်းအခွံကြီးမို့လို့ ပြဿနာမရှိဘူး ... အခုမှ တို့ယူလာတာ ... "

"ဪ ... ဟုတ်လား ... အဟင်း ... တော်သေးတာပေါ့နော် ... "

"ရော့ ... အဲဒီဖုန်းက စုတ်နေလို့ တို့ဖုန်းနဲ့ပုံစံတူဆိုတော့ မှားသွားတယ် ... "





မေနိုင်းခပေးသော ဖုန်းကို လေဒီသျှိုင်းက ယူလိုက်သည်။ မေနိုင်းခကတော့ စိတ်ထဲမှ ကြိတ်ရယ်နေသည်။ ဒီလိုကြောလို့ ဘယ်ရမလဲ လေဒီသျှိုင်းရယ် ... မေနိုင်းခပါ ... ဟင်း ဟင်း ... မင်းအကြံကို ကြိုသိနေလို့ အကွက်ရွှေ့လိုက်တာ ...

မေနိုင်းခက လေဒီသျှိုင်းကို ရယ်ပြလိုက်သဖြင့် ရယ်ဟန်ကို ကြည့်ပြီး လေဒီသျှိုင်းစိတ်ထဲ နင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃)

မေနိုင်းခတစ်ယောက် လေဒီသျှူးမှာလိုက်သော စာအုပ်ကို ဝင်ဝယ်ရန် စာအုပ်ဆိုင်ထဲသို့ ဝင်လိုက်သည်။ တမင်တကာ ဝယ်ခိုင်းမှန်းသိသော်လည်း ဝတ္တရားအရတော့ ဝယ်ပေးရမှာတာဝန်ရှိသည် ... စာအုပ်စင်တွေကြား ပတ်ချာလည်ကြည့်နေရင်း ...

“အိုး ... တွေ့ပြီ”

မမီမကမ်းနှင့်စာအုပ်ကို လှမ်းယူသည်။ စာအုပ်ကပါမလာ။ ခနကာ လှမ်းယူသည် ... စာအုပ်ကမပါလာပြန်။ ထို့ကြောင့် ...

“ဟူး ... ဒီမှာ ... ဒီမှာ ...”

ဘေးမှ စာအုပ်ရွေးနေသော သုထက်ကို ခေါ်လိုက်သဖြင့် သုထက် ကြောင်အမ်းအမ်းနှင့် မေနိုင်းခနားရောက်သွားသည်။

“ဟိုစာအုပ်လေး ယူပေးပါလား ...”

သုထက်က လှမ်းယူကာ မေနိုင်းခကိုပေးလိုက်သည်။ မေနိုင်းခက သုထက်ကို အကဲခတ်ကာ အချဉ်တစ်ကောင်တွေ့ပြီဆို





သော အထာနှင့် ...

“ကျေးဇူးပဲ ... ဟိုဟာလေ ...”

“အင်းပြော ...”

“နာမည်ဘယ်လိုခေါ်လဲ ဟင် ...”

“အမ် ...”

“နာမည်လေ ...”

“ဘာလုပ်မလို့လဲ ...”

“ဒီလိုပဲ သိချင်လို့ပါ ...”

“မောင်ညီမှိုင်း ...”

“ရှင် ...”

“ဒီမှာလေ ...”

သုထက်က သူ့လက်ထဲမှစာအုပ်ကို မေနိုင်းခအားပြလိုက်သည်။ မေနိုင်းခရယ်ကာ ...

“အဟဟင်း ... စာအုပ်က စာရေးဆရာနာမည်ကိုပြောနေတာ မဟုတ်ဘူး ... You နာမည်ကိုမေးနေတာ ...”

“ဩော် ... သုထက်ပါ ...”

“တို့နာမည်က ... ဟန်နီ”

“ဩော် ... အင်း ...”

“ခွင့်ပြုဦးနော် သုထက် ... ခုနက ကူညီတာကျေးဇူး ...”

“ဟုတ်ကဲ့ ... ဟန်နီ”



www.burmeseclassic.com

www.burmeseclassic.com



မေနိုင်းခက သုထက်ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်သဖြင့် သုထက် ကျောချမ်းသွားသည်။ မေနိုင်းခက ကောင်မှာငွေသွားရှင်းကာ ပြန်ထွက်သွားသည်။

"ဩော် ... မိန်းမတွေများ တော်တော် ကြောက်စရာကောင်းပါလား ... "

"ဘုတ် ... "

စာအုပ်ကို စားပွဲပေါ်တင်လိုက်သဖြင့် ဆေးလိပ်ခွက်များ ယိုင်သွားသည်။ စစ်ရှားက ဟန်မပျက် ထိန်းရင်း ...

"ဖြည်းဖြည်း ... ဘာဖြစ်လာတာလဲ"

"စာအုပ်သွားဝယ်တာ ... "

"မရလာလို့လား ... "

"သွားမဝယ်မိရင်တောင် အကောင်းသား ... သွားဝယ်မိမှပဲ မိန်းမတွေကို ချဉ်တာ 1% တိုးလာတယ် ... "

"ဘာဖြစ်လို့လဲ ... ဆူဒိုနင်ရဲ့ စာအုပ်တွေ ဝယ်လာလို့လား"

"အာ ... ဘယ်ကသာ ... စာအုပ်ဆိုင်မှာ ဟန်နီဆိုတဲ့ ဆော်တမွှေ အီသွားလို့ ... "

"မင်းကို ... "

"အေး ... ငါ့ကို ... ငါ့ကို ... "

"ပြန်မအီလိုက်ဘူးလား ... "

"မကြိုက်ပါဘူးကွာ ... "





"ပုံမလာလို့လား ... "

ပေါက်ပေါက်က ဆေးလိပ်ကို မီးညှိပြီး ပြောလိုက်သဖြင့် ကေမိုဟန်က ...

"ရေမလျှံလို့နေမှာပေါ့ ... "

"ဟေ့ကောင်တွေ လျှောက်ပြောမနေနဲ့ ငါတို့ထက်တောင် ပါဝါမြင့်သေး ... "

"ဘာလဲ ... ကားက ရှယ်လန်းနေလို့လား"

"အေး ... "

"ဒါများကွာ မင်းကလည်း ဖန်လိုက်ရင်ပြီးပြီ ... "

"မလုပ်ချင်ပါဘူးကွာ ... "

"အေး ... မလုပ်နဲ့ ... ဟိုက လုပ်တာပဲ မင်းခံ ... သီရိတုန်းကလည်း မင်းကို ငှက်ပျောသီး အခွံနွှာတာမှ ခက်တယ်ပြောဦးမယ် ... "

"တော်ပါတော့ကွာ ... မိန်းမတွေများ ရုပ်ပြောင်းရုပ်လွှဲ တတ်တာလည်း မင်းတို့သိရဲ့သားနဲ့ ... "

သုထက်စကားကြောင့် စစ်ရှားတစ်ယောက် ဒေါ်ဖောင်းသွားသည်။

"ဟေ့ကောင် သုထက် ... ယောကျ်ားတွေလည်း အဲဒီပညာ တတ်ပါသေးတယ်ကွ ... မိန်းမတွေကို သနားလို့ သိလား ... "

"ငါကတော့ သူတို့တွေထက် စစ်ရှား ... မင်းကို ပိုသနား



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ငါ့ကို … ငါက ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်ရမှာလဲ … ဟော တစ်ယောက်ဖုန်းဆက်ရင် ကန်တော်ကြီးပြေးရတာနဲ့ … နောက်တစ်ယောက်က အင်လျားလာဆိုဖုတ်ဖက်ခါပြီး သွားရပြန်ရော … ငါ့စိတ်ထင်တော့ မင်းက သူတို့တွေထက် လှုပင်ပန်းနေသလိုပဲ … သူတို့ စိတ်ပင်ပန်းတာကနောက်မှ အရင်ဆုံး မင်းပန်းပြီးသေမယ် … သတိထား … "

"နာစမ်းပါကွာ … ဒါက ပညာလိုတယ် မင်းသိလား … "

ပေါက်ပေါက်က ခေါင်းကိုကုတ်လိုက်ပြီး …

"အဲဒါတော့ … ဟုတ်တယ် စစ်ရှား၊ ဒီကောင် သုထက်ပြောတာ မှန်တယ် … ငါတို့ဆိုကြည့် မိန်းမတွေကို ငါတို့အတွက် အလှပြနေတဲ့ ကော်ပတ်ရုပ်လိုပဲ သဘောထားတယ် … လှတာတွေ့ရင် ကြည့်မယ် … အချိန်တန် အိမ်ပြန်အိပ်မယ် ဒါပဲ … လွတ်လပ်တယ် … "

"မင်းတို့တွေက ရည်းစားထားရတဲ့ အရသာသိမှမသိဘဲ"

"အောင်မာ … မင်းတော့လေ လည်လွန်းတဲ့ဘီး ဟိုဒင်းနင်းမိမယ် သိလား … "

"မင်းကလည်းကွာ … ငါက မြေပေါ်မှာလည်တာမဟုတ်ဘူး … ကောင်းကင်ပေါ်မှာ လည်နေတဲ့ ဘီး … သိလား"

"အင်း … ဒီကောင့်ကို ဘယ်လိုတရားချချ ရမှာမဟုတ်ဘူး"





"ဟဲဟဲ … မင်းတို့တွေကလည်း မိန်းမ မယူမှာကျနေတာပဲ … မိန်းမတစ်ယောက်ကိုယူပြီး ကိုယ့်ရဲ့အောင်မြင်မှု ကိုယ်ခံစားကြည့်လိုက်စမ်းပါကွာ … "

စစ်ရှားစကားကို သုံးယောက်သား နားထောင်နေပြီးမှ ကေမိုဟန်က ကော်ဖီတစ်ငုံသောက်ကာ …

"ဒီမှာ စစ်ရှား … အိမ်ထောင်သည်ဘဝက ပိုပြီး သပွတ်အူလိုက်တယ်ကွ … မင်းပြောသလို အောင်မြင်တဲ့ ယောကျ်ားလို ခံစားဖို့ကလည်း အဲဒီမိန်းမ သုံးဖြုန်းနိုင်အောင် ရှာပေးမှ … မရှာနိုင်ရင် ဘယ်မိန်းမကမှ ကိုယ့်အနားကပ်မှာ မဟုတ်ဘူး … နောက်ပြီး … အောင်မြင်တဲ့ မိန်းမတွေကလည်း အောင်မြင်မှဲ့ ယောကျ်ားကိုပဲ ရွေးကြတာ … မင်း ရည်းစားပွေတာ နောက်ထားပြီး မင်းအဖေ အလုပ်မှာပဲ အောင်မြင်အောင်လုပ်စမ်းပါဦး … အောင်မြင်တဲ့ တစ်နေ့ကျရင် မင်းဘေးနားမှာ မှိုလိုပေါက်နေမှာ … "

"ဟော့ကောင် … Father ကြီးအလုပ်က ငါလုပ်စရာကိုမလိုတာ … "

"အေးလေ … လုပ်စရာမရှိတော့လည်း ရှိတာပဲလုပ်ပေါ့"

"ဘာလဲကွ … "

"ဩော် … အိပ်လိုက် စားလိုက်လုပ်တာကို ပြောတာပါ"

စစ်ရှားက ကေမိုဟန်ကို မျက်စောင်းထိုးကာ ပေါက်ပေါက်လက်ထဲမှ ဆေးလိပ်ကိုယူလိုက်သည်။ တစ်ခါတလေတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက်က အဲဒီမိန်းမကိစ္စနဲ့ပဲ ကွိုင်တက်တာများသည်။ အကြီးအကျယ် စကားများတာမဟုတ်ပေမယ့် အသေးအမွှားကအစ ကွိစိကွစ ဖြစ်ကြသည်။ မိန်းမကျမ်းကြေနေသူအလားစစ်ရှားကလည်း မာန်ကြွနေသည်။ မိန်းမများကို အလေးမထားသူအဖြစ် ရပ်တည်နေသူများက ကေမိုဟာန်နှင့်ပေါက်ပေါက်။ သုထက်ကတော့ မိန်းမကြော မနပ်သေးသည့် ကလေးသဖွယ် ပဲလှော်ပမာသူတို့အကြား ဆားအဖြစ် ညှပ်နေသည်။

ထိုအခိုက် စစ်ရှား ဖုန်းမြည်လာသဖြင့် သုထက်တို့ကို တစ်ချက်ရှိုးကာ ဖုန်းကိုင်လိုက်သည်။ ပေါက်ပေါက်နှင့်ကေမိုဟာန်က ထုံးစံအတိုင်း နှာခေါင်းရှုံ့လိုက်ကြသည်။

"ဟယ်လို ... အိုကေ သဲ ... ကိုယ် အခုလာခဲ့မယ် ... အင်း ... "

ဖုန်းကို ဘောင်းဘီအိတ်ထဲထည့်လိုက်ပြီး ဆေးလိပ်တစ်လိပ်ကိုယူကာ ...

"ကဲ ... သွားပြီကွာ ... နောက်မှတွေ့မယ်"

စစ်ရှား ထွက်သွားသည်နှင့် ပေါက်ပေါက်က သုထက်ကိုကြည့်ပြီး ...

"မင်းပြောတာတောင် နားထဲမဝင်သေးဘူး ... ဟိုကောင်တီကောင် ဆားတို့ခံရသလို ထွန့်ထွန့်လူးပြီး ထွက်သွားပြီ ... "

"ဟင်း ... "





"ဒီကောင်ကသာ အာရှိုးနေတာ ... သူ့ရည်းစားကလည်း နောက်တစ်ယောက်မထားဘူးလို့ ပြောနိုင်လား ... "

"အေးလေ ... ကြည့်နေပါ ... ကြည့်နေပါ ... ဒီတစ်ခါတော့ ငါ သူ့ရည်းစားဘက်က ပါလိုက်မယ် ... ဒီကောင် လှည့်စားခံနေရတာ မသိဘူးထင်တယ် ... "

ပေါက်ပေါက်က ရယ်ကြဲကြဲဖြင့် ကေမိုဟာန်ကိုပြောသည်။ သုထက်က ကော်ဖီခွက်ကို ယူလိုက်ပြီး ...

"မင်းကလည်း ... သူ့ရည်းစားက သူ့အတွက် minor လားမှ မသိဘဲ ... အဲဒါကြောင့် လွှတ်ထားတာနေမှာပေါ့ ... "

"မထင်နဲ့နော် ... အဲဒီကောင်က သဲဆိုတဲ့ဟာကို အသေကြွေနေတာ ... ငါတို့ရှေ့မှာမို့ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ အာရှိုးနေတာ ... "

"မင်းက သိလို့လား ... "

"မင်းကလည်း သူ့ရုပ်ကိုကြည့် ... သဲဆိုတာကြီး ဖုန်းလာတာနဲ့ ... ဖင်ကို မီးနဲ့တို့လိုက်သလိုပဲ မျက်လုံးက အရည်လဲ့သွားတာ"

"မင်း ... ခုနက သူပြောသွားတာ မကြားဘူးလား ... ရုပ်ပြောင်းရုပ်လွှဲ တတ်တယ်တဲ့ ... "

"အဲဒါက မိန်းမတွေကိုပြောတာလေ ... ငါတို့ရှေ့လာပြီး အခွက်ကို အဲလိုလုပ်ပြရအောင် သူ့ရည်းစားမှ မဟုတ်တာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သုထက် ... စစ်ရှား တကယ်ကြွေနေတာ"

"မင်းတို့ မြင်းဖူးလား ... အဲဒီ့ သဲဆိုတာကို ..."

"အဲဒီ တစ်ယောက်ကိုတော့ ဒီခွေးသားက မပြဘူးကွ ... မဟုတ်မှလွဲရော ငါတို့ပါးစပ်ကို လန့်လို့လားမှ မသိတာ ..."

"သူ အတည်များကြံနေတာလား ... မသိဘူး"

"မသိဘူးကွာ ... သူ့ကိစ္စ ... အဲဒါ သူ့ရင်ထဲက ခံစားချက်"

"အေးလေ ... ငါတို့နဲ့ ဆိုင်တာမှတ်လို့ ..."

"မဆိုင်ပေလို့ပဲနော် ငပေါက် ... မင်း အဘံချည်းပဲ"

"ဟဲ ... ဟဲ ဒါတော့ကွာ ပညာရှင်က အဆင့်အချင်းချင်း ပညာဖလှယ်တာပေါ့ ..."

"ဘာပညာလဲ ... စိတ်ဝေဒနာရှင် အချင်းချင်း ဖလှယ်တဲ့ ပညာလား ..."

"ဟေ့ကောင် ... သွား ... သွား ... မင်းလည်း ဒိုးတော့"

"ဟ ဟား ..."

မေနိုင်းခက ခြေထောက်ချိတ်ကာ နာရီကြည့်လိုက် ကော်ဖီသောက်လိုက်လုပ်နေသည်။ ခဏအကြာ စစ်ရှားရောက်လာသည်။

"ဆောရီး ... သဲ ... ကိုယ့်ကား ဝပ်ရှော့ရောက်နေလို့ Taxi





ငှားလာတာ ... နောက်ကျသွားတယ် ..."

"သြော် ... ဘာသောက်မလဲ 'ကို' မှာလေ ..."

"မသောက်တော့ဘူး 'ကို' အခုပဲ လက်ဖက်ရည်ဆိုင်က ထလာတာ ... သဲ ... ကိစ္စရှိလို့လား ..."

"မရှိပါဘူး ... ဒီတိုင်းပဲ စကားလေးဘာလေး ပြောရတာပေါ့ ..."

"သြော် ... အိမ်မှာနေရတာ ဆူစ်ထိလို့လား ..."

"ဟင့်အင်း ... သူငယ်ချင်းနဲ့ အဆင်မပြေလို့ ..."

"ဘယ်လိုဖြစ်လို့လဲ ..."

"အဲဒီ့မိန်းမက သူ့ကိုယ်သူ ဟုတ်လှပြီထင်နေတာ ... ဟင်း ဟင်း ... မေနိုင်းခကို ဒီလို ကြောလို့ ဘယ်ရမလဲ ..."

"ခု ... ဘာဖြစ်လာလို့လဲ ..."

"သြော် ... ဒီလိုပါပဲ ... သူ့ကို ဘယ်လောက်ထိ ယောကျ်ားတွေက Crazy ဖြစ်ကြောင်း သူက ဘယ်လို ယောကျ်ားတွေကို လှည့်ပတ်လို့ရကြောင်း အဲဒါတွေပဲ လာလာပြောပြနေလို့ ... သဲ Psycho ဝိတာပေါ့ ... ကို ရာ"

"သြော် ... သဲကလည်း အဲဒါတွေ **တွေးမနေစမ်းပါနဲ့** ... ဘာလုပ်မှာလဲ ... သဲပဲ **ခဏခဏပြောနေပြီးတော့** ... အဲဒီ တစ်ယောက်က သဲနဲ့ယှဉ်ရင် **ဗလာဆို** ... **စဉ်းစားမနေစမ်းပါ နဲ့** ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗလာတော့ ဗလာပဲ ဒါပေမဲ့ ... အဲဒီမိန်းမက သူ့အတွက် ခေါင်းထဲ ထည့်မစဉ်းစားရင် သဲကို ဗလာလုပ်သွားလိမ့်မယ်"

"ပြောစမ်း ... အဲဒီကောင်မလေးက ဘယ်သူလဲ ... ကိုယ် လက်စားချေပေးရမလား ... "

"ဘာ ... ကိုနော် ... ဘာလဲ နောက်တစ်ယောက်ထားမလို့ လား ... "

"အဲ ... ဟုတ်ဘူးလေ ... သဲ အတွက် သဲအတွက်မို့ ကိုယ် က ဝင်ပါပေးမှာ ... "

"မပြောနဲ့ ... နောက်တစ်ယောက်ထားတယ် ဆိုလို့ကတော့ လား ... "

"မထားပါဘူး သဲရာ ... ကိုယ်ကလေ သဲတစ်ယောက်ထဲကို ပဲချစ်တာ ... သဲလည်း ကိုယ့်ကွယ်ရာမှာနော် ... ဟင်း ဟင်း"

"ဘာ ဟင်း ဟင်းလဲ ... ကိုနော်"

"စတာပါ သဲရာ ... ကိုယ့်ကို ယုံနော် ... ကိုယ်လည်း သဲကို ယုံတယ် ... "

"ပြီးတာပဲ ... "

မေနိုင်းခက ကော်ဖီကိုမှုတ်ကာ သောက်လိုက်ပြီး ကား သော့ကို ပစ်ပေးလိုက်သည်။ စစ်ရှား ... ဖမ်းလိုက်ပြီးမှ ...

"ဘယ်လဲ ... သဲ"

"သွားမယ်လေ ... "





"ဘယ်ကိုလဲ ... "

"Ocean မှာ မိတ်ကပ်သွားကြည့်မလို့ ... "

မေနိုင်းခရှေ့မှ ထွက်သွားသဖြင့် စစ်ရှား သက်ပြင်းတစ်စုံကို မှုပုန္နေးနွေး ချလိုက်မိသည်။

သူနဲ့တွေ့သမျှ ကောင်မလေးတွေထဲတွင် မေနိုင်းခလောက် သူ့စိတ်ကို ဆွဲညှို့နိုင်တာ မတွေ့မိသေး ... ရုပ်သာရုပ်ရသည်။ မေ နိုင်းခ သိမှာလည်း ကြောက်ရသေး ... မထင်ရင် မထင်သလို လှည့် ဖျားသွားမှ ဟိုကောင်တွေရှေ့ အထုပ်ဖြေပြသလိုဖြစ်ပြီး ရှိသမျှ အရှက် ဟက်တက်ကွဲမည်။

"ဘာလုပ်နေတာလဲ ... လာလေ ... "

"လာပြီ ... သဲ ... "

တတောက်တောက်နှင့် ဆေးလိပ်ကို စားပွဲပေါ်ခေါက်နေ သော ကေမိုဟာန်ကို စစ်ရှားကြည့်နေသည်။ သုထက် အိမ်က လွတ် လွတ်လပ်လပ် ရှိသဖြင့် ဒီတစ်ခါ ဆုံမှတ်နေရာ ထားလိုက်သည်။ ပေါက်ပေါက်က ဆိုဖာခုံပေါ်ခြေဆင်းကာ လက်သည်းကိုအားပါး တရ ကိုက်ရင်း ခွေကြည့်နေသည်။ သုထက်က ကော်ဖီခရား ယူလာ ပြီး စားပွဲပေါ်တင်လိုက်သည်။ စစ်ရှားက ...



www.burmeseclassic.com

www.burmeseclassic.com



"သုထက် ..."

"ပြော ..."

"မင်း ... ဆော်တစ်ဖွဲ့ရရင် ဖန်မလား ..."

"ဘယ်သူလဲ ..."

"ငါ့ကောင်မလေးရဲ့ သူငယ်ချင်း ..."

"မိုက်လား ..."

"ငါလည်း မတွေ့ဖူးဘူး ... ဒါပေမယ့် လန်းတော့လန်းမှာကွ ငါ့ရည်းစားနဲ့ မတည့်ဘူး ..."

"ဖြစ်ပါ့မလား ... တော်ကြာ နောင်ကျိန်ခံနေရဦးမယ်"

"ရပါတယ်ကွ ... အဲဒီဆော်ကြောင့် ငါ့ကောင်မလေး Psycho ပိနေပြီ"

"ဒီလောက်ဆိုရင်တော့ သဘောပေါက်ပြီ ... အဲဒီဆော်က တော်တော်လေးကို အာရုံနှောက်မှုကိန်းရှိတယ် ..."

"အဲလို မဟုတ်ဘူးကွ ... သူ့ကိုယ်သူကွာ ဘယ်လိုပြောရမလဲ ... ငါတို့ဘဲတွေက သူ့ကို လုံးဝ handicap ဖြစ်တယ်ပေါ့ ... လုံးဝပဲ ဘဝင်မြင့်နေတာကွာ ..."

"အဲဒါဆိုရင် ဟိုကောင် ပေါက်ပေါက်ကို လိုက်ခိုင်းလေ သူဖိန့်တတ်တယ် ... သုထက်စကားကြောင့် ပေါက်ပေါက်က လှည့်ကြည့်ပြီး ..."

"No No ... အီစကိုတို့ရဲ့ လွတ်လပ်တဲ့ အချိန်တွေကို ဖွဲ့မပေး





နိုင်ဘူး ... ကော့ကို လိုက်ခိုင်း ..."

"ငါလည်း ... No ပဲနော် ... စိတ်မဝင်စားဘူး ..."

"မင်းတို့ကလည်းကွာ ... တစ်သက်လုံး မိန်းမ မယူမှာကျနေတာပဲ ..."

"ယူတာတော့ ယူမှာသားကြီး ... ဒါပေမဲ့ မလိုအပ်တာတွေနဲ့ ခေါင်းစားမခံချင်ဘူး ..."

"အေးလေ ... စစ်ရှားရာ ... ဆားနဲ့ပဲ စားပါရစေ ..."

"ပြီးတာပဲကွာ ..."

"ဘာလဲ ... မင်းက မင်းရဲ့လက်ရှိရည်းစားကို လုံးဝ heart ထိနေပြီလား ..."

"မဟုတ်ပါဘူးကွာ ... ငါနဲ့တွေ့တိုင်း အဲဒီဆော်အကြောင်း ချည်းပဲ ဒရွတ်တိုက်နေလို့ ကြာတော့ သိပ်ကြည့်မရတော့ဘူး ..."

"သူ့ဟာနဲ့သူရှိနေတာ ထားလိုက်ပါတော့ကွာ ... မတော်လို့ အဲဒီဆော်က ဆရာကြီးဆိုလို့ကတော့ ကြားထဲက ငါပဲ သက်သက် ကြွေကျဦးမယ် ..."

"မင်းကို ဘယ်သူက အတည်လိုက်ခိုင်းနေလို့လဲ ..."

"ပြောလို့မရဘူး ... အနဂ္ဂ သီချင်းထဲကလိုပေါ့ ... ချောတာတွေ့ရင် ကျွန်တော့်မျက်စိက မနေတတ် ..."

သုထက်က စစ်ရှားကို သီချင်းဆိုပြလိုက်သဖြင့် ကေမိုဟန်နှင့် ပေါက်ပေါက်တို့ ရယ်ကြသည်။ စစ်ရှားက ကော်ဖီကိုခွက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ငှဲ့လိုက်ပြီး ...

"ဟော့ကောင် ... သိပ်ပွားမနေနဲ့ ... သီရိတုန်းကလည်း ချောဖြင့် မချောပဲ မင်းမျက်စိက မှိုကပ်သွားတာလား ... အဲဒီတုန်းက ... "

"ဩော် ... ဒါကတော့ heart ထိတာကိုးကွ ... "

"ခု ခံလာရပြီ မဟုတ်လား ... "

"မင်းသဘောအတိုင်းပါပေါ့ကွာ ... "

"သောက်ပိန်း ... "

"ဟ ... ဟား ... "

"ရယ်မနေနဲ့ ဟိုကောင် ကေ ... မင်းပြီးရင် ငါ့ကို City Center လိုက်ပို့ပေး ... "

"ဘာလုပ်မလို့လဲ ... "

"သွား ... Dance မလို့ ... "

"မင်းလည်း အဲဒါနဲ့ပဲသေမယ်"

"သေပစေ ... အဲဒါလေးကိုပဲ ဆော်လေးတွေက နိုက်နေတာကွ သိရဲ့လား"

"မင်းကမှ သောက်ပိန်း ... "

စစ်ရှားက အကဝါသနာပါသည်။ အချိန်ရရင် Game City သွားပြီး dance ရင် dance မ dance ရင် အိမ်မှာ dance နေတဲ့ကောင် ဆော်တွေကြွေလည်း ကြွေချင်စရာပါ ... စတိုင်က အပြတ်မိတော့





heart ထိကြတာပေါ့လေ ...

ကေမိုဟန်ကို အတင်းဆွဲခေါ်လာသဖြင့် အထဲထိ လိုက်လာရတော့သည်။

"မင်းရော ကမလား ... "

"တစ်ပွဲလောက်တော့ လုပ်မယ်ကွာ ... "

"အိုကေ ... "

စစ်ရှားက ကေမိုဟန်ကို လက်တို့ပြလိုက်သဖြင့် ကေမိုဟန်က ဘေးကို လှည့်ကြည့်သည်။

"လန်းတယ်ဟ ... အဲဒီဆော်တစ်ခါမှ မမြင်ဖူးပါဘူး ... "

"ငါရောပဲ ... ဖြိုင်ကရအောင်လား ... "

"စိန်လိုက်လေ ... "

"ဟော့ ... ရွှတ် ... ရွှတ် ... "

စစ်ရှားက လှမ်းခေါ်သဖြင့် လေဒီသျှိုင်းတစ်ယောက် ခေါင်းလည်ကာ ကြည့်သည်။ စစ်ရှားက ထုံးစံအတိုင်း မျက်စိမှိတ်ပြလိုက်ပြီး ...

"မင်းကတာ အရမ်းလှတယ် ... "

"Thank ... "

"တို့နဲ့တူတူကမလား ... "

"No matter ... "

"အိုကေ ... ကေ မင်း ဟိုဘက်ကိုသွားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"အမ် ... "

"သွားပါကွာ ... လိမ်မာတယ် ... ကုသိုလ်ရတယ်"

ကေမိုဟာန်က အသံတိတ် ကြိတ်ဆဲလိုက်သည်။ စိတ်ထဲမှာတော့ လေဒီသျှိုင်းကို မြင်ဖူးမိသလို ရှိသည်ဟု တွေးနေသည်။ စစ်ရှားနဲ့ လေဒီသျှိုင်းတို့ အတူကကြပြီး လေဒီသျှိုင်းတစ်ယောက် ချွေးများပင် စီးကျလာသဖြင့် ...

"မင်း ... မောနေမှာပေါ့ နားရအောင် ... "

"အာ ... ရပါတယ် ... "

"လာပါ ... အအေးသွားသောက်ရအောင် ... ကိုယ်တိုက်ပါ့မယ် ... "

"အင်း ... "

"ကေ ... ခဏနေခဲ့ဦးနော် ... "

"အေး ... "

စစ်ရှားက လေဒီသျှိုင်းကို ရယ်ပြလိုက်ပြီး အအေးသွားသောက်ရန် ထွက်လာခဲ့သည်။

"ဘာသောက်မလဲ ... "

"ကော်ဖီ ... "

"ကော်ဖီ နှစ်ခွက်ပေးပါ ... "

"ဟုတ်ကဲ့ ... "

စစ်ရှားက လေဒီသျှိုင်းကို tissue လှမ်းပေးလိုက်သဖြင့်





လေဒီသျှိုင်းယူကာ မျက်နှာတဝိုက်ကို သုတ်လိုက်သည်။ စစ်ရှားက ပြုံးပြလိုက်ပြီး ...

" You က အမြဲ dance နေကျလား ... "

"အင်း ... ဟုတ်တယ်ပဲ ပြောရမှာပေါ့ ... မင်းရော"

"ဟုတ်တယ် ... လေဒီက အမြဲဒီမှာ ဆော့ဖြစ်နေကျ"

"နာမည်က ... "

"လေဒီသျှိုင်းပါ ... "

"ကိုယ့်နာမည်က စစ်ရှားလို့ခေါ်တယ် ... "

"ဩော် ... ဟုတ်ာ် ... You "က"တာလည်း လှတယ်သိလား"

"ဟ ... ဟ ... Thank ပါဗျာ ... Thank ... လေဒီက ဒီမှာ 'က'နေကျဆိုတော့ ကိုယ်လည်း နောက်ဆိုလာခဲ့မယ်လေ ... ဘယ်နေ့တွေလာဖြစ်လဲ ... "

"လေဒီက စနေ၊ တနင်္ဂနွေလာဖြစ်တယ် ... "

"အိုကေ ... ကိုယ် လာခဲ့မယ် ... ဒါပြီးရင် ပြန်မှာလား၊ ကိုယ်လိုက်ပို့ပေးရဦးမလား ... "

"ရတယ် ... တို့မှာ ကားပါလာတယ်"

"ဩော် ... ဘယ်မှာနေတာလဲ ... "

"ဒီနားတဝိုက်ပဲ ... You ရော ... "

"ကိုယ်က ဟိုနားတစ်ဝိုက်ပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



စစ်ရှားက ပြုံးကာပြောလိုက်သဖြင့် လေဒီသျှိုင်းရယ်လိုက်သည်။

"လေဒီက အရမ်းလှတယ်နော် ... "

"ဟိတ် ... You ဝယ်တိုက်ရမှာနော်"

"အဟ ... ကိုယ်က တကယ်ပြောတာပါ ... ကော်ဖီလည်း ကိုယ်ဝယ်တိုက်မှာပေါ့ ... ဩော် ... ဒါ ကိုယ့်ဖုန်းနံပါတ် လေဒီ့ဖုန်းနံပါတ်လည်း ပေးခဲ့လေ ... "

"အင်း ... ဒီမှာ"

"ဟုတ်ပြီ ... ကိုယ် အချိန်ရတာနဲ့ ဆက်လိုက်မယ် ... "

စစ်ရှားကတော့ ကပ်မိသည်နှင့်အကွက်ရွှေ့ရန်ကြံတော့သည်သာ ... ။

❦♥❦

အခန်း (၄)

"ဟော့ကောင် ... ပေါက် မင်း အဲဒီလောက်ထိ တံယူသန် မနေနဲ့ ... "

"ဟုတ်တယ်လေကွာ ... အကင်စားရင် ကင်ဆာဖြစ်တယ်တဲ့ ... မင်း သတင်းစာထဲမှာ မဖတ်မိဖူးလား ... "

"ကြော်မှာကွ ကြော်မှာ ... ယူ အဲဒီအကင်ထုပ် ... အရက်နဲ့မြည်းမှာပဲဟာ ... "

"အေးကွာ ... အေး"

ပေါက်ပေါက်နှင့်သုထက် City Mark ထဲတွင် ရန်ဖြစ်နေကြသည်။ ဒီည ... အိမ်မှာ ဝိုင်းဖွဲ့ပြီး စားသောက်ကြဖို့ကို ပစ္စည်းများ လာဝယ်နေကြသည်။

"ဟော့ ... You တို့ကို မှတ်မိလား"

"အမ် ... "

မေနိုင်းခက လှမ်းခေါ်သဖြင့် ရုတ်တရက် ကြောင်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပေါက်ပေါက်က သဲဘောကျသော မျက်နှာနှင့် ...

"ဘယ်သူလဲဟင် ... သူလေးက ..."

"တို့နာမည်က မေနိုင်းခပါ ... ဟိုတစ်ခါ စာအုပ်ဝယ်တုန်းက လေ ..."

မေနိုင်းခက မျက်စိတစ်ဖက် မှိတ်ပြလိုက်သဖြင့် သုထက် မှတ်မိသွားပုံရသည်။ မေနိုင်းခကို လက်ညှိုးကြီးထိုးကာ ...

"ဟန် ... ဟန်နီဆိုတာလား ..."

"အင်း ... အဲဒါ တို့ရဲ့အိမ်ခေါ်နာမည် ... တို့နာမည်အရင်းက မေနိုင်းခလို့ ခေါ်တယ် ..."

"ဩော် ... ဘာလာဝယ်တာလဲ"

"မုန့်လာဝယ်တာ ... You တို့ရော ..."

"နည်းနည်းပါးပါး စားသောက်ကြမလို့ ..."

"ဩော် ..."

"မိတ်ဆက်ပေးမယ် ... ဒါ ပေါက်ပေါက်တဲ့ ကိုယ့်သူငယ်ချင်းလေ ..."

"ဟုတ် ... မေနိုင်းကိုတွေ့ရင် ခေါ်နော်"

"စိတ်ချ ... ဟဲ ဟဲ"

"သွားလိုက်ဦးမယ်နော် ... ဩော် ... ဒီမှာ မေနိုင်းဖုန်းနံပါတ် ..."

"ဟုတ်ကဲ့ပါ ..."





မေနိုင်းခ ထွက်သွားသဖြင့် သုထက် ... ပေါက်ပေါက်ကို ကြည့်လိုက်သည်။ ပေါက်ပေါက်က မေးစေ့ကို လက်နှင့်ပွတ်နေပြီး ...

"တော်တော် မိုက်တယ်ကွာ ... ဟိုတစ်ခါ မင်းပြောတဲ့ဆော်လား ..."

"အေး ..."

"မျက်စိတစ်ဖက် မှိတ်ပြသွားတာ ချစ်စရာလေးကွာ ... အဟက် ဟက် ..."

"မင်းပဲချစ် ..."

"ဟေ့ကောင် ... ဆော်က မင်းကိုကြွေနေသလိုပဲနော် ... ပိုက်လိုက်စမ်းပါ ..."

"မပိုက်ဘူး ..."

"ဟေ့ကောင် ... မင်းက ကြောက်နေတာလားပြော ..."

"မကြောက်ပါဘူး ..."

"လောင်းမယ်ကွာ ..."

"ဘာကိုလဲ ..."

"အဲဒီဆော်ကို မင်းလိုက်နိုင်ရင် မင်းကြိုက်တာငါဝယ်ကျွေးမယ် ..."

"ဘယ်လိုဖြစ်နေတာလဲ ငပေါက် ... မင်း လိုက်ပါလား"

"ဟင်း ... ငါ့ကို မကြွေလို့ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သူများကို ကြွေတာမျိုး ဘေးကနေ သားရည်ကကျချင်သေး ... လောင်းမယ်ကွာ ... မင်းနဲ့ ငါနဲ့နှစ်ယောက်ထဲသိကြေး"

"အေးလေ ... မင်းက လောင်းတယ်ဆိုတော့လည်း လောင်းရမှာပေါ့ ... "

"အေး ... ငါ ဒီည အကွက်ရွှေ့မယ် ... ဒါပေမဲ့ မင်း ဟိုနှစ်ကောင်ကို မပြောနဲ့နော် ... နားညည်းတယ် ... "

"အေးပါ ... "

"ဟိုက ပြန်မကြိုက်ရင် မင်းသေဖို့သာပြင်ထား ... "

"ဟဲ ဟဲ ... "

"ဟဲ ဟဲ မလုပ်နဲ့ ... ဟိုမှာ ငါးမုန့်ယူ ... "

သူထက် ရှေ့မှထွက်သွားသဖြင့် ပေါက်ပေါက် ငါးမုန့်ထုပ်ကို ယူကာ နောက်မှလိုက်လာခဲ့သည်။

စားပွဲဝိုင်းတောင် မဆံ့အောင် သူထက် အမြည်းပန်းကန်များကို လုပ်ထားသဖြင့် စစ်ရှားတို့ တဟီးဟီးဖြစ်နေသည်။

"မိုက်တယ်ကွာ ... အခုနေ အနားမှာဆော်လေးတွေရှိရင် ပိုမိုက်မယ် ... "

"ဟော့ကောင် ... ဟော့ကောင် ... ဒါ ငါ့အိမ်နော် ... "





"သိပါတယ်ကွာ ... သဘောပြောတာပါ ... ငါ ဒီနေ့အလန်းလေးတစ်ဗွေတွေ့ခဲ့တယ် ... "

"မင်းတစ်ယောက်ထဲ မဟုတ်ဘူး ... ဒီကောင် သူထက်နဲ့လည်း တွေ့လာတယ်"

"ဟာ ... ဟုတ်လား ရှေ့လိုက်လေ ... "

"ရှေ့မှာပါ ... "

"အေး ... လုပ်ကွာ ငါလည်း အဲဒီအလန်းဇယားကိုပွေ့လိုက်မယ်"

"မင်းဆော်ကြီးကိုရော ... "

"မသိအောင်လုပ်မှာပေါ့ကွ ... "

"တတ်လည်းတတ်နိုင်တဲ့ကောင် ... "

"ခု ကောင်မလေးကလန်းတယ် ... မယုံရင် ကော့ကိုမေးကြည့် ... "

"ငါ အဲဒီကောင်မလေးကို တစ်နေရာမှာမြင်ဖူးသလိုပဲကွာ"

"အပိုစာသားတွေ ... သွား ... လာမပြောနဲ့"

"ဟော့ကောင် ... စစ်ရှား ... ငါ တကယ်ပြောနေတာကွ"

"မသိဘူး ... ငါကတော့ လိုက်မှာပဲ ... "

"လိုက်တာပဲ လိုက်ပေါ့ ... ငါတို့က ဘာလုပ်ရမှာလဲ"

"အေး ... မင်းတို့ အကွက်ရွှေ့မှာစိုးလို့ ... "

"ဟော့ကောင်ရေ ... စိတ်ကိုမဝင်စားတာနော် ... မြင်ဖူး



www.burmeseclassic.com

www.burmeseclassic.com



သလိုလိုရှိလို့ ခဏခေါင်းစားမိတာတော့ ချက်ချင်း ဝဲပလိုက်ပြီ"

"အေး ... ကောင်းတယ်"

"နေဦး ... နေကြဦးလေ ... "

"ဘာလဲ ... "

"Cheer ... "

ဖုန်းမြည်လာသဖြင့် သုထက် ဘောင်းဘီအိတ်ထဲမှ ထုတ်လိုက်သည်။

"ဟယ်လို ... အာ ... ဟောကောင်တွေ"

သုထက် စစ်ရှားကို ဒူးနှင့်တွန်းကာ နှိုးလိုက်သည်။ ကေမိုဟန် ...

"ဘာလဲကွာ ... "

"ဖုန်းလာနေတယ် ... ဘယ်သူ့ဖုန်းလဲ"

"မသိဘူး ... "

"ဘာ မသိဘူးလဲ ... နားငြီးတယ် မပြောချင်လည်း ပိတ်လိုက် ... "

"ရှုပ်တယ်ကွာ ... "

ကေမိုဟန်က အသံကြားရာနေရာသို့ မျက်လုံးမဖွင့်ဘဲ ဖုန်း





ကို လိုက်စမ်းသည်။ စစ်ရှားနှင့်သုထက်က ခုတင်ပေါ်မှာ အိပ်နေကြပြီး ပေါက်ပေါက်နဲ့ ကေမိုဟန်ကတော့ ခုတင်အောက်မှာပင် လှိမ့်နေကြသည်။

"မရှိဘူးအောက်မှာ ... ဟိုကောင် စစ်ရှား ဖုန်းလား မသိဘူး ... "

"ဟောကောင် ... ဟောကောင် စစ်ရှား ... "

"အင် ... ဘာလဲကွာ"

"မင်း ဖုန်းလာနေတယ် ... "

"ဟင်း ... "

စစ်ရှားက ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်ကာ မျက်စိမဖွင့်ဘဲ နားနားကပ်လိုက်ပြီး ...

"ဟယ်လို ... "

"ဟယ်လို ... You လား"

"ဘယ်လူ ... "

"စစ်ရှားလားလို့ ... "

"ဟုတ်တယ် ... ဘယ်သူလဲ"

"လေဒီပါ ... "

"ဩော် ... အင်း ... ပြောလေ ... "

"ဘာလုပ်နေလဲလို့ ... "

"အိပ်တုန်း ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား … နိုးရင် black sky ကိုလာခဲ့ပါလား"

"အင်း … အခု ဘယ်နှစ်နာရီလဲဟင်"

"အခု ဆယ်နာရီလေ … "

"အင်း … ဆယ့်နှစ်နာရီလာခဲ့မယ် … ဒါပဲနော်"

"ဟော့ကောင် … ဘယ်သူလဲ"

"ငါပြောတဲ့ ဇကောင်မလေး … "

"သောက်လုပ်ကို ရှုပ်ပွါ … "

သုထက်က စစ်ရှားကိုခွကာ ခေါင်းကိုဖိထားပြီး ပြောလိုက်သည်။ စစ်ရှားက အသံခပ်လေးလေးဖြင့် ပြန်ပြောသည်။

"အဲဒီကောင်မလေး ငါ့ကိုကြွေနေပြီကွ … "

"ဟဟ … ခွေးသား ဒါပဲချောင်းနေတယ် … သွားကွာ"

သုထက် စစ်ရှားကို ခုတင်ပေါ်မှ တွန်းချလိုက်သည်နှင့် ပေါက်ပေါက်ပေါ်သို့ စစ်ရှားတစ်ယောက် ပြုတ်ကျလေတော့သည်။

"အောင်မလေးဗျ … ကျိုးပါပြီ"

"အာ … ဆော … ဆောရီး ငပေါက် မင်းကထောင်နေတာကိုး … "

"လက်ကို ပြောနေတာကွ … "

"အေးလေ … မင်းက လက်ကြီးကိုထောင်ထားတာကိုးလို့"

ပေါက်ပေါက်တစ်ယောက် အသံပြဲနှင့်အော်ဆဲလိုက်သည်။ လေးယောက်သား ရေမိုးချိုးကာ သုထက် အမေပြင်ပေးခဲ့သော





အရက်စာကို စားနေရင်း ပေါက်ပေါက်က …

"ဟော့ကောင် ခုနက ဘယ်သူဆက်တာလဲ … "

"ငါ ညကပြောတဲ့ကောင်မလေး … "

"ဩော် … သနားလိုက်တာ"

"ဟော့ကောင် … ဘယ်သူ့ကိုပြောတာလဲ"

"ဟုတ်ပါဘူး … မင်းတို့နှစ်ယောက်လုံးကို သနားတာ၊ ဟို တစ်ယောက်လည်း အလှည့်ခံရဦးမယ် … မင်းကလည်း ရည်းစား တစ်ယောက်တိုးလာတော့ ပိုပင်ပန်းတော့မယ်လို့ … အဲဒါ တွေးမိလို့ … "

"ဘယ်သူ ငါနဲ့လိုက်မလဲ … "

"ဘယ်သူမှ မလိုက်ဘူး … "

"မလိုက်နေပေါ့ကွာ"

စစ်ရှားက စိတ်ဆိုးမာန်ဆိုးဖြင့် ငေါက်လိုက်ပြီး အင်္ကျီကို နမ်းကြည့်လိုက်သည်။ အရက်နံ့နံ့သဖြင့် နှာခေါင်းရှုံ့လိုက်ပြီး …

"သုထက် အင်္ကျီတစ်ထည်လောက်ကွာ … "

"ဗီရိုထဲမှာ သွားယူလေ … "

စစ်ရှားက အိမ်ပေါ်ထပ်တက်သွားကာ သုထက် အင်္ကျီတစ်ထည်ကိုဝတ်ပြီး ဆင်းလာသည်။ ကေမိုဟန်က စစ်ရှားကိုကြည့်ပြီး

"စစ်ရှား … အိုကေရင် ဖုန်းထိုးနော်"

"စိတ်ချ … ငါ့မှာ ဖုန်းဆက်စရာဆိုလို့ မင်းတို့ပဲရှိတာ …



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ"

စစ်ရှားက အင်္ကျီကို ပြန်အောင်ဆွဲချပြီး ကော်လံကိုမခေါက်ဘဲ ဖိုသီဖတ်သီစတိုင်နှင့် ကားပေါ်တက်လိုက်သည်။ Ladygaga အခွေကို ဖွင့်လိုက်ပြီး Black Sky သို့ မောင်းလာခဲ့သည်။

"ဟယ်လို ... မေနိုင်းလား"

"ပြော လေဒီ"

"လေဒီနဲ့ လိုက်မလား ... "

"ဘယ်လဲ လေဒီ ... "

" Black Sky ကို ... "

"Only One ပဲလား"

"အသွားတော့ မေနိုင်းမလိုက်ဘူးဆိုရင် Only One ပဲ"

"ဒါဆို အပြန်ကျော့ အပိုပါမယ်ပေါ့"

"အင်း ... ချိန်းထားလို့"

"ဘဲဘဲလား"

"ဟဟ ... မဘဲရသေးပါဘူး ... ဒီနေ့မှ ဘဲလိုက်မလို့"

"မိုက်လား ... "

"လုံးဝ လန်းတယ် မေနိုင်းရ ... "





"ဘယ်မှာတွေ့တာလဲ ... "

"City Center မှာ ... "

"မလိုက်တော့ပါဘူး ... တော်ကြာ နှောင့်ယှက်သလိုဖြစ်နေဦးမယ်"

"အဟ ... မင်းကို ပြချင်လို့ကွ ... လုံးဝ Smart ကျတယ်၊ ရုပ်ကကွာ ကလေးလိုပဲ ... မိန်းမနဲ့ပတ်သက်ရင် လုံးဝမထိတွေ့ဖူးသလိုလေး ... "

"ဟဟ ... တယ်မိုက်ပါလား ... ကြည့်လည်းလုပ်ဦး အဲဒါမျိုးက အယောင်ဆောင်တွေများတယ် ... "

"ဘာဖြစ်လဲကွာ ... တို့ တစ်ချက်တောက်လိုက်တာနဲ့ ... ပေါက်သွားမဲ့ဂိုက်လေးပါ ... ဖုန်းတစ်ချက်ဆက်တာနဲ့ ရောက်လာမှာ ... "

"ဆက်ပြီး ပြီလား ... "

"အင်းလေ ... အဲဒါကြောင့် မေနိုင်းကို ခေါ်နေတာပေါ့"

"လိုက်တော့ပါဘူးကွာ ... တို့လည်း ရွှေမလို့ ဖုန်းစောင့်နေတာကွ ... "

"ဘယ်သူလဲ ... "

"အဟင်း ... သေချာမှ မိတ်ဆက်ပေးမယ်"

"အိုကေ ... အိုကေ ... ဒါဆို မေနိုင်းအိမ်ကို မဝင်တော့ဘူးနော် ... "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အခု ဘယ်မှာလဲ လေဒီ"

"ခု ... ကားပေါ်မှာ"

"အင်း ... နောက်မှ ပြန်ဆက်လိုက်မယ်နော်"

"အိုကေ ... See you"

လေဒီသျှိုင်းက တစ်ချက်ပြုံးလိုက်ပြီး Black Sky ရှေ့နား တွင် ကားကိုထိုးရပ်လိုက်သည်။ ဆိုင်ထဲဝင်ပြီးမှ နာရီကိုလည်း ပြန်ကြည့်ရသေးသည်။ ဆယ့်နှစ်နာရီကွက်တိ ... ဆိုင်ထဲ ဝေ့ကြည့်လိုက်ပြီး ... စစ်ရှားကို တွေ့သဖြင့် ပြုံးလိုက်သည်။

"ဟိတ် ... ရောက်နေတာ ကြာပြီလား ... "

"ဟင့်အင်း ... အခုပဲ ရောက်တာ ... "

လေဒီသျှိုင်းက စစ်ရှားကို တစ်ချက်ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်ကာ ...

"အိပ်ရေးရော ဝရဲ့လား ... "

"ဗျာ ... "

"ဪ ... အိပ်ရေးရော ဝရဲ့လားလို့"

"အင်း ... ဝပါတယ် ... ဘာဖြစ်လို့လဲ"

"မျက်နှာကြီးကနီပြီး မျက်လုံးကြီးတွေမို့နေသလိုပဲ"

"အဟင်း ... ဟုတ်လား"

"နေဦး လေဒီမှာ snow towel ပါတယ် ရော့"

"Thank ... "





စစ်ရှားက လေဒီသျှိုင်းပေးသော Snowtowel ကိုယူလိုက်ပြီး မျက်နှာကို သုတ်လိုက်သည်။

"စစ်ရှားက အသက်ဘယ်လောက်လဲ ... "

"ကိုယ် (၂၂)ပါ ... "

"ဪ ... လေဒီနဲ့ အတူတူပဲ ... "

"ဟုတ်လား ... ဒါနဲ့ လေဒီကိုယ့်ကို ကိစ္စရှိလို့လား"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး ... စကားလေးဘာလေး ပြောချင်လို့ ... အချိန်မရလိုက်ဘူး ... "

"ရပါတယ် ... ကိုယ်လည်း လေဒီ့ဆီ ဖုန်းဆက်မလို့ပဲ"

"ဟုတ်လား ... တိုက်ဆိုင်နေတာပေါ့ အဟင်း"

"ဟုတ်တယ် ... ပြောစရာလေးရှိလို့"

"ဘာပြောမလို့လဲဟင် ... "

"နောက်မှပြောမယ်လေ ... အခု ဘာသောက်မလဲ"

"Black Coffee"

"ကိုယ်ဝယ်တိုက်မယ်နော် ... "

"အို ... နေပါစေ ဒီတစ်ခါတော့ လေဒီ တိုက်ပါရစေ"

"အာ ... မကောင်းဘူးထင်တယ်"

"ဘာလို့လဲ ... "

"ကော်ဖီလည်းတိုက်ရသေး ရည်းစားစကားလည်း ပြောခံရသေးဆို လေဒီ ကိုယ့်ကို စိတ်ဆိုးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ရှင် ... ”

“မထူးတော့ပါဘူး ... အခုပဲ ပြောလိုက်မယ် ... ကိုယ် လေဒီ့ကို ချစ်တယ် ... ”

လေဒီသျှိုင်းက အချစ်နှင့်မကြုံဘူးသေးသော မနူးမနပ်လေး စတိုင်နှင့် ရှက်ပြုံးပြုံးလိုက်သည်။ စစ်ရှားက လေဒီသျှိုင်းမျက်နှာကို မျက်တောင်မခတ်ကြည့်ပြီး အကဲခတ်နေသည်။

“ကိုယ့်ကို အဖြေပေးမှာလား လေဒီ ... ”

“မသိဘူးလေ ... ”

“မရှက်ပါနဲ့ကွာ ... ကိုယ်လည်း ပြောသာပြောရတယ် ... တစ်ခါမှ မပြောဖူးတော့ ရင်တောင်ခုန်တယ် ... သိလား လေဒီ”

စစ်ရှား စားပွဲပေါ်တင်ထားသော လေဒီသျှိုင်းလက်ကို လှမ်းကိုင်လိုက်သဖြင့် လေဒီသျှိုင်းက လက်ကိုရုန်းလိုက်သည်။

“အဲလို မလုပ်ပါနဲ့ ... လေဒီ မနေတတ်ဘူး ... ”

“ကိုယ့်ကိုချစ်တယ် မဟုတ်လား ... ”

“ပြောမိလို့လား ... ”

“မာကွာ ... ကိုယ့်ကို အရူးမလုပ်ပါနဲ့နော်”

“ ... ”





“ချစ်တယ်ဆို ခေါင်းညိတ်ပြ ... ”

“ဇက်ခိုင်နေတယ် ... ”

“လေဒီ ... ”

“ပြော”

“ကိုယ့်ကို မချစ်ဘူးလား”

“အဲဒီစကား မပြောမိသေးဘူး ထင်တယ်”

“ဟာဟာ ... ဒါဆို ချစ်တယ်လို့ပဲ မှတ်လိုက်မယ်နော်”

လေဒီသျှိုင်းက စစ်ရှားကို ညှို့အားပြင်းသောမျက်ဝန်းတစ်စုံဖြင့် ကြည့်ကာ ပြုံးလိုက်သည်။ အရိုးခံမျက်နှာပေး ... ကလေးတစ်ယောက်ရဲ့အထာနှင့် ကြည့်သော အကြည့်ထဲမျောဝင်သွားသူက စစ်ရှား ...

“ဟယ်လို”

“ဟုတ်ပါတယ် ... အခုပြောနေတာ ဘယ်သူလည်းမသိဘူး”

“သုထက်လေ ... ”

“သုထက်လား ... အဟ ... ဖုန်းမှ ဆက်ပါ့မလားလို့”

“ဆက်ရမှာပေါ့ ... ”

ပေါက်ပေါက်က ကေမိဟန်ကို ချောင်းကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သုထက်ခါးကို တို့ကာ "ပြော ... ပြော"ဟု လေသံတိုးဖြင့် ပြောလိုက်သည်။ သုထက်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး ...

"ကိုယ် ... မေနိုင်းကို သတိရနေတာ"

"အပေ ... ဟုတ်ရဲ့လား ခုပြောနေတာ သုထက်ပါနော်"

"ဟာဗျာ ... သုထက် အစစ်ပါဗျ"

"အပါး ... စတာပါ လူချင်းတွေ့တော့ဖြင့် ကျောက်ရုပ်လုပ်နေပြီးတော့များ ... "

"ကိုယ် ... ကြောက်လို့ပါ၊ ဘယ်လိုပြောရမလဲ ... ကိုယ့်မှာ အဲလိုအတွေ့အကြုံမျိုးက မရှိဖူးဘူးဆိုတော့လေ ... "

"ကိုက်စားမှာမို့လို့လား ... "

"ကိုက်တော့ မစားပေမဲ့ ... အပေင်း"

"ဘာရယ်တာလဲ ... "

"ရယ်တာ မဟုတ်ရပါဘူး ... ဟိုလေ"

"ကိုယ်တော့ ရူးနေပြီထင်တယ်"

"ဘာဖြစ်လို့လဲ"

"မေနိုင်းကို သတိရမိလို့"

"အိုး ... You ပြောမှပဲ တို့ကို သတိရတဲ့လူက အရူးကြီးဖြစ်နေပြီ"

"ဟာ ... အဲလိုပြောတာ မဟုတ်ပါဘူး မေနိုင်းရယ် ... ကိုယ်မင်းကိုချစ်နေမိပြီထင်တယ် ... "





"ဟပဟ ... ဟုတ်ရဲ့လား ... ခုတော့လည်း ပြောလိုက်တာချောလို့ ... ဘေးက မြှောက်ပေးနေတာတော့ မဟုတ်ပါဘူးနော်"

"ဟာ ... အဲဒါတော့ ကိုယ့်အချစ်ကို မေနိုင်းစော်ကားတာပဲ"

"ဆောရီးပါ ... မေနိုင်းက You ကို စောင့်ကြည့်ချင်သေးတယ်"

"ကိုယ့်မှာ ပြစ်ချက်တစ်ခုမှ မရှိဘူးနော် မေနိုင်း ... ကိုယ်ရည်းစားတစ်ယောက်ပဲ ... အား"

ပေါက်ပေါက်က ဆွဲဆိတ်လိုက်သဖြင့် သုထက် ထအော်လိုက်သည်။

"ဟင် ... ဘာဖြစ်တာလဲ သုထက်"

"အ ... ဩော် ... အပေင်း ပုရွက်ဆိတ်လာကိုက်နေလို့"

"ဩော် ... "

"ကိုယ့်ကို စဉ်းစားပေးပါနော်"

"အိုကေလေ ... မေနိုင်း ပြန်ဆက်သွယ်လိုက်မယ်နော်"

ဖုန်းချလိုက်သည်နှင့် သုထက် ပေါက်ပေါက်ကို **စပ်ဖြဲ**လုပ်ပြလိုက်သည်။ ပေါက်ပေါက်က ဆရာကြီးလေသံနှင့် —

"မင်းက အမှတ်မရှိသေးလို့လား ... "

"မေ့သွားလို့ပါကွာ ... "

"အကုန်လျှောက်ပြောနေတော့တာပဲ ... ခွီးမှပဲ ... မင်းအဲလို ပြောတာနဲ့ပဲ ဟိုက ကွင်းသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတည်ထားတာမှ မဟုတ်ဘဲကွာ ... ကဲ ငါ့အကြိုက်လေး တော့ ပြောလို့ရပါပြီနော်"

"ပြော ... ပြော ... မင်းရည်းစားရဖို့ ငါက ပိုက်ဆံထွက်ရ ဦးမယ်"

"ဟဲ ဟဲ ... မများပါဘူးကွာ ... လသာမှာ ဝက်သားတုတ်ထိုးလေးစားရုံပါပဲ"

"သြော် ... စားရုံပါပဲပေါ့ ... တုတ်ချောင်း ဘယ်နှစ်ချောင်း စားမလဲဆိုတာရော အတိအကျမပါဘူးလား"

"ဒါတော့ ဗိုက်ကို မေးရမယ် ... ဟဲ ဟဲ"

"အခွက်ကိုက ... "

ပေါက်ပေါက်က သုထက်နောက်ကို ခြေထောက်ဖြင့် ကန်လိုက်သည်။ သုထက်က ရည်းစားလည်းရ စားလည်းစားရမှာမို့ ဖြီးနေသည်။

ကေမိုဟန်က ဖုန်းကိုပိတ်လိုက်ပြီးမှ ပေါက်ပေါက်ကို လှမ်းခေါ်လိုက်သည်။

"ဘာလဲ ... "

"ဟိုခွေးသား အိုကေသွားပြီတဲ့ ... "

"ဟဟ ... ဒီခွေးသားလည်း အိုကေမှာစိုးပြေနေပြီလို့ပြော လိုက်စမ်းပါ ... "

ကေမိုဟန်က တစ်ချက်ပြုံးလိုက်ပြီး သုထက်ကို ကြည့်နေ





သည်။

"စစ်ရှား ... ကြားလား"

" ... "

"အေး ... ဒီကောင်တွေ အခုပဲ ဇယားရှေ့နေကြတာ"

" ... "

"သုထက်က တစ်ဝိုင်းပဲ"

ကေမိုဟန်က သုထက်ကို လှမ်းပြောလိုက်သဖြင့် သုထက်က လက်ခါပြသည်။

ကေမိုဟန်က ဖုန်းကို ဆိုဖာခုံပေါ်ပစ်တင်လိုက်ပြီး ညည်းသလိုလေသံဖြင့် ပြောသည်။

"သြော် ... ချစ်နိုင်ကြပါစေ ... ချစ်နိုင်ကြပါစေ"

"စစ်ရှား ... လုံးဝ လန်းနေတယ်ပေါ့"

"အေး ... ဆော်နဲ့အခု အင်းလျားမှာတဲ့ ဒီကောင်ပြန်လာရင် နားပူဦးမယ်"

"ဟုတ်ပါ့ ... သုထက်ရာ တစ်ယောက်နဲ့ Ok လာရင် တစ်ယောက်ကို ဘယ်လို Psycho ဖြစ်တယ် ... ဘယ်ဆော်က ဘယ်လိုသူ့ကို ဂျေဝင်တယ်နဲ့ ကြာရင် ငါတို့လည်း သူနဲ့ရောပြီး စိတ္တဇဖြစ်တော့မယ် ... "

"မဖြစ်ချင်ရင် တစ်ယောက်တစ်ကောင်စီ ထားလိုက်ပေါ့"

"နေပါတော့ကွာ ... ကေ့အမြီးကိုဆွဲဆိုဆွဲမယ် ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



တော့ မထားပါရစေနဲ့ ... "

"ဟော့ကောင် ... "

"အဲ ... မှားသွားလို့ ခွေးအမြီးကိုပြောတာ"

"အေး ... မှတ်ထား၊ ငါက မင်းတို့လို အရှုပ်တွေကြားထဲမှာတောင် ရှင်းအောင်နေ့တတ်တဲ့သူ ... နောက်မှ မင်းတို့ ငါ့ကို တစိမ့်စိမ့် ကြည်ညိုနေကြရမယ် ... "

အခန်း (၅)

"လုံးဝ ... အငြိမ်ပဲ မေနိုင်းရ ... "

"အဲလောက်ရိုးတဲ့လူ ဒီကမ္ဘာမှာ ရှိသေးလို့လား"

"မေနိုင်းကလည်း မင်းတွဲလာတဲ့ ရှုပ်တွေလို မဟုတ်ဘူးကွ"

လေဒီသျှိုင်းစကားကို မေနိုင်းခက မျက်စောင်းထိုးလိုက်ပြီး လေဒီသျှိုင်းလှမ်းပေးသော ကော်ဖီခွက်ကို ယူလိုက်သည်။ တစ်ငုံသောက်ကြည့်လိုက်ပြီး အရသာခံရသေးသည်။ ဟိုတစ်ခါက လီမွှော်ရည်အတွက် ပြန်ကလဲ့စားချေနေမှ ခံနေရဦးမယ် ... အင်း ... ဘာမှမဖြစ်ပါဘူး ... ကြည့်ရတာ အခုဘဲကို စီးမျောနေပုံပဲ ... လက်စားချေဖို့တောင် သူ့မှာ အချိန်မပေးနိုင်ရှာဘူး ... သနားဖို့ကောင်းသား။

"ဘယ်တွေ သွားကြလဲ ... "

"အင်လျားသွားတယ် ... သမ္မတမှာ ရုပ်ရှင်ကြည့်တယ်"

"ဘာတွေထူးလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ရှိးပါတယ်ဆိုမှ နမ်းတောင်မနမ်းတစ်ဘူးထင်ပါရဲ့ ... "

ဟင်း ... အနမ်းတော့ခံချင်တယ်ထင်ပါရဲ့ ... လေဒီသျှိုင်းစကားကို သက်ပြင်းချလိုက်ပြီး ...

"တို့ပြောတဲ့ Phone man လေ ... Propose လုပ်တယ်"

"reply ပြန်လိုက်ပြီလား ... "

"ဟင့်အင်း ... တို့ဈေးမပေါ်ဘူးဆိုတာတော့ သူ့ကိုပြရမှာပေါ့ ... "

မေနိုင်းခစကားကို လေဒီသျှိုင်းက နားထဲကနေ့လန့်ဝင်လာသည့်အလား နည်းနည်းတော့ တင်းသွားသည်။ ကိုယ်က ချက်ချင်းအဖြေပေးလိုက်တော့ မသိရင်ပဲ ကိုယ်က ဈေးပေါနေသလိုလိုနဲ့ စကားပြောတာ ဘယ်တော့မှ အနှောင့်အသွားကလည်း မလွှတ်သူကပဲ ဈေးကြီးနေသလိုလိုနဲ့ ... မပြောလိုက်ချင်ဘူး ... လေဒီသျှိုင်းက ကော်ဖီကို တငုံသောက်လိုက်ပြီး ...

"သူ့ကို လှည့်ရမှာတော့ သနားတယ်"

"ဒါဖြင့်လည်း အတည်ရိုက်လိုက်ပေါ့ ... "

"အဲလိုကြီးလည်း မလုပ်ချင်ဘူး ... သူ့ထက်သာတာတွေ တွေ့ရင်လည်း တွေ့ဦးမှာပဲဟာ ... မင်းရှေ့ Phone Man ကို အတည်လား ... "

"အတည်လို့တော့ မဟုတ်ဘူး ... ဒါပေမဲ့ လက်ရှိဧယားနဲ့





ဖြတ်ရင်တော့ Phone man ကိုပဲ Spare Part လုပ်ထားဦးမလားလို့"

"ကြည့်လည်း လုပ်ဦးနော် ... မင်းကိုယ်မင်း သံလိုက်တုံးကြီး ထင်မနေနဲ့ ... သူတို့က မင်းထက်ကြီးတဲ့ သံလိုက်တုံးကြီးဖြစ်နေလို့ ကပ်ပါသွားဦးမယ်"

လေဒီသျှိုင်းက မျက်စောင်းထိုးရင်း ပြောလိုက်သဖြင့် မေနိုင်းခက ဘာမှမဖြစ်သလို ပုံစံနှင့် ...

"သြော် ... သံလိုက်တုံးကြီးကြီးနဲ့ပဲ တွေ့ပါစေ ဆုတောင်းနေတာ ... ဒီက သူတို့ကပ်တော့လည်း ကိုယ်က ကပ်စရာမလိုတော့ဘူးပေါ့"

"ကောင်းပါတယ်လေ ... ကိုယ့် Style နဲ့ ကိုယ်ပဲပေါ့ မဟုတ်ဘူးလား"

"ဒါပေါ့ ... ဒါနဲ့ မင်း Mother ကြီးလည်း မတွေ့ပါလား"

"Father ကြီးနဲ့ တရုတ်ဘက်ပါသွားတယ်"

"မလိုက်သွားဘူးလား"

"လိုက်ရမှာ ပျင်းလို့"

"ကောင်းတာပေါ့ ... ကိုယ့်ဧယားကိုယ် ဥနေပေါ့ ... ပျင်းတယ်ကွာ ... Game City မှာ သွားdance ကြမလား ... "

"ကောင်းသားပဲ ... "

"ခဏနေဦး အင်္ကျီလဲလိုက်ဦးမယ်"

လေဒီသျှိုင်းနဲ့ မေနိုင်းခ Game City သို့ လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေဒီ ရေခဲမုန့်စားဦးမလား ..."

"မစားတော့ဘူး"

"ဒါဆို လေဒီအပေါ်မှာစောင့်နေ ... လာခဲ့မယ်"

"အိုကေ ..."

လေဒီသျှိုင်းက အပေါ်သို့တက်သွားပြီး အိမ်သာဝင်ရန် စဉ်းစားလိုက်သည်။ Dance မှာထက် ကိုယ်က နည်းနည်း Pretty ဖြစ်နေရမှာပေါ့ ... မိန်းကလေးအများစုက အိမ်သာဝင်တာ အကောင်းမဟုတ် မှန်ကြည့်ရန်ဖြစ်သည်။

"ဟေ့ ... လေဒီ"

အိမ်သာတံခါးဖွင့်နေတုန်း စစ်ရှားက လှမ်းခေါ်သဖြင့် မဝင်သေးဘဲ ပြုံးလိုက်သည်။

"စစ်ရှားလာ Dance တာလား"

"အင်း ... လေဒီရော ..."

"လာ ... Dance တာပေါ့ ..."

"ကိုယ့်ကို ဖုန်းတော့မဆက်ဘူး ..."

"သူငယ်ချင်းနဲ့လာတာ ... ရုတ်တရက်ဆိုတော့ ဖုန်းမဆက်ဖြစ်လိုက်ဘူး ... မိတ်ဆက်ပေးမယ် သူငယ်ချင်းနဲ့ ..."

"အင်း ... ကိုယ် အောက်ခဏဆင်းလိုက်ဦးမယ် ... အပေါ်မှာ စောင့်နေ ..."

"Ok ..."





စစ်ရှားက လေဒီသျှိုင်းနှင့်ပြောပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ရုတ်တရက် လက်ကိုဆွဲလိုက်သဖြင့် လှည့်ကြည့်ပြီး မျက်လုံးပြူးသွားသည်။

"မေ ... မေနိုင်း"

"ဘယ်လာတာလဲ ... ကို"

"ဪ ... အဲ ... အပြင်"

စစ်ရှားလက်က အပေါ်ထပ်ကို ညွှန်ပြီးမှ အပြင်ဘက်သို့ ဆက်သွားသည်။ မေနိုင်းခက မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဘယ်သူနဲ့ လာတာလဲ ..."

"တစ်ယောက်ထဲ ... သဲရော ... ဘာလာလုပ်တာလဲ"

"လာ ... Dance တာ ... လာလေ ... ကိုပါလိုက်ခဲ့"

"အမ် ... မဟုတ်ဘူး ... ကို မ က တတ်ဘူး ... သူငယ်ချင်းတစ်ယောက်ကို လာရှာတာ ..."

"တွေ့လား ..."

"မတွေ့ဘူး ..."

"မတွေ့လည်း လိုက်ခဲ့လေ ... ဘေးကကြည့်နေပေါ့"

"မဟုတ်ဘူး ... သူငယ်ချင်းက အခုပဲဖုန်းဆက်ပြီး ကော်ဖီဆိုင်မှာ ချိန်းလို့သွားရမှာ ..."

"အရေးကြီးလို့လား ..."

"အင်း ... ဖေဖေ့ ကိစ္စနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ညကျမှ ဖုန်းဆက်လိုက်မယ်"

"အိုကေ ... ကို သွားပြီ စောစောလည်းပြန်ဦးနော်"

"အင်း ..."

မေနိုင်းခ အပေါ်ထပ်တက်သွားမှ စစ်ရှား လေပူတစ်ချက်မှုတ်လိုက်ပြီး လေဒီသျှိုင်းဆီ Message လှမ်းပို့လိုက်သည်။

တော်ပါသေးရဲ့ ... ရှိတဲ့ဟာလေးတွေ ပြုတ်ကျတော့မလို့ စစ်ရှား ... စစ်ရှား မင်းတော်တော် ကံကောင်းတယ် ...

ကိုယ့်ကိုယ်ကို ဖြေသိမ့်လိုက်ပြီး ရင်တလှပ်လှပ်ခုန်လျက် ကားရှိရာသို့ ခပ်မြန်မြန်လာလိုက်သည်။

လေဒီသျှိုင်း အပေါ်ထပ်သို့ တက်လာပြီး မေနိုင်းခကို ရှာလိုက်သည်။

"ဒီမှာ လေဒီ ..."

"ဪ ..."

"ဘယ်သွားနေတာလဲ ..."

"Toilet ခဏဝင်နေတာ ... ခုနက တို့ပြောတဲ့ baby လေးနဲ့ တောင်တွေ့သေး ... အရေးကြီးကိစ္စရှိလို့ မလာတော့ဘူးဆိုပြီး Message ပို့လိုက်လို့ ..."

"ဟုတ်လား ... ဒီနေ့ မတွေ့ရလည်း နောက်နေ့ပေါ့ ... သူက ဘာလာလုပ်တာလဲ"

"လာ Dance တာလေ ..."





"အင်း ... ကောင်းတာပေါ့ ... ဟိုင်တီကတော့ သောက်ပိန်းဓdance တတ်ဘူးတဲ့ ..."

"အဲဒါလည်း ကောင်းတာပေါ့ Dance ရင်း ဘဲလေးတွေ Show လို့ရတာပေါ့ မဟုတ်ဘူးလား ... ဟဟ"

"ဟဟ ... အင်း ... ဟုတ်တယ် ... ဟုတ်တယ်"

လေဒီသျှိုင်းနှင့် မေနိုင်းခတို့နှစ်ယောက်သား ဒီတစ်ခုသာ တိုက်ဆိုင်၍ အချင်းချင်းကြည့်ကာ သဘောကျရယ်မောနေကြသည်။

Star House Tea Shop တွင် ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် ဖွာနေရာမှ စစ်ရှားက ...

"မနေ့ကကွာ ... ငါတော်တော်လေး ကံကောင်းသွားတယ်"

"ဘာဖြစ်လို့လဲ ..."

သုထက်က ပြာခွက်ထဲ ဆေးလိပ်ကို အငြိမ်းချေလိုက်ရင်း မေးသည်။

"ဘာဖြစ်ရမှာလဲ ဆော်နှစ်ပွေကြား တုံးပိတော့မလို့"

"ကောင်းတယ် ... အဲဒါနဲ့ ဘယ်လိုဖြစ်သွားလဲ"

"စစ်ရှားပါကွ ခေါင်းမကောင်းရင် ညည်စားနှစ်ယောက် ငြိမ်မထားဘူး ... ငါ လှည့်လာတာပေါ့ ... ဒီလို လုပ်လို့ရတာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ဟင်း ... "

"ဩော် ... သနားစရာလေးတွေပဲ"

"အေးလေ ... သဲဆိုတာကြီးလည်း နောက်ဆုံးကျ မင်းရေ ရောတာ ခံရတော့တာပဲ ... ပြောတော့ဖြင့် ကြွေချင်သလိုလို ဖူး နဲ့ ... "

"ဒီလိုပါပဲကွာ ... နောက်ပေါက်တဲ့ ရွှေကြာလေးကများ သာနေသလားလို့ ... အေးတယ်ကွ ... ငါလက်ကိုင်တာတောင် ရှက်ပြီး မျက်နှာလေးကိုရဲလို့ ... ဟ ဟ"

"အဖြူထည်လေးလား ... "

"အေး ... "

"သင်ပေးလိုက်တာ မဟုတ်ဘူး ... "

"မလုပ်ပါနဲ့ကွာ ... ဒီလို အဖြူထည်တွေက ဆေးဆိုးရလွယ် တယ် ... မလုပ်ချင်ဘူး ... ဠမ်းလေးလိုပဲ"

"နည်းနည်းတော့ ပိုလာသလိုပဲ ခွေးသားရ ... "

"တကယ်ကွ ... နှုတ်ခမ်းလေးတွေက နမ်းရက်စရာမရှိဘူး"

"နမ်းရက်စရာမရှိတာလား ... နမ်းဖို့နေရာမရှိတာလား"

"ဟေ့ကောင် ... အဖြူလေးပါဆိုမှ"

"ကြည့်လည်းလုပ်ဦးနော် ... ဒါမျိုးတွေက အတုအပတွေ များတယ် ... "

"No.. No.. Simple လေး ... "

"ကိုယ့်ဟာကိုယ် Simple ဖြစ်နေရင်လည်း ပြီးတာပါပဲကွာ"





"နောက် ကြုံမှပဲ မိတ်ဆက်ပေးတော့မယ်"

"တော်ပါတော့ကွာ ... မင်းကြုံမှကြီးကလည်း ရည်းစား သက်တမ်းက မင်းအသက်ထက်သာကျော်သွားမယ် ... ငါတို့မှာ တစ်ယောက်မှလည်း မမြင်လိုက်ရဘူး"

"ဟဟ ... အဲဒါလေးတွေနဲ့ မင်းတို့ကို ပေးမတွေ့ချင်လို့ပေါ့ ကွာ ... ဒါနဲ့ ဒီကောင် သုထက် အခြေအနေကရော ... "

"ဘွားတော်က reply ပြန်မယ်တဲ့"

"ဟဟ ... ဒါဆို မင်းစောင့်နေတာပေါ့ ... မင်းပြောတော့ ကောင်မလေးက မင်းကိုမြင်တာနဲ့ lovesick ဖြစ်နေတဲ့ ဒီဇိုင်းနဲ့ဆို"

"မသိဘူးလေ ... မိန်းမတွေက မူယာမာယာများတာ သိရဲ့ သားနဲ့ ... "

"အေး ... မင်းတို့နှစ်ယောက် ကြည့်လုပ်ကြနော် ... ကြော မညက်လို့ ပုလင်းဖက်နေရမယ် ... "

"ဟေ့ကောင် ... ငါပေါက် စစ်ရှားတို့ဘဝမှာ မိန်းမတစ် ယောက်အတွက်နဲ့ အရက်သောက်ရတယ်ဆိုတာ ထုံးစံမရှိဘူး"

"အေးပါ ... အေးပါ ... သားကြီး ... အစားတော့ကုန်အောင် စားနော် ... စကားတွေ့ ကုန်အောင်မပြောနဲ့"

"နောက်လည်း ဖြစ်စရာအကြောင်းကို မရှိတာ ငပေါက်"

"အေးလေ ... မင်းတို့ဓာတ်ထုပ် မင်းတို့နိုင်ရင်လည်း ကကြ ပေါ့ကွာ ... "

"ခွေးကောင်နှစ်ကောင် အဲလိုစကားမျိုးပြောချင်လို့ ရည်း



www.burmeseclassic.com

www.burmeseclassic.com



စားမထားတာ မဟုတ်လား"

"သိပ်ဟုတ် ... ကိုယ်ကိုယ်တိုင်က မိန်းမအထင်မကြီးသူမို့ ဘယ်မိန်းမကိုမှ အရောမဝင်အောင်နေတာ ... ပေါက်တယ်နော်"

"မဟုတ်ဘူး ... မင်းတို့နှစ်ယောက်ကလေ မိန်းမတွေဆိုတာ ယောကျ်ားတွေအတွက် အားဆေးတစ်ခွက်ပဲကွ ... "

"ဟေ့ကောင် စစ်ရှား ... ငါတို့အားပြတ်နေရင် အားဆေးပဲ ဝယ်သောက်လိုက်မယ် ... ရည်းစားတော့ ခေါင်းခြောက်ခံပြီးမထားဘူး ... တော်ကြာမင်းတို့ ဝါးနှစ်လုံးကြား ခေါင်းညပ်မလိုဖြစ်နေဦးမယ် ... "

"ဟေ့ကောင် ... ငပေါက် အဲဒါခေါင်းလိုတယ်ကွ ... လှည့်တတ်ရင် လွယ်လွယ်လေး ... "

"ကဲ ... ကဲ တော်ပါတော့ကွာ ... မင်းတို့ကလည်း ငပေါက်လည်း တော်တော့ ... စစ်ရှား မင်းလည်းတော်တော့ ... အားလုံးကိုယ့်အယူအဆနဲ့ ကိုယ်ပဲ Ok ... "

စစ်ရှားက ပေါက်ပေါက်ကို မျက်စောင်းထိုးလိုက်သည်။ ပေါက်ပေါက်ကလည်း စစ်ရှားကြည့်ကာ နှာခေါင်းရှုံ့လိုက်သဖြင့် သုထက်နှင့်ကေမိုဟန်တို့ ခေါင်းသာကုတ်လိုက်ကြတော့သည်။

အခန်း (၆)

"ဒေါက် ... ဒေါက် ... ဒေါက် ... သုထက်"

"ဗျာ ... မာမီလား"

"သား ... အိပ်တုန်းလား"

"နိုးနေပြီ ... မာမီ၊ တံခါးဖွင့်ထားတယ်"

"မာမီ ... အလုပ်သွားတော့မယ် ... မနက်စာကြည့်ကျက်စားလိုက်နော် ... သား မာမီအချိန်မရတော့လို့"

"ဟုတ် ... ရတယ် မာမီ"

"ပိုက်ဆံ ထမင်းစားခန်းမှာ ထားခဲ့တယ် ... မေ့နေမှာစိုးလို့"

"ဟုတ် ... "

သုထက် အိပ်ရာပေါ်ပြန်လဲကာ လိမ့်နေလိုက်သည်။ ဗိုက်ဆာလာသဖြင့် စားပွဲပေါ်စမ်းကာ ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... "

"ဟော့ကောင် ... သေတုန်းပဲလား"

"မင်းအဖေနိုးနေပြီကွ ... ပြော ... ကေ"

"Royal View ကိုလာခဲ့ ငါတို့ရှိတယ်"

"ကောင်းနေကြတာလားဟင် ... စောစောစီးစီး"

"ဟော့ကောင် ... မင်းလို မဟုတ်ဘူးကွ ... ကော်ဖီသောက်နေကြတာ ... "

"လာရမှာ ပျင်းတယ်ကွာ ... ဝါး ... "

"ဟော့ကောင် ... ဟော့ကောင် ... လာသန်းပြမနေနဲ့ ... မင်းမလာရင် မင်းငတ်မှာ ဒီမှာ စစ်ရှား Sponsor လုပ်နေတာနော်"

"ဒီကောင်က ထူးဆန်းနေပါလား ... ဘာ case နဲ့လဲ"

"မသိဘူး ... လူစုံမှ ပေါက်ပေါက်ဖောက်မယ်ဆိုလို့ ... "

"ဩော် ... အဲဒါသိချင်လို့ ငါ့ကို ဖုန်းဆက်ခေါ်တာပေါ့ ဟုတ်လား ... "

"မဟုတ်ပါဘူး ... ခွေးသားလေးရယ် ... မင်းငတ်သွားမှာစိုးလို့ ... "

"အေးပါ ... မှာထားလိုက် ... ဆယ့်ငါးမိနစ်ပဲစောင့်"

"အိုကေ ... "

သူထက် ဖုန်းချလိုက်ပြီး ရေအရင်ချိုးလိုက်သည်။ ထမင်းစားပွဲပေါ်မှ ပိုက်ဆံကိုယူကာ ပိုက်ဆံအိတ်ထဲထည့်လိုက်ပြီး အင်္ကျီ





လဲသည်။ မှန်ရှေ့ရပ်ကာ ရေမွှေးဆွတ် Gel လိမ်းကာ Royal View သို့ လာခဲ့သည်။ ကားကို ဆိုင်ဘေးတွင်ရပ်လိုက်ပြီး ဆိုင်ထဲကို ကြည့်လိုက်သည်။ ဆံပင်စုတ်ဖွားနှင့် ပေါက်ပေါက်ကို နောက်ကျောမှ မြင်ရသော်လည်း သိနေသဖြင့် အင်္ကျီကို တစ်ချက်ဆွဲဆန့်ကာ ဆိုင်ထဲဝင်လာလိုက်သည်။

"အဟမ်း ... ဘာမှာထားလဲ ဗိုက်ဆာနေပြီ"

"ရော့ ... ဒီမှာ ရေမှာထားတယ်"

ကေမိုဟန်က သူထက်ရှေ့ ရေတစ်ခွက်တွန်းပို့လိုက်ရင်း ပြောသည်။

"ဟာ ... ဒါတော့ မင်းတို့ ညစ်ပတ်တာပဲ"

"စတာပါကွာ ... ကော်ဖီနဲ့ Sandwich မှာထားတယ်"

"အဲ့လိုလုပ်ပါ ... "

"ကွက်တိပဲတွေ့လား ... ဒီကောင် ဆယ့်ငါးမိနစ်ဆိုပြီး မိနစ်နှစ်ဆယ်မှရောက်မယ်မှန်းသိလို့ ခုနကမှ မှာလိုက်တာ ... "

"ဟော့ကောင် မင်းပထွေးက ရေချိုးရသေးတယ်ကွ ... မင်းတို့လို ညထဲက ဖုတ်သိုက်ခေါင်းစုတ်ဖွားနဲ့ ထလာတာမဟုတ်ဘူး"

သူထက်စကားကို ပေါက်ပေါက်က ဒူးထောင်ထိုင်နေရာမှ ဒူးချကာ ...

"ဟော့ကောင် ယောက်ဖ ... ငါ့ဆံပင်က တမင်တကာ ဖွာထားတာနော် ... အစဆွဲမထုတ်နဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မပြောပါဘူး ခွေးသားရယ် ... စစ်ရှားကိုပြောနေတာ"

စစ်ရှားက သူ့ခေါင်းကဆံပင်ကို ပြန်ကိုင်ရင်း ဖွလိုက်သည်။

"Get ကုန်နေလို့ပါကွာ ... "

"ကုန်ရင်ဝယ်ပေါ့ ... ဘောစိရဲ့"

"အဲဒါထက် အရေးကြီးတာဝယ်ရမယ်"

"ဘာလဲ ... 925 ကြီး ဆွဲမလို့လား"

"မဟုတ်ပါဘူး ... ငါ့ရည်းစား မနေ့က လက်စွပ်ဆင်တူ ဝတ်ချင်တယ်ပူဆာလို့ကွာ ... "

"ဟော့ကောင်တွေ သူပြောမယ်ဆိုတာ အဲဒီစကားလား"

"သိဘူးလေ ... ဟုတ်လား စစ်ရှား"

"အေး ... "

"အာ ... အဲဒါများကွာ ဝယ်ပေးလိုက်ပေါ့ ... ခေါင်းစားခံနေသေးတယ်"

"ဝယ်တာက ဝယ်လို့ရတယ် ... ဒါပေမယ့်"

"ဘာလဲ ... အခု ဘယ်ရည်းစားက ပူဆာတာလဲ ... သဲလားရွှေကြာပင်လား ... "

"ငါ့ သဲ ... "

"ဝယ်ပေးလိုက်ပေါ့ ... "

"ငါဝတ်ထားတာကို ဟိုတစ်ယောက်တွေ့သွားမှာစိုးလို့"





"စစ်ရှား ဒီတစ်ခါတော့ မင်းညှို့သွားပြီ ... မင်းသဲနဲ့တွေ့မယ့်အချိန်ပဲ ဝတ်သွားပေါ့ကွ ... "

"အာ ... အေး ဟုတ်သား ... မေ့သွားတယ်"

"အကုန်လုံး မေ့လိုက်တာ မဟုတ်ဘူး ... "

ထိုအချိန်တွင်မှာထားသည့် စားစရာများရောက်လာသည်။

"ဟဲ ဟဲ ... မြိုလိုက်ပါဦး သားကြီးရ ... "

"အင် ... "

"စတာပါ ... ဆို့ ... ဆို့"

သူထက်က Sandwich ကို တစ်ကိုက်ကိုက်လိုက်ပြီး ...

"ဒီနေ့ အိမ်မှာ Free ပဲ ... မာမီအလုပ်သွားတယ် ... "

"ဟော့ကောင်ရယ် ... လက်ကြီးနဲ့မစားစမ်းပါနဲ့ ... ဒီမှာ ခရင်းရှိတယ် ... ရော့ ... "

"ဟော့ကောင် ဘိုလာဆန်မနေနဲ့ ... အဲဒါနဲ့စားရတာ အားမရဘူး"

"စားတတ်သလိုစားပါစေကွာ ... သူထက်က မနေ့ကမှ တောကတက်လာတာဆိုတော့ ... "

"အေး ... နယ်မှာ မင်းနှမကျန်ခဲ့တာ ဒီလကုန်ပြန်သွားရမယ်"

"ဟာ ... "

ကေမိုဟန်မှာ ညီအစ်ကိုမောင်နှမအရင်း မရှိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကွဲနှမတွေမှ အောတိုက် တောင်ပုံယာပုံအလားရှိသည်။

"ငါ့နှမတော့ အလွတ်ပေးပါသားကြီးရယ်"

"ဘာလဲ ... သားမဖောက်ရသေးလို့လား"

"ခွေးသား ... "

"ဟဟ ... "

သုထက်က ရယ်ကြဲကြဲဖြင့် ကော်ဖီသောက်လိုက်သည်။ ပြီးမှ ဆိုင်နံရံကိုကြည့်ကာ ...

"ဟ ... ပုံတွေကလန်းလှချည်လား ... ဒါကြောင့် မင်းတို့ ဆိုင်ပြောင်းသွားတာကိုး ... "

ဆိုင်နံရံတွင် ချိတ်ထားသော နိုင်ငံခြားမင်းသမီးပုံများကို စစ်ရှားက သဘောကျစွာ ကြည့်ရင်း ...

"ငါ့ကောင်မလေးကိုသာ အဲလိုဝတ်ပေးလိုက်လို့ကတော့ ကွာ ... "

"မင်းအတွက်တောင် ကျန်မှာ မဟုတ်တော့ဘူး စစ်ရှား"

"ဟာ ... "

"ဟုတ်တယ်လေ ... Akon သီချင်းထဲကလို ဆော်လေးတွေက G-String လေးတွေနဲ့ ဒါသူတို့နိုင်ငံရဲ့ ယဉ်ကျေးမှုတစ်ခုပဲကွ"

"တို့မြန်မာနိုင်ငံက မိန်းကလေးတွေ အတုမှားနီးမှာစိုးရတယ် ... အကောင်းဆုံးက ထမီလေးနဲ့ ယဉ်ယဉ်ကျေးကျေးလေးဆို ဘယ်လောက်လှလဲ ... "





"သောက်ကျိုးနည်း ... ဒီပုံတွေပဲ ဖြုတ်ပြီးပြန်သိမ်းရမဲ့ကိန်းဆိုက်နေပြီ ... "

"အဲလောက် မရိုင်းပါဘူးကွာ ... လှပါတယ်"

"မင်းကလည်း အားလုံးကိုလှနေတော့တာပဲ"

"သြော် ... အရိုကို အရှိအတိုင်းပြောတာပဲ ... ဒါနဲ့ မင်းနောက်ထားတဲ့ရည်းစားနဲ့ ပထမရည်းစားနဲ့ ဘာတွေကွာလဲ"

"သိပ်တော့ မကွာသလိုပဲ ... ဝတ်တာစားတာလည်း နည်းနည်းဆင်တယ် ... သုထက် မင်းကောင်မလေးရော"

"လန်းပါတယ် ... "

"ဒီကောင့်ကောင်မလေး မဟုတ်သေးပါဘူးကွာ"

စစ်ရှားစကားကို ပေါက်ပေါက်က ဒူးနန့်ရင်းပြောလိုက်သည်။ သုထက်က ဆေးလိပ်တစ်လိပ်ယူလိုက်ပြီး ...

"မကြာခင် ဖြစ်တော့မှာပါကွာ ... "

"အဲဒီကောင်မလေးက ဘယ်မှာနေတာလဲ ... အသက်ကရော ငါတို့နဲ့ရွယ်တူပဲလား ... "

"တစ်ခုမှ မသိဘူး ... "

"ဟ ... မမေးဘူးလား"

"မမေးပါဘူး ... တော်ကြာ ငါ့ကို inspector လို့ထင်နေဦးမယ် ... "

"ဒါလောက်ကတော့ သိသင့်တယ်လို့ ထင်တယ်သားကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မှာလဲကွာ … ပြုတ်စားလို့လည်းမရ … ဖုတ်စား လို့လည်း မရ … "

"မင်းလည်း လူတစ်မျိုးပဲနော် သုထက် … မဟုတ်ကဟုတ် ကကျရင်တော့ မေးတတ်တယ် … ဒါလေးမေးတာပဲ အသက်ထွက် သွားမှာမို့လို့လား … "

"ဟော့ကောင် … ကေ အချစ်မှာ အသက်မလိုဘူး နေရပ် လိပ်စာလည်း အဓိကမကျဘူး … "

"ဒါဖြင့် ဘာလိုလဲ … "

"ယုံကြည်မှုပဲလိုတယ် … ကိုယ် ခိုက်ရင် ယုံနေဖို့ပဲ"

"ဒါဖြင့် မင်းက သူ့ကိုခိုက်နေတာပေါ့ … "

"သဘောပြောတာပါ … ကြွေနေတဲ့ကောင်မလေးဆိုရင် တောင် အဲဒါတွေ မလိုအပ်တာ … ခုဟာက အနေသာကြီး … သူ့ အသက်နဲ့သူ့လိပ်စာသိတော့ရော ငါက ဘာလုပ်ရမှာလဲ စစ်ရှား … စစ်ရှား … မင်းကိုတော့ သနားတယ် … သိလား … လိပ်စာလေး မေး postcard လေးပို့ရတာနဲ့ အပြန်လိုက်ပို့ရတာနဲ့ … ဘာလုပ်မှာ လဲ အရည်မရ အဖတ်မရ ကားတောင် ဆီကုန်သေး … "

"အေး … အဲဒါကြောင့်မို့ မင်းကို သီရိက ခေါက်ထားခဲ့တာ အဲလိုကုတ်ကပ်နေလို့ သိလား … "

"ဟ … ရည်းစားထားတာပဲ … ရေက ကျရှုံးမှာလား … ဒီမှာဟော့ကောင် ရည်းစားထားလို့ ယောက်ျားလေးဘက်က ရေကျ





ဘာ ဟိုဘက်ခေတ်မှာကျန်ခဲ့ပြီ … သူတို့ကြိုက်ရင် သူတို့စိုက်ပဲ အပိုဘာမှ မကွန့်နိုင်ဘူး … "

"ဒါဖြင့် ဒီခေတ်ကြီးက ဘာလဲ … "

"သိဘူးလေ … စိတ်ရှိတိုင်း လုပ်လို့ရတဲ့ခေတ်ပဲလေ … သွားချင်တဲ့နေရာသွားတယ် … လာချင်တဲ့ နေရာလာတယ် … "

"မင်း … အဲလိုတော့ မပြောသင့်ဘူး … ဒီကောင် ကော့နမ တွေကိုပဲ ကြည့် … "

"လာပြန်ပြီနောက်တစ်ကောင် … "

ပေါက်ပေါက်က ကေမိုဟန့် ပခုံးကိုပုတ်ကာပြောလိုက်သ ဖြင့် ကေမိုဟန်တစ်ယောက် ရှုံ့မဲ့သွားသည်။

"ဩော် … အကောင်းပြောမလို့ပါကွာ … သူ့ညီမ ဖင်ဖင်ပဲ ကြည့် အပြင်လည်းမထွက်ရ … ဘယ်မှလည်း မသွားရနဲ့ … စိတ်ရှိ တိုင်းကို မလုပ်ရဘူး … "

"အဲဒါဘာဖြစ်လဲ … မင်းသနားရင် နှစ်ပါးသွားလိုက်ပါလား"

ပေါက်ပေါက်က ကေမိုဟန်ကိုကြည့်လိုက်ပြီး စပ်ဖြီးဖြီးလုပ် ပြသဖြင့် …

"နေ … နေ … ငပေါက်နဲ့ ပေးစားမဲ့အစား မျောက်ပဲအဖြီး ဖြတ်ပေးစားတော့မယ်"

"ဟာ … ယောက်ဖ … ဒါတော့ မင်း မတရားဘူး … ငါ့ ဘာ မျောက်လောက်တောင် အဆင့်မရှိဘူးလို့ ပြောတာနဲ့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



ပဲ"

"မဟုတ်ပါဘူး ... မင်းက မျောက်ထက်ပိုဆိုးနေလို့ပေါ့ ... ရှင်းပြီလား"

ကေမိုဟန်စကားကြောင့် သုထက်တို့ရယ်ကြသည်။ တစ်ခါတလေတော့လည်း မိန်းမများ မရှိသည့်ဘဝကပို၍ ပျော်စရာကောင်းလေမလားဟု တွေးကြည့်သည်။ အရှိတိုင်းတော့ ပျော်စရာမကောင်းပါ ... မိန်းမဆိုတာ ယောကျ်ားတစ်ယောက်ကို ၁၀၀% ပျော်အောင် မလုပ်ပေးနိုင်တောင်မှ ရာနှုန်းပြည့်နီးနီး ဖြည့်စွမ်းပေးနိုင်ကြတာပဲ ... တစ်ခါတလေတော့လည်း မိန်းမတွေချည်းရှိတဲ့ တိုင်းပြည်ကိုရောက်သွားသလို ပျော်စရာတွေပြည့်နေတာ ... အများသိကြတဲ့ KTV တို့ Massage Palour တို့ဆိုရင် ပေါက်ပေါက်တို့ ကေမိုဟန်တို့ စစ်ရှားတို့က အပျင်းပြေသဘောနဲ့ သွားနေကြတာ ဘာပဲပြောပြော မိန်းမဆိုတာ ကမ္ဘာမြေကြီး လှပနေဖို့ မရှိမဖြစ် လိုအပ်သည်ဟု သုထက် ယူဆလိုက်သည်။

"လေဒီ ... ဖုန်းလာနေတယ်"

"အင်း ... "

မေနိုင်းခ ပြောလိုက်သဖြင့် လေဒီ ဖုန်းကိုင်လိုက်သည်။





"ဟယ်လို ... "

"ဟယ်လို ... လေဒီ၊ ကိုယ်ပါ စစ်ရှား ... "

"သြော် ... အင်း ကိစ္စရှိလို့လားဟင်"

"လေဒီ ... အခု Dance နေတာလား"

"မဟုတ်ပါဘူး ... ဘာဖြစ်လို့လဲ"

"အသံက မောနေသလိုပဲ"

"လေဒီ အခု Gym ဆော့နေတာ"

"ဟုတ်လား ... ဘယ်မှာလဲ ကိုယ်လာရမလား"

"လေဒီ ... လာခဲ့မယ်လေ"

"Ok ... ဒါဆို စိမ်းလန်းမှာစောင့်နေမယ်"

"အင်း ... သူငယ်ချင်းပါ ခေါ်လာခဲ့မယ်ရလား"

"ရပါတယ် ... လေဒီ ... ခေါ်လာခဲ့လေ"

"Ok ဒါဖြင့် ... (၁)နာရီလောက်နေရင် လာခဲ့နော်"

"အင်း ... See you later နော်"

"Ok ... bye bye ... "

လေဒီ ဖုန်းကိုအိတ်ထဲထည့်လိုက်ပြီး မေနိုင်းခကို ပြုံးပြလိုက်သည်။

"တို့နဲ့ခဏလိုက်ခဲ့ပါလား ... "

"ဘယ်ကိုလဲ ... လေဒီ"

"စိမ်းလန်းကို ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... baby လေးနဲ့ ချိန်းထားလို့လား"

"အင်း ... "

"လိုက်ခဲ့မယ်လေ ... "

"Ok ... ဒါဆို အကျီသွားလဲဦး ... "

မေနိုင်းခက အကျီလဲပြီး ထွက်လာသည်။ Car Parking အရောက်တွင် ...

"လေဒီ ... "

"ပြော ... မေနိုင်း"

"တို့ ... သူ့ကို အဖြေပေးလိုက်ပြီး အခု စိမ်းလန်းမှာချိန်းရင် ကောင်းမလား ... "

"ကောင်းသားပဲ ... good တယ်ထင်ရင် do သာ do "

"Ok ... "

မေနိုင်းခက ကားပေါ်တက်ပြီး သုထက်ဆီဖုန်းဆက်လိုက်သည်။ သုထက်နှင့် စစ်ရှား chess ကစားနေသဖြင့် ပေါက်ပေါက်က ဖုန်းကိုင်လိုက်သည်။

"ဟယ်လို ... အမိန့်ရှိပါခင်ဗျာ"

"သုထက်လား"

"မဟုတ်ပါဘူး ခင်ဗျာ ... "

"ဒါ ... သုထက်ဖုန်း မဟုတ်ဘူးလား"

ပေါက်ပေါက်က ဖုန်းနံပါတ်ကို ကြည့်လိုက်ပြီး ...





"သုထက် ... ဘယ်သူ့ဖုန်းလည်း မသိဘူး ... "

"မေးလိုက်လေကွာ ... "

"ဟယ်လို ... ခုပြောနေတာ ဘယ်သူပါလဲခင်ဗျာ"

"သုထက်နဲ့ပြောချင်တယ် ခေါ်ပေးပါ ... "

"ကဲ ... ကဲ ... ရော့ ... မင်းဖုန်း"

"အာ ... ငပေါက် ခဏဝင်ကစားပေးထားဦး ... "

သုထက်က အိမ်ပေါ်ထပ်ဝရံတာသို့ ထွက်လာလိုက်သည်။

"ဟယ်လို ... "

"သုထက်လား ... မေနိုင်းပါ"

"ဩော် ... ဟုတ် ... အဖြေပေးမလို့လားဟင်"

"အင်း ... "

"ဒါဆို ... ပြောတော့လေ"

"လူချင်းတွေ့ပြီးမှ ပြောမယ်"

"ဘယ်ကိုလာရမလဲ ... "

သုထက်ကို စစ်ရှားတို့ လှည့်ကြည့်ကြသည်။ သုထက်က စစ်ရှားတို့ အသံကြားအောင် တမင်တကာ လေသံမြင့်ပြောသည်။ မေနိုင်းခက ...

"စိမ်းလန်းကို လာခဲ့ပါလား"

"စိမ်းလန်းကို ... "

သုထက်အသံကြောင့် စစ်ရှား မျက်လုံးပြူးသွားပြီး သုထက်



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါင်းခါပြကာ လက်နှစ်ဖက်ဖြင့် Cross ပုံစံလုပ်ပြသည်။ သုထက်က ခေါင်းညိတ်ပြလိုက်ပြီး ...

"ဟို ... ဒီလိုလုပ်ပါလား ကိုယ်အခု ကော်ဖီဆိုင်ရောက်နေတာ ... လာခဲ့ပါလား ... "

"သူငယ်ချင်းတွေရှိတယ် မဟုတ်လား ... "

"ပြန်ကြတော့မှာ ... "

"ဘယ်ဆိုင်လဲ ... "

"Black Sky လေ သိလား ... အဲဒီကို လာခဲ့ ... "

"အင်း ... ဒါဆို အခု လာခဲ့မယ်နော်"

"Ok ... "

သုထက်က ဖုန်းပိတ်လိုက်ပြီး ပြေးလာကာ စစ်ရှားခေါင်းကို ဒူးနှင့်မထိအောင် ဟန်လုပ်ကန်လိုက်ရင်း ...

"ဘာကိစ္စနဲ့ မင်းက Cross လုပ်ရတာလဲ"

"ငါ့ခေဘ်နဲ့ချိန်းထားလို့"

"တော်တော်ပဲ အရေးကြီးတယ်"

"အဟီး ... "

"ငါ ခုသွားပြီ ... "

"ဘယ်ကိုလဲ ... "

"Black Skyကို"

"Ok ... အပြန် မုန့်ဆွဲလာခဲ့"





"ဘာလို့ ဆွဲလာရမှာလဲ"

"ဒီမှာ မင်းရှုံးတော့မှာ"

"ဟော့ကောင် ... မင်းက မသွားသေးဘူးလား"

"ခဏနေမှ သွားမှာ ... မုန့်ဝယ်လာခဲ့နော်"

"ကုန်းဆင်းသိပ်မလိုက်နဲ့ မှောက်ခုံလဲပြီး သွားကျတ်မယ်"

သုထက်က ဆိုဖာခုံပေါ်မှ ခေါင်းအုံးနှင့်ပစ်လိုက်သဖြင့် chessboard ကြီး မှောက်သွားတော့သည်။ အပေါ်ထပ်မှ ဆဲလ်သံများ မိုးမွှန်သွားသည်။

မေနိုင်းခက ရှေ့မှ လေဒီကားကို တစ်ချက်ကြည့်လိုက်ပြီး ဖုန်းဆက်လိုက်သည်။

"ဟယ်လို လေဒီ ... စိမ်းလန်းကိုမလိုက်တော့ဘူး ... ဘာမှ မဖြစ်ပါဘူး ... ချိန်းထားတာရှိလို့ ... အင်း ... ဒါဆို နောက်မှပဲ bye ... "

မေနိုင်းခနှင့် လေဒီသျှိုင်းကို လမ်းဆုံတွင် လမ်းခွဲကာ မေနိုင်းခ မြို့ထဲကို ပြန်လာခဲ့သည်။ Black Sky ဘေးတွင် ကားထိုးရပ်လိုက်ပြီး သုထက်ကိုရှာလိုက်သည်။ ထောင့်ခုံမှ သုထက်က လက်ပြသဖြင့် တစ်ချက်ပြုံးလိုက်ပြီး ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသောက်မလဲ ..."

"ice-coffee တစ်ခွက် ... ရောက်နေတာကြာပြီပေါ့"

"အင်း ... ဟုတ်တယ် ... သူငယ်ချင်းတွေ အခုပဲပြန်သွားတာ"

"ဩော် ..."

"ပြောလေ ... မေနိုင်း"

"ဘာပြောရမှာလဲ ..."

"ဟင် ... ကိုယ့်ကို အဖြေပေးမလို့ဆို"

"အင်း ..."

"အဲဒါဆို ပြောလေ ..."

"ဘာလဲဆိုတာ မသိဘူးလား"

"အဟ ... မေနိုင်းကလည်း သိမှတော့ ကိုယ်နဲ့မေနိုင်း စစ တွေ့ကတည်းက ချစ်သူတွေ ဖြစ်နေပြီပေါ့ ..."

"ခု ဖြစ်လို့ရပြီပဲဟာကို ..."

"ဟာ ... မေနိုင်း တကယ်ပြောတာလား"

"အင်း ..."

"ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ဘူး ..."

"မေနိုင်းက ပိုဆိုးတယ် သိရဲ့လား ... သုထက်ရဲ့"

"ကိုလို့ ခေါ်လေ ... ဟန်နီရယ်"

"ဟွန်း ..."





"အဲလို မျက်စောင်းမထိုးပါနဲ့ကွာ ... မခံစားနိုင်လို့ပါ"

"ဟာဟ ... ကိုပိုကြီး မပိုနဲ့ ..."

"တကယ်ပြောတာ ... လူ့ဘဝမှာ အချစ်ဆိုတဲ့ခံစားမှုရသကို ခုမှပဲတွေ့ဖူး ကြုံဖူးရတာမို့လေ ..."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

လေဒီသျှိုင်းက ရှေ့မှ မုန့်ထုပ်များကို ယူကာ စစ်ရှားတွန်းလာသော ခြင်းထဲထည့်လိုက်သည်။

"လေဒီက အဲလိုမုန့်တွေ ကြိုက်တာလား"

"အင်း ... အိမ်မှာ TV ကြည့်ရင်း စားတာ"

"သြော် ... "

"စစ်ရှားရော ဘာယူဦးမလဲ ... "

"ကိုယ် မစားတတ်ဘူး ... "

"တစ်ခုခုယူလေ ... ဒီမုန့်တွေက စားလို့အရမ်းကောင်းတယ်"

"လေဒီပဲစားပါကွာ ... ကိုယ် မစားတတ်ဘူး"

စစ်ရှားကပြောပြီး စိတ်ထဲမှာ အရက်ပုလင်းများဆီပဲရောက်နေသဖြင့် ...





"ခဏလေး ... လေဒီ ကိုယ် Wine တွေသွားကြည့်လိုက်ဦးမယ်"

"အင်း ... "

စစ်ရှားက လေဒီကို ပြုံးပြလိုက်ပြီး Wine တန်းသို့လျှောက်လာသည်။

"ဟန်နီ ... အဲဒီ Wine တွေက ဟန်နီသောက်တာလား"

သူထက်က Wine များကို ရွေးနေသော မေးနိုင်းခကို ကြည့်ရင်းပြောလိုက်သည်။ မေနိုင်းခက ခေါင်းညိတ်ပြလိုက်ပြီး ...

"အင်းလေ ... သူရော မသောက်ဘူးလား ... "

"သောက်တယ်လေ ... မုန့်ရော ယူဦးမှာလား"

"အင်း ... ခဏလေး ဒီပုလင်းယူထားဦး ... ဟန်နီ ဟိုဘက်သွားကြည့်လိုက်ဦးမယ်"

"အင်း ... "

သူထက်လက်ထဲ Wine ပုလင်းကို ထည့်ကာ မေနိုင်းခ ထွက်လာခဲ့သည်။ တစ်ဖက်မှ စစ်ရှားက သူ့စတိုင်လ်အတိုင်း ခေါင်းလေးငုံ့ကာ လျှောက်လာသဖြင့် မေနိုင်းခ မျက်လုံးပြူးသွားပြီး ဘေးမှ အလှကုန်ပစ္စည်းတန်းထဲ ကျောပေးရပ်လိုက်သည်။ စစ်ရှား ကျော်သွားမှ လှည့်ကြည့် လှည့်ကြည့် လုပ်ရင်း လေဒီသျှိုင်းနှင့်တိုက်မိသည်။

"ဟင် ... လေဒီ ... "



www.burmeseclassic.com

www.burmeseclassic.com



"မေနိုင်း ... တစ်ယောက်ထဲလား ... "

"ဟုတ်ဘူး ... အဲ ... ဟုတ်တယ် လေဒီရာ"

"ဟိုတစ်ယောက်နဲ့လာတာ"

"အင်း ... သွား ... သွားတော့မယ်"

"မေနိုင်း ... "

လေဒီသျှိုင်း လှမ်းခေါ်သော်လည်း မေနိုင်းခတစ်ယောက် ခပ်သုတ်သုတ်ဖြင့် လစ်ထွက်လာခဲ့သည်။

"ဟာ ... ဟော့ကောင် သုထက်"

"စစ်ရှား ဘယ်လာတာလဲ"

"Wine လာကြည့်တာ ... မင်းရော"

"ငါ့ကောင်မလေးနဲ့လာတာ"

"အဲဒီကောင်မလေးက ဘယ်မှာလဲ ... "

"မှန်သွားကြည့်တယ် ... မင်းရော"

"ငါလည်း ကောင်မလေးနဲ့လာတာ ... ဘာလဲ မင်းသောက်မလို့လား ... "

စစ်ရှားက သုထက်လက်ထဲမှ Wine ပုလင်းကို ကြည့်ရင်း မေးလိုက်သည်။

"အဲ ... အင်း ... ဟုတ်တယ် သွားတော့မယ် ပြီးမှ ... တွေ့မယ် ... "

"အေး ... "





သုထက် မျက်ခုံးပင့်ကာ Wine တန်းထဲမှ ထွက်လာပြီး မေနိုင်းခကို လိုက်ရှာသည်။

"ဘယ်များသွားနေပါလိမ့်ကွာ ... "

Cashier တွင် ငွေရှင်းနေသော လေဒီသျှိုင်းကို သုထက်မျက်လုံးက ရောက်သွားသည်။ ဘေးတိုက်ကြည့်နေရင်း လေဒီသျှိုင်းနား ရောက်သွားသည်။ လေဒီသျှိုင်းက တစ်ချက်ကြည့်လိုက်ပြီး ပြုံးမြမြမျက်နှာ လုပ်ပြသဖြင့် သုထက် ရယ်ပြလိုက်သည်။ Cashier တွင် Wine ပုလင်းကို တင်လိုက်သည်နှင့် လေဒီသျှိုင်းက ...

"အဲဒါ သောက်လို့ကောင်းလားဟင် ... "

"အင်း ... အရမ်းကောင်းတယ် ... သိပ်လည်းမပြင်းဘူး"

လေဒီသျှိုင်းက သုထက်ရှေ့မှ Wine ပုလင်းကို တံဆိပ်ကြည့်လိုက်ပြီး ...

"ဟယ် ... လေဒီ သောက်နေကျပဲ ... "

"ဟုတ်လား ... နာမည်လေးက လေဒီတဲ့လား"

"ဟုတ် ... သူကရော ... "

"သုထက် ... "

"ဩော် ... "

လေဒီသျှိုင်းက Cashier တွင် ငွေရှင်းပြီး အပြင်မထွက်သေးဘဲ ရပ်နေသဖြင့် သုထက် ငွေမြန်မြန်ရှင်းကာ လေဒီသျှိုင်းအနား



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်သည်။

"ဘယ်သူ့ကို စောင့်နေတာလဲ ကိုယ့်ကိုလား"

"အဟာ ... ဟုတ်ပါဘူး ... သူငယ်ချင်းကိုပါ"

"ကောင်မလေးလား ... "

"ဟုတ်ဘူး ... "

"ဩော် ... ဒါဆို ကိုယ်သွားပြီနော် လေဒီ"

"ဟုတ် ... "

သုထက်က ဖုန်းထုတ်လိုက်ပြီး မေနိုင်းခဆီဆက်လိုက်သည်။

"ဟယ်လို ... ဟန်နီ ဘယ်မှာလဲ"

"အပြင်မှာ မြန်မြန်လာခဲ့ ... "

" Ok ... ခုလာပြီ ... "

သုထက် အပြင်ရောက်နေပြီးမှ အထဲပြန်ဝင်ကာ ...

"ဟိတ် ... လေဒီ ... ဖုန်းဆက်ချင်လို့ရမလား"

လေဒီသျှိုင်းက ပြုံးလိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။ သုထက်က ဖုန်းနံပါတ်ကို မှတ်လိုက်ပြီး ...

"ညကျရင် ဆက်မယ်နော် bye ... "

"bye ... bye ... "

သုထက် ထွက်သွားသည်ထိ လေဒီသျှိုင်း ကြည့်နေလိုက်သည်။ စစ်ရှားက လေဒီသျှိုင်းလက်ကို တို့လိုက်သဖြင့် လန့်သွား





သည်။ စစ်ရှားရယ်လိုက်ပြီး ...

"ဘယ်သူ့ကို ကြည့်နေတာလဲ ... "

"မကြည့်ပါဘူး ... အပြင်မှာ နေအရမ်းပူနေသလားလို့"

"အင်း ... "

"ရှင်းပြီးပြီလား ... "

"မရှင်းရသေးဘူး ... လေဒီ ဘာဝယ်ဦးမှာလဲ"

"ပြီးပြီ ... လေဒီက ... "

"ဒါဆို ... ကိုယ် ဒါလေး သွားရှင်းလိုက်ဦးမယ်"

"အင်း ... "

လေဒီသျှိုင်းက စစ်ရှားကိုကြည့်ပြီး ပြုံးစိစိလုပ်နေလိုက်သည်။ ဘာပဲပြောပြော ကံတရားက ကိုယ့်ဘက်မှာပဲဟာ Sorry ပါ စစ်ရှား ... အချစ်ဆိုတာ လေဒီသျှိုင်းအတွက် အစမ်းသပ်ခံပစ္စည်းတစ်ခုပဲ ... အဲဒီထဲကမှ အစမ်းသပ်ခံဖြစ်သွားတဲ့ စစ်ရှားအတွက် စိတ်မကောင်းပါဘူး ... ။

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခွက်ကို ခြေထောက်ချိတ်ရင်း လှမ်းယူလိုက်သော မေနိုင်းခကို စစ်ရှားကြည့်နေသည်။ မေနိုင်းခက ...

"Star Mark ကို ဘာလာလုပ်တာလဲ"

"အမ် ... "

"မနေ့ကလေ ... "

"ကိုယ့်ကို တွေ့ရှိလား"

"အင်းလေ ... "

"ကိုယ်တော့ သဲကိုမတွေ့ပါဘူး"

"အင်း ... သဲက သူငယ်ချင်းနဲ့မုန့်လာဝယ်တာ"

"ဘာလို့ ကိုယ့်ကို မခေါ်ရတာလဲ"

"ခေါ်မလို့ပဲ ... "

"ဘာဖြစ်လို့လဲ ... "

"ဟိုဒင်း ... သူငယ်ချင်းက အချိန်မရတာနဲ့ ချက်ချင်းပြန်ထွက်လာတာ"

စစ်ရှား သက်ပြင်းချလိုက်သည်ကို မေနိုင်းခမတွေ့လိုက်

"တစ်ယောက်ထဲသွားတာလား"

"သဲက ဘယ်နှစ်ယောက်တွေ့လို့လဲ"

"ကို တစ်ယောက်ထဲလေ ... "

"အင်း ... Wine သွားဝယ်တာ"

စစ်ရှားစကားကို ဆုံးအောင်နားထောင်လိုက်ပြီးမှ မေနိုင်းခ





သက်ပြင်းချလိုက်ပြန်သည်။ ကံသီလို့ ... ကံသီလို့ ဘုရား ဘုရား တွေ့များတွေ့လိုက်လို့ကတော့ နှစ်ကောင်လုံးကို ပျောက်တော့ မလို့ ... စစ်ရှားက မေနိုင်းခကို ကြည့်လိုက်ပြီး ...

"ခု ... ဒါပြီးရင် ဘယ်သွားမလဲ"

"သမ္မတမှာ ကားသစ်တင်တယ် သွားကြည့်ရအောင်"

"အင်း ... "

စစ်ရှားက မေနိုင်းခမျက်လုံးကို စိုက်ကြည့်နေသဖြင့် မေနိုင်းခ မသိဟန်ဆောင်ကာ ကော်ဖီကို တငုံသောက်လိုက်သည်။

သူထက် ဖုန်းကိုကိုင်ကာ ဘယ်သူ့ဆီဆက်ရမလဲ စဉ်းစားနေပြီးမှ မေနိုင်းခဆီ ဆက်လိုက်သည်။

" ... "

ဆက်သွယ်မှု ဧရိယာတောင်ဖြစ်နေပါကောလား ... ပေါင်ကြားထဲများ ညပ်ထားတာလား မသိဘူး ...

သူထက်ကို ကေမိုဟန်က မျက်မှောင်ကုတ် ကြည့်လိုက်ပြီး ...

"ဆက်လို့ မရဘူးလား"

"အေး ... "



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ လက်ကျန်ငွေရော ရှိသေးလို့လား ..."

"မနေ့ကမှ တစ်သောင်းဖိုးပြည့်ထားတာ ... အပြည့်ပဲ"

"ဖုန်းပိတ်ထားတာလား ..."

"ဟုတ်ဘူး ... ဆက်သွယ်မှု ပြင်ပရောက်နေတာ"

"ဘယ်ရှောင်သွားဥနေလဲမှ မသိတာ ... မဆက်နဲ့တော့ကွာ"

"ခဏနေဦး ဆက်စရာလူကျန်နေသေးတယ် ..."

သူထက်ကို ပေါက်ပေါက်က မျက်လုံးပြူးကြည့်လိုက်ပြီး ကေမိုဟန်ကို လေသံတိုးဖြင့် ပြောလိုက်သည်။

"လန်းလှချည်လား ... ဒီကောင် အထည်ကြီးမိနေပြီလား မသိဘူး"

"အထည်ပျက်ကြီး မဟုတ်ရင် ... ပြီးတာပဲကွာ"

"ဟယ်လို ... ကိုယ် သူထက်ပါ"

"သူထက် ... ဘယ်သူလဲဟင်"

"သူထက်ပါဆိုမှ ... မမှတ်မိတော့ဘူးလား ... မနေ့က Star Mark မှာ တွေ့တာလေ ..."

"ဪ ... သိပြီ ... ညက ဆက်မယ်ထင်နေတာ"

"အင်း ... ဟုတ်တယ် ညကနည်းနည်းကောင်းသွားလို့"

"ဟုတ်သား ... Wine ဝယ်သွားတာကိုး"

"အင်း ... ဘာလုပ်နေလဲ ..."





"ဘာလုပ်နေလဲဆိုတော့ ... TV ကြည့်နေတာ ..."

"ဘာကားလဲ ..."

"Kites လေ"

"အင်္ဂလိပ်ကားလား ..."

"မှုတ်ဘူး ... အိန္ဒိယကား ..."

"ဟုတ်လား ... ကိုယ်က အိန္ဒိယကားတွေ မကြည့်ဖြစ်လို့ မသိဘူး ..."

"ကြည့်ပါလား ... အရမ်းကောင်းတယ် ... ရုံမှာတောင် တင်နေပြီ"

"ဟုတ်လား ... ကြည့်တော့ ကြည့်ချင်တယ် ... ဒါပေမဲ့ တစ်ယောက်တည်းဖြစ်နေလို့ မကြည့်ရဲဘူး"

သူထက်ကို ကေမိုဟန်က မျက်စောင်းထိုးလိုက်ပြီး ရယ်သည်။ ပေါက်ပေါက်က ...

"Over ပျို့ ... over ..."

"ရှူး ... ဟောကောင်တွေ ... ငြိမ် ... ငြိမ်"

"ဘေးမှာ သူငယ်ချင်းတွေရှိနေတာလား"

"မဟုတ်ဘူး ... ခွေးနှစ်ကောင် သေးလာပန်းနေလို့ မောင်းထုတ်နေတာ ..."

"ခစ် ခစ် ခစ်"

သူထက်ကို ကေမိုဟန်နှင့်ပေါက်ပေါက်တို့ ပါးစပ်လှုပ်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဘယ်နေ့ အားလဲဟင် ..."

"အားပါတယ် ..."

"တစ်ရက်လောက် အပြင်မှာတွေ့ရအောင်လား"

"ပြောလေ ..."

"အမ်း ... ရှေ့လာမဲ့ စနေနေ့ဆိုရင်ရော"

"ဒီနေ့ ... ဗုဒ္ဓဟူးနော်"

"အင်း ... ဖြစ်လား ..."

"ဖြစ်ပါတယ် ... ပြောလေ ... ဘယ်မှာတွေ့ကြမလဲ"

"cafearoma ကိုလာခဲ့လေ ... အပြန်ကျရင် ရုပ်ရှင်ပါဝင်ကြည့်ရတာပေါ့ ..."

"ဩော် ... အဲဒါဆို ... ဟို နေပြည်တော်နားက cafearoma ကို လာခဲ့ရမယ်ဆိုပါတော့ ..."

"အင်း ... အဆင်မပြေလို့လား"

"ပြေပါတယ် ..."

"Ok ... ဒါဆို ... စနေနေ့ ၉ နာရီခွဲ အဲဒီမှာ ဆုံမယ်နော်"

"Ok ..."

"bye bye ... နော်"

"bye ..."

သူထက်က ဖုန်းကို စားပွဲပေါ်ပစ်တင်လိုက်ပြီး ဆေးလိပ်





တစ်လိပ်ကိုယူလိုက်သည်။ ကေမိုဟန်က မီးခြစ်ကို ခြစ်ပေးလိုက်သဖြင့် ဖွာလိုက်သည်။ ကေမိုဟန်က ရယ်ကျဲကျဲဖြင့် ...

"ဆရာကြီးကို ပြုစုရမယ် ... ပြုစုရမယ်"

"ဟေ့ကောင် ... ဘာမှ လာဖားမနေနဲ့ ပုံမှန်တိုင်းဆက်ဆံ"

"ပြောပါဦး ... ဘူလေးလဲ ... အဲဒါ ဘူလေးလဲ"

ပေါက်ပေါက်က ဩောင်နာနာအသံဖြင့် သီချင်းဆိုပြလိုက်သဖြင့် သူထက်ရယ်လိုက်ပြီး ဆေးလိပ်ငွေ့ကို မှုတ်ထုတ်လိုက်သည်။ ပြီးမှ ...

"မိုက်တယ်ကွ ... Star Mark မှာ ငါကောင်မလေးနဲ့ဈေးသွားဝယ်ရင်း တွေ့တာ ..."

"လေးစားတယ်ကွာ ... အဲဒီဆော် ဖုန်းနံပါတ်ကို ဘယ်လိုဖျောင်လာတာလဲ"

"ဖျောင်လာတာ မဟုတ်ဘူး ... တောင်းလာတာ ..."

"မင်းရည်းစားကရော အူမတိုဘူးလား ..."

"သူ မရှိတဲ့ အချိန်ပေါ့ကွာ ..."

"လန်းတယ်သားကြီး ... ဆက်လုပ် ... ဆက်လုပ် အဲဒီ တစ်ယောက်ကိုရော ဥထားမှာပဲလား"

"အင်း ... ကောင်မလေးက ချစ်စရာလေးကွ ... ငါတို့နဲ့ဆိုရင်တော့ level တန်းလောက်ဖြစ်မယ် ... ပြီးပြီတာ တစ်ခါတည်း heart ပါထိတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ရွှေတော့လေကွာ ... "

"အလောတော့ သိပ်မကြီးနဲ့ဘော်ဒါတို့ စိတ်တော့နည်းနည်းလျော့ ... "

ကေမိုဟန်က မျက်ခွက်ပြောင်ကာ သီချင်းဆိုပြလိုက်သဖြင့် သူထက်က ရယ်လိုက်ပြီး ...

"အေးဆေးပေါ့ ... ခုမှ စတုန်းရှိသေး"

"လုပ်ကြပေါ့ကွာ မင်းတို့ခေတ်ပဲ"

"No No ... စိတ်မကောင်း မဖြစ်ပါနဲ့ကွာ ... မင်းတို့လည်း အချိန်တန်ရင် နွားပိန်ကန်မှာပေါ့"

"ဟော့ကောင် ... ဟော့ကောင်"

"ဟ ဟား ... "

"ဒါနဲ့ ဟိုခွေးသား ဘယ်ရောက်နေလဲ ... "

"သူဟာကြီး ဖုန်းလှမ်းထိုးလို့ လစ်သွားပြီ ... "

"ဘယ်ကိုလဲ ... ဘယ်ဆော်နဲ့လဲ"

"ဘယ်ဆော်နဲ့ ဘယ်ကိုသွားလဲတော့ ငါတို့လည်း မသိဘူး သုတ်သုတ် သုတ်သုတ်နဲ့တော့ လစ်သွားတာပဲ ... "

"ဟိုကိစ္စ ဘယ်လိုလဲ ... "

"လက်စွပ် ကိစ္စလား ... "

"အေး ... Order မှာထားတာ ဝင်ယူမယ်လို့ပြောတာပဲ"

"ဟဟား ... ဒီကောင်တော့ ယားလို့တောင် ကုတ်အားမှာ





ယောတ်တော့ဘူး ... "

"မင်းလည်း မကြာမီ လာမည့် မျှော်ပဲ ... "

"မမျှော်နဲ့ ငါတို့က ဇယားနိုင်ပြီးသား ... ပထမရည်းစားကိုလည်း ငါက ချိန်းတယ် ... ဟော ... သူလာရတာပဲ ... ခု ရည်းစားကိုလည်း ငါကပဲ ချိန်းတယ် ... ဟိုခွေးသားက ကောင်မလေးတွေကို အဲလို မချိန်းပဲ သူကချည်း ဒိုက်လိုက်ထိုးနေတော့ ... စုတ်ပြတ်သပ်နေမှာပဲ ... ပိုက်ဆံတွေလည်း သောက်သောက်လဲကုန်ပဲ ... ဒါပေမဲ့ မင်းတို့နှစ်ယောက်ကိုတော့ ရင်လေးသားဟ ... "

"အောင်မာ ... မင်းကပဲပြောရမယ်ရှိသေး ... မင်းတို့နှစ်ကောင်ကိုလည်း ငါတို့နှစ်ယောက်က ရင်တမမနဲ့ ဖြစ်နေတာ"

"နေပါကွာ ... နောက်မှ မင်းတို့တွေ နောင်တရမယ်"

"ဟော့ကောင်ရေ ... ရည်းစားမထားရလို့ နောင်တရမယ်ဆိုရင်လည်း ငပေါက်တို့က ပြေးခံပလိုက်မယ် ... အာလူးသိပ်ဖုတ်တတ်တဲ့ ပစိပစပ်မတွေဆို ပါးစပ်ယားလွန်းလို့ ... "

"ယားမှာပေါ့ အားနေ မင်းက မကောင်းမြင်တဲ့ ဟောဒီမျက်လုံးကြီးနဲ့ ပြူးပြဲကြည့်နေတာကိုး ... "

"မကြည့်ပါဘူး ... သူတို့က ကန့်လန့်တွေဝင်လာတာ ... "

"မင်းတို့နှစ်ကောင်ကလေ love-blind များဖြစ်နေမလားမသိဘူး"

"အမ်း ... မနိုင်တော့ ပါးစပ်ထဲတွေ့ရာတွေလျှောက်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေပြီ"

"မဟုတ်လို့လား ... ဟိုခွေးသားကလည်း မိန်းမမြင်ရင် ပိုး...
နေလိုက်တာ မပြောချင်ဘူး ..."

"အဲဒါ ဒီကောင့်အပြစ်မဟုတ်ဘူးကွ ... မိန်းမဆိုတာ ငါတို့
တွေအတွက် Virus တစ်မျိုးပဲ ... အဲဒါကြောင့် ပိုးထသွားတာ...
ဟဲ ..."

"ထလည်းထနိုင်လွန်းတယ် ... မင်းတို့ပိုးကလဲ ..."

"မသိလို့ မေးပါရစေဦး ... မင်းတို့နှစ်ယောက်က gay တွေ
လား"

"ဟ ... ဘာဆိုင်လို့လဲ"

"ကောင်မလေးတွေကို မနာလိုဖြစ်နေလွန်းလို့ ..."

"သိချင်ရင် အိမ်လိုက်ခဲ့လေ ..."

"ဘာကွ ..."

"မေမေ့ကို သက်သေပြနိုင်းမလို့ပါ ..."

"ဟ ဟား ဟား ..."

ရယ်ရတာ အရသာရှိပါ့ကွာ ... ။

အခန်း (၈)

စစ်ရှား ခုံကို ကန်ထည့်လိုက်သဖြင့် သူထက်တို့ကြောင်သွား
ကြသည်။ ပေါက်ပေါက်က ခေါင်းကိုကုတ်ကာ ...

"ဘာဖြစ်လာလို့လဲဟ ... စစ်ရှားရ"

"ဟင်း ... ပြောကို မပြောချင်ဘူးကွာ ..."

"မပြောချင်လို့တော့ မရဘူး ... မင်း ပြောမှငါတို့က သိရမှာ"

"လက်စွပ်ကွာ ... လက်စွပ် ..."

"Order မှာထားတာ မရလို့လား"

"ရတယ် ... မယ်မင်းကြီးမက ကျောက်မပါလို့ မယူဘူးတဲ့"

"ဟင် ..."

စစ်ရှားက ခေါင်းတစ်ခုလုံးကို ဖွလိုက်ပြီး စိတ်ရှုပ်နေသည့်
ပုံစံနှင့်ဆက်ပြောနေသည်။ ကောမိုဟန်နဲ့က ...

"ကျောက်မပါလို့ မယူသေးဘူးဆိုမှတော့ မဆေးနဲ့တော့ပေါ့

www.burmeseclassic.com



ကွာ ... ”

“ဟုတ်တယ် ... မပေးတော့ဘူး ... သွား ... ရှုပ်တယ်”

ကေမိုဟန်က မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး ပေါက်ပေါက်ကို မျက်ခုံးပင့်ပြသဖြင့် ပေါက်ပေါက်က ...

“အဲဒါ ပြောတာ ... အဲဒါပြောတာပေါ့ကွ ... မိန်းမတွေများ အလကားရတဲ့နွား သွားဖြဲကြည့်နေသေးဆိုသလိုပဲ ... ကြီးကြီးကျယ်ကျယ် နိုင်လိုက်တာ ... အဲတော့ မင်းက ပြန်မပြောလိုက်ဘူးလား ... ”

“ငါက ဘာပြန်ပြောရမှာလဲ”

“သြော် ... ကိုယ်က ကျောက်ပါရင် မကြိုက်ဘူး ... မင်းကြိုက်ရင် မင်းဘာသာမင်း ကျောက်တပ်လိုက်ဆိုပြီး ပြောခဲ့တာ မဟုတ်ဘူး”

“နေပါစေကွာ ... သူမယူရင် တခြားလူကိုပေးလိုက်မယ် ပြတ်ရော ... ”

“ကောင်းတယ် ... ဆက်သာလုပ် ဟဟား ... ငါတို့ထောက်ခံတယ်”

“အခွက်လာပြောင်မနေနဲ့ ... တင်းနေတာနော်”

“သြော် ... အချင်းချင်းကို ကိုက်နေပြန်ပြီ ... ဟိုမှာတော့ ခံလာခဲ့ပြီး ... ”





သူထက်က စစ်ရှားကို ရယ်ကာ ခေါင်းကိုဖွလိုက်သည်။ ထုံးစံတိုင်း စစ်ရှား ဒေါသက ခုကိုပဲ စုပြုံသွားသည်။ ကေမိုဟန်နှင့် ပေါက်ပေါက်တို့ကတော့ ရယ်ပြီးရင်းရယ်ကာ စစ်ရှားကို စနေကြသည်။ ဖုန်းမြည်လာသဖြင့် စစ်ရှားဆောင့်ကြီးအောင့်ကြီး ကိုင်လိုက်သည်။ လေသံလည်း နည်းနည်း မာသွားသည်။

“ဟယ်လို ... ဘယ်သူလဲ”

“ဟို ... စစ်ရှားလားဟင်”

“ဟုတ်တယ် ... ခုပြောနေတာ ဘယ်သူလဲ”

“လေဒီလေ ... စစ်ရှား ဘာဖြစ်နေတာလဲ”

“သြော် ... ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး”

စစ်ရှားက ခုံမှထကာ ဝရံတာဘက်သွားသဖြင့် လေသံပြောင်းသွားသော စစ်ရှားကို သူထက်တို့ကြည့်ကာ ...

“အဲကောင် အလကား အီးထိုင်ပေါက်နေတာ ... ဆော်တွေနဲ့ ကင်းကင်းရှင်းရှင်း နေနိုင်တာလည်း မဟုတ်ဘဲနဲ့ ... ”

“သြော် ... ငပေါက်ရယ် ... သူက နဂိုတည်းက အဲလိုပဲလေကွာ ... မသိတာလည်း မဟုတ်ဘူး ... ”

သူထက် ဝင်မပြောသေးဘဲ စစ်ရှားကို လှည့်ကြည့်လိုက်သည်။ တစ်ချက်ပြုံးလိုက်ပြီး ...

“စစ်ရှားက သနားဖို့ကောင်းပါတယ်ကွာ ... သူ့မျာ အချင်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့သာ ဆော်ရှုပ်နေရတာ … သဘောထားတော့ လုံးဝ ပြည့်ဝတယ် … ”

သူတို့အနားသို့ စစ်ရှားပြန်ရောက်လာသဖြင့် သုထက် ရယ်ပြီ လိုက်ပြီး …

“ဘာတဲ့လဲ … ကျောက်မပါလည်း ယူတော့မယ်တဲ့လား”

“ဝေးသေး … ငါ ချိန်းထားတာရှိလို့ ဒိုးလိုက်ဦးမယ်”

“ဘယ်အချိန်ပြန်လာမှာလဲ … ”

“မလာတော့ဘူး … အိမ်တန်းပြန်တော့မလို့ … ”

“ပြီးရော … ”

စစ်ရှားကို လေဒီက Black Sky ကိုချိန်းလိုက်သဖြင့် ကားကို အမြန်ဆုံးမောင်းလာလိုက်သည်။ ဆိုင်ထဲ အရင်ရောက်နေသည်နှင့် ကော်ဖီမှာပြီး စောင့်နေတုန်း မေနိုင်းခကို တွေ့လိုက်သဖြင့် ရင်ထဲ ထိတ်သွားသည်။ ဘယ်အပေါက်က တိုးလို့ထွက်ရမှန်း မသိတော့ အနားရောက်လာသော Wajter ကို လက်တို့ကာ အကျိုးအကြောင်းကို လိုတိုရှင်းပြောပြလိုက်သဖြင့် Watier က ပြုံးကာ အနောက်ခန်းထဲခေါ်သွားသဖြင့် ထိုင်တောင် ရှိုးချင်သွားသည်။ အနောက်ခန်းမှ မေနိုင်းခကို ချောင်းကြည့်သည်။ ကော်ဖီမှာပြီး ဟိုငေး ဒီငေးလုပ်နေသည့် မေနိုင်းခကို လှမ်းခေါ်လိုက်သူက လေဒီသျှိုင်း … စစ်ရှား မျက်လုံးကို ပွတ်ကာ ကြည့်မိလိုက်သည်။





“ရောက်နေတာကြာပြီလား … မေနိုင်း”

“အခုပဲ … ဘယ်မှာလဲ မင်းလူက … ”

“မလာသေးဘူး ထင်တယ်”

စစ်ရှားအကြံအိုက်သွားသဖြင့် ဖုန်းကို ထုတ်လိုက်ပြီး လေဒီသျှိုင်းဆီ massage ပို့လိုက်သည်။

လေဒီသျှိုင်းက ကော်ဖီသောက်ရန် လှမ်းအယူဖုန်းမြည်လာသဖြင့် ကိုင်လိုက်သည်။ massage ကို ဖတ်လိုက်ပြီး …

“ဟောတော့ … ”

“ဘာဖြစ်တာလဲ လေဒီ … ”

“baby ဒီကိုအလာ သူ့ father ကြီးနဲ့ တန်းတိုးလို့အလုပ်ထဲ ပါသွားတယ်တဲ့ … ”

“အဟင်း … မင်းလူက ဟုတ်ရောဟုတ်ရဲ့လားကွာ”

“ဟုတ်ပါတယ် … မင်းကို မလိမ်ပါဘူး … baby က တကယ် တို့ဘဲပါ”

“အဲဒါပြောတာမဟုတ်ပါဘူး … သူ့ father ကြီးနဲ့ တန်းတိုးတယ်ဆိုတာ ဟုတ်ရဲ့လားလို့ပြောတာ … ”

“ဒါတော့ … ဘယ်သိမလဲ … ဟုတ်မှာပါ baby ကမလိမ်တတ်ပါဘူး”

“ဩော် … ဒါဆို တို့ phone man ကိုပဲ ခေါ်ပြီးမိတ်ဆက်ပေးရတော့မှာပေါ့ … ”



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ကောင်းသားပဲ"

သုထက် TV ကြည့်ရင်း ဖုန်းမြည်သဖြင့် ပေါက်ပေါက်ကို ကိုင်ခိုင်းလိုက်သည်။

"ဟယ်လို ... "

"ဟော့ကောင် ... ငါ စစ်ရှား"

"သုထက် ... စစ်ရှားတဲ့ ... "

ပေါက်ပေါက်လှမ်းပေးသောဖုန်းကို ယူလိုက်ပြီး TV မှ အသံကို တိုးလိုက်သည်။

"ပြော ... စစ်ရှား"

"ငါ ဒီမှာတိုင်ပတ်နေပြီ"

"ဘာ case လဲ ... "

"ငါရည်းစားနှစ်ယောက်လုံးက သူငယ်ချင်းတွေကွ"

"ဟေ ... "

"အဲဒါ ... ငါ တိုင်ပတ်နေပြီ"

"ကျိုင်တက်နေပြီလား ... "

"မတက်သေးဘူး ... ကမ်တဲလေးပဲ လိုတော့တယ် ... ငါ အခု Black Sky အနောက်စန်းထဲ ဝင်အောင်းနေရတယ်"

"နောက်ပေါက်က ထွက်လာလေကွာ ... "

"မရှိဘူးထင်တယ် ... "





"ဒါဖြင့်လည်း သူတို့ပြန်သွားတဲ့ထိစောင့်ပါ"

"မစောင့်နိုင်ဘူး ... "

"မစောင့်နိုင်တော့ မင်းက ဘယ်လိုလုပ်မှာလဲ"

"ငါ မသိလို့ မင်းဆီဖုန်းဆက်တာပေါ့ဟ ... "

"ကျိုင်ပဲ ... "

သုထက်က ခေါင်းကို အားရပါးရကုပ်နေသဖြင့် ကေမိုဟန်က လှမ်းကြည့်သည်။

"ဘာကျိုင်လဲ ... "

"ဟိုကောင် စစ်ရှား တုံးပိနေပြီ ... "

"သေလိုက်လို့ ပြောလိုက် ... "

"မနောက်နဲ့ အတည်ပြောနေတာ ... "

"ဟ ဟား ... "

"ဒီလိုလုပ်ကွာ စစ်ရှား ... မင်း ထွက်ပြီးရင်ဆိုင်လိုက်"

"အာ ... မဖြစ်ဘူး သားကြီး ... ငါကောင်မလေးအကြောင်း ငါ အသိဆုံး"

"ဒါဖြင့် တစ်ယောက်ယောက်နဲ့ကွယ်ပြီးသာ လစ်လာလိုက်"

"လစ်လာတာက ဟုတ်တယ် ... ငါ့ကားက သူတို့ထိုင်နေတဲ့ ခုံရဲ့ဘေးဘက်မှာရပ်ထားတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်ပါတော့ကွာ ... ခဏနေဦး ပေါက်ကိုလွှတ်လိုက်မယ် ... ကားကိုယူပြီး တစ်နေရာမှာ စောင့်ခိုင်းထားလိုက်မယ် ... အိုကေလား ... "

"ကားသော့က ငါ့ဆီမှာ ... "

"အာ ... မင်းသေဖို့ပဲကောင်းတော့တယ်"

"မှားပါတယ်ကွာ ... လုပ်စမ်းပါဦး"

"ကျွတ် ... ငပေါက်ကို လွှတ်လိုက်မယ်ကွာ"

"အေး ... ဒါဆို ဒါပဲနော် ... မင်းကိုပဲယုံပြီးစောင့်နေမယ်"

သူထက် ဖုန်းကိုဆိုဖာပေါ် ပစ်တင်လိုက်ပြီး ပေါက်ပေါက်ကို ကြည့်လိုက်သည်။

"ငပေါက် ... "

"ပြော ... "

ပေါက်ပေါက်က TV မှ မျက်လုံးမခွာဘဲ ပြောနေသည်။ သူထက် သက်ပြင်းချလိုက်ပြီး ...

"စစ်ရှားကို သွားခေါ်လာခဲ့ကွာ"

"ဘယ်ကိုငါက သွားခေါ်ရမှာလဲ"

သူထက်က စစ်ရှားအကြောင်းကို အသေးစိတ်ပြောပြလိုက်ပြီးသည်နှင့် ပေါက်ပေါက်တစ်ယောက် ခေါင်းကုတ်ကာ ...

"ငါ အဲဒီဆိုင်ကို မသိဘူး ... ကော့ကိုလွှတ်လိုက်"





"ဒါဆို ... ကေ သွားကွာ"

"မင်းက ဘာလို့မသွားတာလဲ"

"ပျင်းလို့ ... "

"ဩော် ... ကောင်းတယ်နော် ... ပေး ကားသော့"

"ကားနဲ့သွားလို့ မဖြစ်ဘူးလေကွာ"

"ဟာ ... ဒါဖြင့် ငါက ဘာနဲ့သွားရမှာလဲ"

"Bus ကားစီးသွား ... "

"ကောင်းလိုက်တာကွာ ... အရမ်းကောင်းတယ်နော်"

"စိတ်မဆိုးနဲ့ စစ်ရှားလာမှ မုန့်ဝယ်ကျွေးခိုင်း ... "

ပေါက်ပေါက်က ရယ်ကျဲကျဲဖြင့်ပြောလိုက်သည်နှင့်ကေမိုဟန်တစ်ယောက်ဘဲ အောက်ထပ်သို့ ဆင်းသွားတော့သည်။

မေနိုင်းခကို ကြည့်ပြီး လေဒီသျှိုင်းမသိမသာ ပြုံးသည်။ မေနိုင်းခ ဖုန်းကို ကော်ဖီခွက်ဘေး တင်လိုက်ပြီး ...

"ဖုန်းမအားဘူးထင်တယ် ... "

"ခေါ်မနေပါနဲ့တော့ကွာ ... နောက်ကြုံမှခေါ် ... ဟုတ်ဘူးလား ... "



www.burmeseclassic.com

www.burmeseclassic.com



လေဒီသျှိုင်း ပြုံးနေသဖြင့် မေနိုင်းခ မျက်စောင်းထိုးလိုက်ပြီး ကော်ဖီသောက်လိုက်သည်။ ကေမိုဟန် ဆိုင်ထဲဝင်သွားပြီး ဘယ်လိုရှာရမှန်း မသိသဖြင့် ခေါင်းကုတ်နေလိုက်သည်။ လေဒီသျှိုင်းကိုတော့ တွေ့သဖြင့် မသိဟန်ဆောင်ကာ Waiter ကို လက်တို့လိုက်သည်။

"ညီ ... အနောက်ခန်းက ဘယ်နားမှာလဲဟင်"

"ဗျာ ... အိမ်သာကို ပြောတာလား အစ်ကို ..."

"ဟုတ်ဘူး ... အနောက်ထဲမှာ အစ်ကို့သူငယ်ချင်း တစ်ယောက်ရောက်နေလို့ သူ့ဆီက ကားသော့လေး တောင်းလာခဲ့ပေးပါလား ..."

"ဟုတ် ..."

Waiter သွားပြီး မကြာပါ Waiter နှင့်ကွယ်ပြီး ထွက်လာသော စစ်ရှားကိုတွေ့သဖြင့် ကေမိုဟန်ရယ်ချင်စိတ်ကို ထိန်းကာ စစ်ရှားလက်ထဲမှ ကားသော့ကို ယူလိုက်သည်။ မေနိုင်းခ အပြင်ဘက်ကို ငေးနေရင်း စစ်ရှားကားကိုတွေ့သဖြင့် ...

"ဟင် ..."

"ဘာဖြစ်လို့လဲ မေနိုင်း ..."

"ဒီကားက ကို့ကားထင်တယ်"

"ဘယ်မှာလဲ ..."





"ဒီဘေးမှာလေ ရပ်ထားတာ"

"Phone man လား"

"ဟုတ်ဘူး ..."

"သေချာလို့လားကွာ ..."

ကေမိုဟန် ခေါင်းငုံ့ကာ ကားထဲဝင်လိုက်ပြီး စစ်ရှားရှိရာနေရာသို့ မောင်းလာခဲ့သည်။ လေဒီသျှိုင်းက ...

"အဲဒါလား မင်းကိုကိုဆိုတာ ..."

"ဟုတ်ဘူး ..."

"အဟင်း ... မင်းကလည်း ကားအနက်တွေ့တိုင်း မင်းရဲ့ လူလို့ ထင်နေတာကိုး ..."

လေဒီသျှိုင်းကို မျက်စောင်းထိုးလိုက်ပြီး ကော်ဖီကိုသောက်လိုက်ပြန်သည်။

"နံပါတ်က တူသလိုရှိလို့ပါ ..."

"ဩော် ... သေချာ အလွတ်မှတ်ထားလေ ... ဒါမှ မင်းလူ ကားကို မှတ်မိမှာပေါ့ ... မတော် တခြားတစ်ယောက်နဲ့ စီးသွားလည်း လှမ်းတားလို့ရတာပေါ့ ..."

"သူလား ထားရဲ့မှာ ... ကို့ကို ချစ်တာမှ တုန်နေလို့"

"ဩော် ... ဩော် ... ခုတောင် တုန်နေလို့ မလာနိုင်တာ ထင်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



မေနိုင်းခက မသိမသာ မျက်စောင်းချိတ်လိုက်ပြီး ...

"ဒါနဲ့ ... မင်းရဲ့လူက မင်းကို Present လေးဘာလေး မပေးဘူးလား"

"ဘာလုပ်မှာလဲ Present ကတို့မှာ အားလုံးပြည့်စုံနေပြီပဲ"

မေနိုင်းခကို လေဒီသျှိုင်းက ရွဲ့ပြောလိုက်ပြီး ကော်ဖီကို သောက်နေသည်။

တစ်လမ်းလုံး ကေမိုဟန်ရဲ့ ဩဝါဒကိုခံယူရင်း စစ်ရှားပါလာသည်။ နဂိုကတည်းက ပစိပစပ်များရတဲ့ ကေမိုဟန်ကို စစ်ရှား စိတ်ညစ်ညစ်နှင့် သူ့စကားထဲ မမျောမိအောင် ငေးနေလိုက်သည်။ သုထက်က ဝရံတာမှထွက်ကာ လက်ပြလိုက်သဖြင့် စစ်ရှား မျက်နှာ ဖူးသီးပုပ်ရုပ် ဖြစ်သွားသည်။ ပေါက်ပေါက်က ဂီတာတီးရင်း သီချင်းကို စစ်ရှားအပေါ်တက်လာမှ ဆိုသည်။

"ရည်းစားနှစ်ယောက်လောက်ထားပါ အတော်ပဲ ... တစ်ယောက်နဲ့ကွဲရင် အပိုရှိတယ်၊ ဦးဘညွန့်ရဲ့ချစ်ဒုက္ခကိုသိလား ..."

သုထက်နှင့်ကေမိုဟန်က ရယ်လိုက်ပြီး စစ်ရှားကိုကြည့်သည်။ သုထက်က ဖက်ခေါင်းအုံးဖြင့် ပေါက်ပေါက်ကို ပစ်ပေါက်လိုက်ပြီး ...

"ဟေ့ကောင် တော် ... တော် ငါတို့ ဆရာကြီးဘူလာတယ်"

"ခွီးပဲ ... အဲလိုပြောချင်လို့ မင်းတို့စောင့်နေတာမဟုတ်





လား"

"မဟုတ်ရပါဘူးဗျာ ... ဘယ်လိုဖြစ်သွားတာလဲ"

"မသိတော့ဘူး ... ကွာ"

စစ်ရှားက ဆိုဖာခုံပေါ်လှဲချလိုက်ပြီး ငြီးလိုက်သည်။

"စိတ်တွေအိုက်တယ်ဟေ့ ..."

"မှတ်ပြီလား ..."

"ဘာဆက်လုပ်ရင်ကောင်းမလဲ"

"တစ်ယောက်ကိုဖြတ်ပေါ့ ဒါပဲရှိတယ်"

"အဲလိုလည်း မလုပ်ချင်ဘူး"

"အေး ... အဲလို မလုပ်ချင်ရင်တော့ နောက်လာမယ့်လမ်းက တစ်လမ်းထဲရှိတော့တယ် ..."

"ဘာလဲ ..."

"သူတို့နှစ်ယောက်လုံး မင်းကိုဖြတ်ဖို့လေ ..."

"အာ ..."

"တကယ်ပြောနေတာ ... စစ်ရှား ... မိန်းမတွေက သူတို့ဘယ်လောက်ပဲရှုပ်ရှုပ် ကိုယ့်ဘဲရှုပ်တာကိုတော့ လက်ခံမှာမဟုတ်ဘူး ... တစ်ခုခုကို အပြစ်ရှာပြီး ဖြတ်လိုက်ကွာ ..."

"ငါက ဘယ်လိုအပြစ်ရှာရမှာလဲ"

"မင်းသဲကို လက်စွပ်ကိစ္စနဲ့ အကြောင်းပြပြီးဖြတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... လက်စွပ်လေး ကျောက်တပ်နိုင်းတာနဲ့ ငါ

ဖြတ်တယ်ဆိုရင် ငါ့ကို ကုတ်စေးလို့ သတ်မှတ်လိုက်မှာပေါ့"

"ဒါဆို ... နောက်တစ်ယောက်ကို အကြောင်းရှာပြီးဖြ

ကွာ"

"သူနဲ့တွဲတာ တလတောင်မပြည့်သေးဘူး"

"အေးဖြတ်လည်း ဖြတ်မနေနဲ့တော့ ... သားကြီး ဝင့်ရှိတိုင်း

သာ လိုက်သွားတော့ ... "

"ဟူး ... "

ပေါက်ပေါက်က ဂီတာကို အသံကျယ်ကျယ်တီးလိုက်သည်။

ရှင်းမရမှတော့ ဆက်၍ဆက်၍သာ ရှုပ်သွားတော့မည်ပေါ့

အခန်း (၉)

သူထက် ၉ နာရီမခွဲခင်ကတည်းက Cafearoma ကို ရောက်နေသည်။ အိတ်ထဲပါလာသော စာအုပ်ကို အေးရာအေးကြောင်း ဖတ်နေတုန်း ကားသော့ပစ်တင်လိုက်သည့် လေဒီသျှိုင်းကိုမော့ကြည့်ပြီး ပြုံးပြလိုက်သည်။

"ရောက်နေတာကြာပြီလား ဟင် ... "

"ခုပဲ ... "

"မျက်မှန်တပ်ထားသော မနည်းလူရှာနေရတယ် ... ဟုတ်မှ ဟုတ်ရဲ့လားလို့ ... "

"ခုဆို မှတ်မိပြီလား ... "

သူထက်က မျက်မှန်ကိုချွတ်ပြီး ပြောလိုက်သဖြင့် လေဒီသျှိုင်းက ပြုံးလိုက်သည်။

"ဘာသောက်မလဲ ... "

"Black Coffee သောက်မယ်လေ ... "



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... "

သူထက် Black Coffee တစ်ခွက်မှာပေးလိုက်ပြီး လေဒီသျှိုင်းကို ကြည့်လိုက်သည်။ လေဒီသျှိုင်းက မသိဟန်ဆောင်ကာ မထုံတတ်တေး ပုံစံနှင့် ဆိုင်ထဲဝေ့ကြည့်နေသည်။ ပြီးမှ ...

"သူထက်က ဒီဆိုင်မှာ ထိုင်နေကျလား ... "

"ဟုတ်ဘူး ... ကိုယ်က လက်ဖက်ရည်ဆိုင်ထိုင်တာများတယ်"

"သြော် ... ခုတော့ ဘာကြောင့် ... "

"ဒီမှာလေ ... ပြီးတော့ လေဒီနဲ့လည်း အေးအေးဆေးဆေး တွေ့ချင်တာကိုး ... "

သူထက်က စားပွဲပေါ်လက်မှတ်နှစ်ခုတင်လိုက်သဖြင့် လေဒီသျှိုင်းမျက်လုံး ပြူးသွားသည်။ သူထက်က ရယ်လိုက်ပြီး ...

"ဒီကအပြန် ရုပ်ရှင်ဝင်ကြည့်မလို့လေ ... "

"Super Log ကြီး"

"ဘာဖြစ်လို့လဲဟင် ... "

"တစ်ခါမှ မကြည့်ဖူးဘူး ... "

"ဟုတ်လား ... ဒါဆို ရိုးရိုးတန်းကပဲ ကြည့်ရအောင်လေ"

"နေပါစေတော့ နမြောစရာကြီး"

"4500 ထဲဟာ"

"ထားလိုက်ပါတော့ ... ကြည့်ဖူးတယ်ရှိသွားတာပေါ့"





"သြော် ... အင်း ဒါနဲ့ ချစ်သူနဲ့တစ်ခါမှ မကြည့်ဖူးဘူးလား"

"ဟင် ... လေဒီမှာ ချစ်သူမှ မရှိဖူးတာ"

"ဟုတ်လား ... "

လေဒီသျှိုင်းက ရှက်ပြုံးပြုံးလိုက်သဖြင့် သူထက် မျက်လုံးများအရောင်လက်သွားသည်။

"ဒီလောက်ချောတာ ချစ်သူမရှိဘူးဆိုတာ မယုံပါဘူး"

"ချောတိုင်း ချစ်သူကရှိစရာလား ... ဒါဖြင့် သူထက်မှာရော"

"ကိုယ်က ချောမှ မချောတာ ... "

"အဟ ... မချောတဲ့လူတွေမှာလည်း ရည်းစားထားခွင့်ရှိပါတယ်နော် ... "

"အရင်ကတော့ ရှိခဲ့တာပေါ့ ... "

"ဟုတ်လား ... ပြောပြပါလား"

"အရင်က ... "

သူထက် ပြောမယ်အလုပ် ပေါက်ပေါက်စကားကို သွားသတိရသဖြင့် ဣန္ဒြေပြန်ဆယ်ကာ ...

"သြော် ... ဒီလိုပါပဲ ... "

"ပြောပြလို့မရဘူး ထင်တယ်နော် ... အဟင်း"

"လေဒီရော ချစ်သူ တစ်ခါမှ မရှိခဲ့ဖူးဘူးလား"

"အင်း ... လေဒီက အပြင်ထွက်တာနည်းတယ်"

"ဟုတ်လား ... ဒါဆို ကိုယ်ကံကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲ ..."

"ဟုတ်တယ်လေ ... ကိုယ် လေဒီနဲ့တွေ့ရတာ အရမ်းကံကောင်းသွားတာပေါ့ ... စစတွေ့ချင်းတုန်းကဆို စိတ်ထဲကနေ ဆင်ပေါက်သီချင်းတောင် ညည်းနေမိလိုက်သေး ..."

"ဘာသီချင်းလဲ ..."

"မျက်လုံးလေးနဲ့ ညို့ယူလိုက်တာ မင်းဘယ်သူလဲ ရှောင်လွှဲဖို့တော့ တဒင်္ဂလေးပဲ နောက်တစ်ခါကြည့်ရင် မငြင်းပါနဲ့ သိပ်ရှက်သွားသလားကွယ် ..."

"အဟ ... ဘာမှန်းလည်းမသိဘူး ... သုထက်ကလည်း"

"တကယ် လေဒီရဲ့ ကိုယ့်ရင်တွေ တဒိတ်ဒိတ်နဲ့ ခုန်တာဆေးတောင် မိမယ်မထင်ဘူး"

"ဟွန့် ... အပိုတွေ ..."

"တကယ်ပါဆို ... ကိုယ် လေဒီကိုမြင်မြင်ချင်း ချစ်နေမိတာ"

လေဒီသျှိုင်း သုထက်ကိုကြည့်ကာ အကဲခတ်နေသည်။ သုထက်က ရိုးသားစွာ ဝန်ခံလိုက်သဖြင့် မေနိုင်းခကိုလည်း မေ့နေပုံရသည်။ ပြုံးပြလိုက်သဖြင့် လေဒီသျှိုင်း ရင်ခုန်သွားသည်။ အို ... မဖြစ်သေးပါဘူး ... ငါက ဘာအတွက် ရင်ခုန်ရမှာလဲ ယောကျ်ားတွေများ မူယာမာယာများနေကြတာပဲ ... ရင်ခုန်လို့ မဖြစ်ဘူး။

"မဖြစ်ဘူး ..."

"အမ် ... ဘာမဖြစ်တာလဲ လေဒီ"





"အဲ ... မဟုတ်ဘူး ... ရည်းစားတစ်ခါမှ မထားဖူးတော့လေ"

"ဩော် ... ကိုယ်လည်း အရင်ကထားဖူးတယ်ဆိုပေမယ့် သူငယ်ချင်းလိုပဲ တွဲသွားတွဲလာကြတာပါ လေဒီရယ် ... လေဒီကိုယ်နဲ့ပတ်သက်ပြီး စိတ်ညစ်စရာတွေ မကြုံစေရဘူး စိတ်ချ ..."

"ယုံရမှာလား ..."

"သက်သေ ဘယ်လိုပြရမလဲ ... ပြော ကျိန်ပြရမလား"

"ကျိန်တာဟာ လိမ်တာနဲ့အတူတူပဲလေ"

"ဒါဆို လိမ်ပြရမလား"

"အမ် ..."

"အဲ ... ဟုတ်ပါဘူး ... ကိုယ်တကယ် လေဒီ့ကိုရင်ခုန်မိတာ အမှန်ပါ ..."

"ဒါဖြင့် လေဒီစဉ်းစားဦးမယ်လေ ..."

"အခုပဲ စဉ်းစားပါလား လေဒီရယ် ... ကိုယ်လေ လေဒီ့လက်ကိုဆွဲပြီး သွားချင်နေပြီ ..."

"ဘယ် ... ဘယ်ကိုလဲ"

"လျှောက်လည်ကြမယ်လို့ ပြောတာပါ"

"ဩော် ..."

"နော် ... လေဒီ"

လေဒီသျှိုင်း ခေါင်းညိတ်ပြလိုက်သဖြင့် သုထက်ပျော်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ လေဒီသျှိုင်းကို ကြည့်ကာ ...

"ကိုယ် ဒီနေ့ အပျော်ဆုံးပဲသိလား ... "

" ... "

"လေဒီနဲ့ကိုယ် ဒါဆို ချစ်သူတွေဖြစ်ပြီပေါ့နော် ... "

"အင်း ... "

"ဟား ... တကယ်ပဲ ကိုယ်ပျော်သွားပြီ ... "

အပျော်လွန်နေသော သုထက်ကို လေဒီသျှိုင်းကြည့်ရင်း စစ်ရှားကို သတိရမိပြန်သည်။ သက်ပြင်းတစ်ချက် မသိမသာချရင်း ကော်ဖီကို တစ်ငုံသောက်လိုက်သည်။

Royal Veiw တွင် ကေမိုဟန်နှင့် စစ်ရှားထိုင်နေသဖြင့် သုထက် ဝင်လိုက်ပြီး ...

"ကဲ ... သားကြီးတို့ အားရပါးရ စားပေတော့"

"ဘာလဲ မင်းက Sponsor လုပ်မလို့လား"

"ဒါပေါ့ ... "

စစ်ရှားက သုထက်ကို ကြည့်နေပြီး မျက်မှောင်ကြုတ်ကာ ...

"မင်းက ဘာဖြစ်လာတာလဲ ... ဒီမှာ ဘူနေတာနော်"





"မင်း ဘူနေပေမဲ့ ငါက လုံးဝ luck ကောင်းတဲ့နေ့ပဲ"

"ပြောလေ ... "

"ငါတကယ်ကြွေတဲ့ ခေါ်လေ ... ဒီနေ့ reply ပြန်တယ်"

"ဘယ်နေ့က propose လုပ်လို့လဲ"

"ဒီနေ့ပဲလေ ... "

"အင်း ... "

"ငါ မရမကတောင်းလာတာ ... "

"မင်းက အတည်ကြီးကြွေနေလို့လား ... "

"အေး ... "

"ဟို အရင်ကောင်မလေးကိုရော"

"ဘယ်တစ်လောက်လဲ ... "

"ငပေါက် ကျပ်ပေးတဲ့ကောင်မလေးလေ ... "

"အဲဒါက အပျော်ပါကွာ ... ရင်တောင်မခုန်ဘူး"

"ကောင်းတယ် ... မင်းလည်း စစ်ရှားလို ဖြစ်တော့မယ် ဟဟား ... "

"ဘာကိစ္စ ငါက ဖြစ်ရမှာလဲ"

"နောက်ဆို ကောင်မလေးတွေက လက်စွပ်လေးလုပ်ပေးပါဦး ဘာလေးဝယ်ပေးပါဦးနဲ့ မင်းတော့ မွဲမယ် ... "

"အဲဒါမျိုးတော့ မလုပ်ပေးနိုင်ဘူး ... အခုတောင် ရုပ်ရှင်လက်မှတ်ဖိုးရင်းလိုက်ရတာ တော်တော်ဝင်းချုပ်နေပြီ ... "

www.burmeseclassic.com



"ဩော် ... မင်းလည်း အဲဒါနဲ့ပဲသေမယ် ... ရည်းစားထားတာပဲကွာ ... ဒီလောက်ကတော့ ကျသင့်တာပေါ့"

"ဟော့ကောင်ရ မာမီလုပ်စာနဲ့စားနေရတာ မကုန်နိုင်ဘူး"

"ဒါဖြင့် မင်းဝင်လုပ်ပါလား ... "

"မာမီက မလုပ်နိုင်းလို့ပေါ့"

"လုပ်နိုင်းလည်း လုပ်မှာကျနေတာပဲ"

"ဒါနဲ့ ငပေါက်တစ်ယောက်ရော ... "

"သိဖူး ... မနက်တည်းက မတွေ့တာ"

"နေမျှားမကောင်းဘူးလား ... မသိဘူး"

"ကိစ္စရှိလို့ နေမှာပေါ့ကွာ ... "

"ဟော ... သေခဲဦးမယ် ဟိုမှာလာပြီ"

ကေမိုဟန်က မေးငေါ့ပြလိုက်သဖြင့် သုထက်နှင့်စစ်ရှားလှည့်ကြည့်လိုက်သည်။ ပေါက်ပေါက်က ဆံပင်ညှပ်ထားပြီး သေသေသပ်သပ် ဝတ်ထားသဖြင့် စစ်ရှားကရယ်ကာ ...

"ငပေါက် ... ဘာအရှူးထလာတာလဲ"

"ကျွတ် ... မပြောချင်တော့ပါဘူး ... Father ကြီးပေါ့ အလုပ်ကိုခေါ်သွားတာ ရှီးရှီးတန်းတန်း မခေါ်သွားဘူး ... ငါ့ကေကို ခုတ်ထစ်ပြီး ဒါကြီးနဲ့ခေါ်သွားတယ် ... သွားပါပြီ ... ဆံပင်လေးတွေတော့ ... "

ပေါက်ပေါက်က စိတ်ပျက်လက်ပျက်နှင့် ခုံဆွဲကာ ထိုင်





လိုက်သည်။ ကေမိုဟန်က ပေါက်ပေါက်ခေါင်းကို ကိုင်ကြည့်ပြီး ...

"မင်းက ခုမှ gentleman ပုံပေါက်သွားတာ အရင်ကဆို gypsy ရုပ်ပေါက်နေတာ ... "

"တော်စမ်းပါကွာ ... နေတတ်သလိုနေတာပဲ ... ငါကတော့ ငါ့ဆံပင်တွေပဲ နှမြောတယ် ... နောက်ဆုံးနှစ်ထဲက ထားလာတာကွာ ... တစ်နှစ်ကျော်လောက်ရှိပြီ ... "

"ခုလိုသွားတော့ မင်းအကုန်အကျသက်သာတာပေါ့ ... နို့မို့ဆို ဆိုင်သွားပြီး ခေါင်းလျှော်ရတာနဲ့ အကြေကောက်ကောက်ရတာနဲ့ ဖွာရတာနဲ့ မင်းကိုရတဲ့မိန်းမကတော့ ၉၀%က ဆံပင်ညှပ်ဆိုင်ကျော်တကောက်ဖြစ်ဖို့များတယ် ... ခဏခဏ သွားနေတာကိုး"

ပေါက်ပေါက်က မျက်စောင်းကိုအပီအပြင်ထိုးလိုက်သေးသည်။

"ငါ့မှာ "သ"စရာဆိုလို့ ဒီဆံပင်လေးပဲရှိတာပါကွာ"

"ခု မရှိတော့ဘူးလေ ... သိပ်'သ'ချင်ရင်တော့ ငါခေါင်းစိုက်ပေးမယ် ... မင်း ပိုက်ဆံစိုက် ... လာ ... ဆံပင်ညှပ်ဆိုင်သွားရအောင်"

"တော် ... တော် မင်းကိုလုပ်ပေးမဲ့အစား ဆံပင်ညှပ်ဆိုင်အတွက် ရုံပုံငွေပဲထည့်လိုက်မယ် ... "

"ဩော် ... သိပ်ချစ်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် ... အရမ်းချစ်တာ ... မင်းကိုတော့ မဟုတ်ဘူး၊ ဆံပင်ညှပ်ဆိုင်က ဆော်လေးတွေကို ရှင်းလား ... "

"နာဘူး ... "

"ဘူး ... ဘူးပဲ ဘာဖြစ်လဲ"

"ကဲ ... ကဲ ... တော်ကြပါတော့ကွာ ... ငပေါက် ဘာ သောက်မလဲ ... "

"ထုံးစံအတိုင်းပဲ ... "

ပြောင်းလဲစရာမှ မရှိတာ ...

BURMESE CLASSIC

အခန်း (၁၀)

လေဒီသျှိုင်း မေနိုင်းခရှေ့ ပိုက်ဆံအိတ်ကို ပစ်တင်လိုက်ပြီး ဆိုဖာနံပေါ် မှီလိုက်သည်။ မေနိုင်းခ သေချာကြည့်လိုက်ပြီး ...

"ဘာဖြစ်လာလို့လဲ လေဒီ ... "

"ဟင်း ... တို့တော့ မှားသွားပြီထင်တယ်"

"ဘာမှားတာလဲ ... "

"ဒီနေ့ပဲ တစ်ယောက်နဲ့ချိတ်လာတာ ... "

"အင်း ... အဲဒါ ဘာဖြစ်လဲ ... ခါတိုင်းလဲ မင်းအဲလိုပဲဟာ ရေးကြီးခွင်ကျယ်လုပ်လို့ ... "

"သူ့ တို့ကို တကယ်ကြွေသွားပုံပဲ"

မေနိုင်းခက မျက်စောင်းထိုးလိုက်ပြီး TV ဖွင့်လိုက်သည်။ လေဒီသျှိုင်းက ဆက်ပြီးပြောသည်။

"ဆိုးတာက တို့ကလည်း သူ့ကို တကယ်ရင်ခုန်သွားတယ်"

"အမ် ... မင်း လေဒီသျှိုင်းပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... ဘာဖြစ်လို့လဲ"

"မင်း တကယ်ကြွေတဲ့ လူလည်းရှိသေးသားနော်"

"မေနိုင်းကလည်း မင်းလည်း မင်းအရင်ဘဲကို ရင်ခုန်သေး တာပဲ"

"ဒါတော့ ဒါပေါ့ ... ဒါပေမဲ့ မင်းနဲ့အခုဘဲနဲ့က ဒီနေ့မှ ချစ်သူ တွေ ဖြစ်ကြတာလေ ..."

"မသိဘူးကွာ ... တို့တော့ သူ့ကို ချစ်မိနေပြီထင်တာပဲ"

"အဲဒီတော့ ခုဘာအတွက်နဲ့ ညစ်နေရတာလဲ"

"ဝဋ်လည်မှာ ကြောက်လို့ ..."

"သြော် ... ကြောက်တတ်သား"

"မင်းရော ... အဲဒီဘဲထားသွားမယ်ဆိုရင် ဘယ်လိုနေမလဲ"

"အင်း ... မထားသွားအောင်တော့ အတတ်နိုင်ဆုံး ချုပ်ရ မှာပဲ"

"ဟူး ... အချစ်ရှိတော့လည်း မွန်းကျပ် အချစ်မရှိတော့ လည်း ဟာတာတာကြီးနဲ့ စိတ်ရှုပ်ပါ့ကွာ"

"ဘဲက လုံးဝ အလန်းဖယားလား"

"မပြောတတ်ဘူး ... ဂိုက်ပေးကတော့ ကြမ်းတယ်"

"ဟဟ ... သေချာ လေ့လာဦးနော်"

"မိတ်ဆက်ပေးမယ် ... မိတ်ဆက်ပေးမယ်နဲ့ လွဲလွဲနေ တယ်"





"ဘယ်သူနဲ့လဲ ..."

"နှစ်ယောက်စလုံးနဲ့လေ ..."

"မင်း အတည်ကြွေတဲ့ ဘဲနဲ့ပဲ မိတ်ဆက်ပေးတော့လေ"

"Ok ... တစ်နေ့တော့ မိအောင်ကို ချိတ်ဆက်ပြီး မိတ်ဆက် ပေးမယ် ... ဟုတ်ပြီလား"

"ပုံကို Show လိုက်မယ်လေ ... သူ့ဘက်ကလည်း တကယ် ကြွေနေရင်တော့ Congratulation လုပ်ရမှာပေါ့ ..."

"လောလောဆယ် စိတ်ပင်ပန်းနေပြီကွာ ... gym သွား ဆော့ရအောင်"

"Ok ... အကျီလဲလိုက်ဦးမယ်"

"မြန်မြန်လုပ်နော် ..."

"အင်း ..."

မေနိုင်းက ပေါ့ပါးစွာ ထသွားပြီး အကျီသွားလဲသည်။ လေဒီသျှိုင်း ဆိုဖာခုံပေါ် လဲချလိုက်ပြီး သက်ပြင်းချလိုက်သည်။

"အရူးထပြီးတော့များကွာ gym လာဆော့ရမယ်လို့ ဗိုက်ဆံ တွေတော့ ကုန်ပါပြီ"

"ဟော့ကောင် သူထက် မင်းဗိုက်ဆံကုန်တာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ပြောမနေနဲ့သုထက် ... စစ်ရှားက body Structure တော့်မှ နေသာထိုင်သာရှိတာ"

"စကားများတယ်ကွာ ... "

"ဘာစိတ်ကူးပေါက်နေလဲ မသိဘူး"

စစ်ရှား ကေမိုဟန်စကားကို ဂရုမစိုက်ဘဲ မသိချင်ယောင်ဆောင်နေလိုက်သည်။

မေနိုင်းခနဲ့ လေဒီသျှိုင်းတို့နှစ်ယောက် စကားပြောရင်းဝင်လာသည်။ လေဒီသျှိုင်းစကားကို မေနိုင်းခက ခေါင်းတညိတ်ညိတ်နှင့်လာရင်း စစ်ရှားနှင့်သုထက်ကို တွေ့လိုက်သဖြင့် ပါးစပ်ကိုလက်နှင့်အုပ်မိလိုက်သည်။

"ဘာဖြစ်လို့လဲ မေနိုင်း ... "

"လာ ... လာ ... တခြားသွားရအောင်"

"ရောက်နေပြီလေ ... "

"ရှော့ရှိတယ် ... မြန်မြန်လာ တခြားမှာသွားဆော့မယ်"

မေနိုင်းခ လေဒီသျှိုင်းလက်ကို ဆွဲကာ ပြန်ထွက်သွားသဖြင့် လေဒီသျှိုင်း ကြောင်သွားသည်။ ကားပေါ်ရောက်မှ လေဒီသျှိုင်းက

"ဘာဖြစ်တာလဲ မေနိုင်း ... "

"တို့ ဘဲနှစ်ပွေ gym ဆော့နေတယ်"

"ဩော် ... "





"သူငယ်ချင်းတွေထင်တယ် ... "

"ဟုတ်လို့လား ... "

"စကားပြောနေတာ တွေ့တယ် ... "

"ဟင်း ... နယ်မြေကျူးပြီထင်ပါရဲ့"

"ဟုတ်ပ့ါကွာ ... သူငယ်ချင်း နှစ်ယောက်ကိုမှ တို့ကလည်း ယားကပ်မိရတယ်လို့"

"အဲဒါပြောတာပေ့ါ သေချာမှ မစုံစမ်းတာ ... "

"ဟွန်း ... ဘယ်သိမလဲ၊ ဒီလောက်ထိ တိုက်ဆိုင်နေမယ်လို့ထင်မှ မထင်ထားတာ"

လေဒီသျှိုင်းက ခေါင်းခါကာ မေနိုင်းခကို စောင်းကြည့်သည်။ မေနိုင်းခတစ်ယောက် စိတ်လှုပ်ရှားနေပုံရသည်။ နောက်သို့ ခဏခဏ လှည့်ကြည့်ကာ ...

"ဒီပုံစံတိုင်းဆို မဖြစ်တော့ဘူး လေဒီ ... တို့ဘက်က စအကွက်ရွှေ့မှရမယ်"

"ဘယ်လို ရွှေ့မှာလဲ"

"စဉ်းစားရမယ် ... ကဲ အခု အဲဒါတွေထားပါ _ တခြားနေရာသွားရအောင် ... "

"အင်း ... "



www.burmeseclassic.com

www.burmeseclassic.com



"မောလာပြီကွာ စစ်ရှားရာ ... ပြန်ရအောင်"

"ခဏလေးပါကွာ ... "

သုထက်၊ ကေမိုဟန်နှင့်ပေါက်ပေါက်တို့ ချေးသုတ်ကာ အပြင်ထွက်လာခဲ့သည်။ ပေါက်ပေါက်က ...

"သုထက် ဒီကောင် ဘာတွေဥနေလဲမသိဘူး ... "

"မသိဘူးလေ ... "

"သွားမပြောနဲ့ လွှတ်ထားလိုက် ... ဒီအချိန်က သူ့အတွက် အကောင်ဆုံး စိတ်ဖြေတဲ့ အချိန်ပဲ ... "

"ဩော် ... လွှတ်သာထားရတာ စိတ်ဖောက်ပြီး ဆော်နှစ်ပွေလုံးနဲ့များ သွားတိုးရင် အသက်ပါထွက်နိုင်ပုံပဲနော်"

"ကူတော့ ကူညီပေးချင်ပါရဲ့ ... ဘယ်ကစလို့ ဘယ်လိုကူရမှန်းကို မသိတာ ... "

"ထားလိုက်ပါဆိုကွာ ... "

"အေးလေ ... ထားဆိုတော့လည်း ထားရတာပေါ့"

"ငါတို့ ဒီည ဝိုင်းကြရင် မကောင်းဘူးလား ငပေါက်"

"မကောင်းဘူး ... ငါ မနက်ဖြန် Father ကြီးနဲ့အလုပ်လိုက်သွားရမှာ ... အရက်နံ့ထွက်နေရင် ဒီကရှိတဲ့ခေါင်းမွှေးလေးပါ ပြောင်အောင် လုပ်ပလိုက်လိမ့်မယ် ... "

"ကြောက်တယ်ပေါ့ ... "

"ကြောက်တယ် ... "

စစ်ရှားရောက်လာသဖြင့် သုထက်တို့ ဆက်မပြောဖြစ်တော့





"သွားမယ်လေ ... "

စစ်ရှားက ကားတံခါးဖွင့်နေတုန်း ပခုံးကိုလာပုတ်သဖြင့် ကြည့်လိုက်သည်။

"မင်း ... စစ်ရှားပါနော်"

"ဟုတ်တယ် ... မင်းက ... "

"ငါ ... ဆက်ပိုင်လေကွာ ... "

"ဟာ ... ဆက်ပိုင်"

"အေး ... "

စစ်ရှားက သုထက်ကားကို လက်လှမ်းပြသဖြင့် သုထက်ကားထဲမှ ထွက်လာပြီး ပေါက်ပေါက်ကားမှန်ကို ခေါက်လိုက်သည်။

"ဒီကောင် ဆက်ပိုင်လေ ... မှတ်မိလား"

"ဆက်ပိုင်လား ... မင်း ရန်ကုန်ရောက်နေတာကြာပြီလား"

"အေး ... တစ်နှစ်လောက်ရှိပြီ၊ မင်းတို့က အရင်ကလိုပဲနော် ... "

"ဟဲ ဟဲ ... ရှိတဲ့အဖွဲ့လေး ကွဲမသွားအောင် မနည်းလုပ်ထားရတာ ... မင်း ဘယ်လာတာလဲ"

"gym လာဆော့တာ ... မင်းတို့လည်း လာဆော့တာလား"

"အေး ... တစ်ခုခုသွားသောက်ရအောင်ကွာ ... မတွေ့တာကြာတော့ စကားလေးဘာလေး ပြောရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လေဒီရာ ... စိတ်တွေညစ်ပါတယ်၊ ခဏခဏသာ အဲလိုဆို နေရင်တော့ ကျိုင်ပဲ ... "

"မင်း နှစ်ယောက်ထဲက တစ်ယောက်ကိုရွေးပေါ့"

"အင်း ... စစ်ရှားကိုပဲ ရွေးရမှာပဲ"

"ကျွိ ... "

"အမလေး ... "

လေဒီသျှိုင်း ရုတ်တရက်ကားကို ရပ်လိုက်သဖြင့် မေနိုင်းခ လန့်သွားသည်။

"ဘာ ... ဘာဖြစ်တာလဲ ... လေဒီရယ်"

"မင်း ... ခုနက ပြောလိုက်တာ ဘယ်သူ ... "

"တို့ဘဲလေ ... စစ်ရှား"

"သွားပြီ ... မေနိုင်း"

"ဘာဖြစ်လို့လဲ ... "

"အဲဒီဘဲ တို့ကိုလှည့်သွားပြီ"

"ဟင် ... ဘာ ဘာဖြစ်လို့လဲဟင်"

"တို့ပြောတဲ့ baby က စစ်ရှားပဲလေ"

"ဟင် ... စစ် ... ရှား ဟုတ်လား"

"အို ... ရှုပ်ပါတယ်ကွာ ... တို့ စစ်ရှားကို ဖြတ်လိုက်မယ်"

"လေဒီ ... မင်း စစ်ရှားကို ကြွေနေတာလား"





"မဟုတ်ပါဘူး ... တို့က သူထက်ကို ကြွေတာ"

"ဟာ ... လာပြန်ပြီ ... သူထက် တဲ့ ... "

"ဘာဖြစ်လို့လဲ မေနိုင်း ... "

"အဲဒါ Phone man လေ ... လေဒီ"

"ဟူး ... ကျွတ် ... ဒီဘဲ နှစ်ပွေက သူငယ်ချင်းလား"

"အင်း ... "

"ဒါဆို သေချာပြီ တို့နှစ်ယောက်ကို လှည့်စားသွားတာပဲ"

"အဲဒီတော့ ဘယ်လိုလုပ်မလဲ လေဒီ"

"ခဏနေဦး မေနိုင်း ... သူတို့က သိရက်နဲ့ ဒီလိုလုပ်တာ လားဆိုတာ စောင့်ကြည့်ရမယ်"

"အင်း ... "

လေဒီသျှိုင်းနှင့်မေနိုင်းခတို့နှစ်ယောက် သက်ပြင်းချလိုက် သည်။

"တိုင် ... ဆက်ပိုင် ... ဒီဆိုင်မှာ ငါတို့ထိုင်နေကျပဲ"

"အေးကွာ ... မြန်မာပြည်ရောက်ရောက်ချင်း မင်းတို့ကိုရှာ သေးတယ် ... အရင်နေရာတွေကလည်း ပြောင်းတုန်းပြီဆိုတော့"

"အေး ... ဟုတ်တယ် ... ဘာသောက်မလဲ"

"ကော်ဖီပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်က မှာလိုက်ပြီး ဆေးလိပ်ကို မီးညှိကာ ...

"ဘယ်လိုလဲ ... ဆက်ပိုင် ကလေးဘယ်နှစ်ယောက်ရပြီလဲ"

"ဟာကွာ ... လူပျိုစစ်စစ်လေးကွ ... မိန်းမတောင် မရသေးဘူး"

"ဟာ ... တကယ် ငါတို့က အဖွဲ့ထဲမှာ ဈေးဦးပေါက်တာ မင်းအရင်ဆုံးပဲ ထင်နေတာ"

"နေပါကွာ ... ဒီရုပ်လေးနဲ့ ဗန်းပြနေရတာ ကြာတော့ ပင်ပန်းလာပြီ ..."

"ရည်းစားရော ..."

"နှစ်ယောက်ထားပြီးထဲက No ပဲ"

"ထားလေကွာ ... နှစ်ယောက်က နည်းတာပေါ့"

"အဲဒီနှစ်ယောက်က မီးခဲပေါ့ ... မီးခဲ နောက်မှသိရတာ သူငယ်ချင်းတွေဖြစ်နေမှန်း ... ငါ့မှာ အားနာလိုက်တာကွာ"

"အေး ... ငါတို့လည်း အဲလိုဖြစ်နေတယ်ကွာ ... မင်း ဘယ်လိုရှင်းလိုက်လဲ"

"ငါက မရှင်းရဘူး ... သူတို့က ရှင်းသွားတာ"

"ကောင်းလှချည်လား ... မင်းက တကယ်ကြွေလို့လား"

"မကြွေပါဘူးကွာ ... ဒီတိုင်းပဲလှလို့ ဖန်ကြည့်တာ မမတို့နှစ်ယောက်က ဆရာကြီးတွေ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ခုတ်နေကြတာ ... စိတ်ကလည်းကြီးပ့ါ ... လေဒီသျှိုင်းဆိုတဲ့ဆော်





က ပိုဆိုးတယ် ..."

"ဘာ ... ဘာ ဘယ်သူ"

ဆက်ပိုင်စကားကို သုထက်နှင့်စစ်ရှား ပြိုင်တူမေးလိုက်သဖြင့် ကေမိုဟန်နှင့်ပေါက်ပေါက်တို့ ကြည့်နေကြသည်။ ဆက်ပိုင်က ...

"လေဒီသျှိုင်းလေ ... သိလို့လား"

"နောက်တစ်ယောက်က ... မေနိုင်းခလား"

"အင်း ... မင်းတို့တောင် သိနေပါလား ... နာမည်ကြီးတွေထင်ပါရဲ့ ..."

"အဲဒါ ငါ့ရည်းစားတွေကွ"

"ဟေ့ကောင် ... စစ်ရှား သေချာလို့လား ... အဲဒီနှစ်ယောက်က ငါနဲ့နော် ..."

"အမ် ..."

"ဘယ်လိုတွေဖြစ်ကုန်ပြီလဲဟ ..."

"မင်း ခုနကပြောတာ ဘာဖြစ်တယ် ... အဲဒီနှစ်ယောက်က ပြိုင်နေကြတာ ဟုတ်လား"

"အေးလေ ... ငါနဲ့မေနိုင်းခနဲ့ကြိုက်တယ် ... သူနဲ့ကြိုက်နေတုန်း လေဒီသျှိုင်းနဲ့တွဲတာ မေနိုင်းခသိသွားတော့ ဖြတ်တယ် ... သိပ်မကြာဘူး လေဒီသျှိုင်းပါ ဖြတ်သွားရော ..."

"သုထက် ... ဒါဆို သူတို့နှစ်ယောက်က တကယ်မကြွေဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်နေကြတာပေါ့"

"အဲဒါတော့ စုံစမ်းမှပဲသိမယ် စစ်ရှား ..."

"ကဲ ... ကဲ ... မပြောဘူးလား ... မိန်းမတွေများ ကြော်ကြာ စရာကောင်းပါတယ်ဆိုနေ ..."

"နေစမ်းပါဦးကွာ ... ငပေါက်ရာ မင်းကတစ်မျိုး အဲတော့ သုထက် ... ငါတို့ ဘယ်လိုဆက်လုပ်ကြမလဲ"

"မင်းရွေးလေ ... သူတို့ဘက်က မရိပ်မိခင် နှစ်ယောက်ထဲက တစ်ယောက်ကိုရွေး ..."

"ငါ ...မေနိုင်းကို တကယ်ချစ်တာ မင်းရော သုထက်"

"တော်ပါသေးရဲ့ကွာ ... ငါက လေဒီကို"

"ဟူး ..."

သုထက်နှင့်စစ်ရှား သက်ပြင်းချလိုက်သဖြင့် ကေမိုဟာန်တို့ ပြုံးကြရသည်။

ခုမှ ... ပွဲကကြည့်ကောင်းမှာ ...

အခန်း (၁၁)

လေဒီသျှိုင်းက စစ်ရှားကို တစ်ချက်ကြည့်လိုက်ပြီး ကော်ဖီကို သောက်လိုက်သည်။ စစ်ရှားကလည်း လေဒီသျှိုင်းကို ခပ်မှုန်ကုတ်ကုတ် ပုံစံနှင့် Show သည်။ လေဒီသျှိုင်းက ...

"လက်စွပ်ဆင်တူ ဝတ်ရင်ကောင်းမလား စစ်ရှား ..."

"သဘောလေ ... ကျောက်နဲ့ဆိုရင်တော့ ကိုယ်မဝတ်တတ်ဘူးနော်"

"ရပါတယ် ... တချို့တွေကျတော့လည်း ... ကျောက်ပါမှ ဝတ်တတ်ကြတော့ Order မှာထားတာတွေက အလကားဖြစ်ကုန်ပြန်ရော"

လေဒီသျှိုင်းက စောင်းပြောလိုက်သဖြင့် စစ်ရှား သေချင်ယောင်ဆောင်လိုက်ရသည်။

"ဒါပေါ့ ... ပြီးရင် ရုပ်ရှင်သွားကြည့်ရအောင်လေ ... ကိုယ်"



www.burmeseclassic.com

www.burmeseclassic.com



Super log တန်းကို booking လုပ်ထားတယ် ...”

“အင်း ...”

“နှစ်ထပ်ရှိမှ မှတ်မိအောင် နောက်ဆို Super log တန်းကပဲ ကြည့်ရအောင်လေ ဒါမှ ကြည့်ဖူးတယ်ရှိမှာပေါ့ ...”

စစ်ရှားက ပြန်စောင်းပြောလိုက်သဖြင့် လေဒီသျှိုင်းကြည့်လိုက်ပြီး ပြုံးလိုက်သည်။

“ကောင်းသားပဲ ...”

လေဒီသျှိုင်းကို စစ်ရှားကြည့်ပြီး မသိမသာပြုံးလိုက်သည်။

“ကိုယ်တို့ လက်စွပ်ဆင်တူဝတ်ရအောင်လား”

မေနှင်းခက လက်စွပ်ဗူးကို ဖွင့်ကြည့်လိုက်ပြီး ပြုံးလိုက်သည်။

“ကျောက်လေးနဲ့ လှသား ...”

“အင်း ... ကျောက်မပါရင် မဝတ်တတ်ဘူး ထင်လို့လေ”

“ဪ ... အဟင်း ... သုထက်က အရမ်းတော်တာပဲ ... ဟန်နီဖြင့် ရင်တွေတဒိတ်ဒိတ်ခုန်တာ ဆေးတောင်မီမယ်မထင်ဘူး”

မေနှင်းခပြောလိုက်သဖြင့် သုထက်စိတ်ထဲ အောင့်သွားသည်။ သို့သော်လည်း ပြုံးလိုက်ပြီး ...





“ဆေးကတော့ ရှိမှာပါ ဟန်နီရယ် ... ဘာကိုသောက်ရမှန်းသာ မသိဘူးဖြစ်နေတာ ... မဟုတ်လား”

“အဟင်း ... ဟင်း ... ဟုတ်မှာ”

“ဒါနဲ့ ... ဟန်နီ့သူငယ်ချင်းတွေဘာတွေ မရှိဘူးလား ... ကိုယ့်သူငယ်ချင်း စစ်ရှားဆိုတဲ့ကောင်နဲ့ မိတ်ဆက်ပေးချင်လို့ ...”

သုထက်စကားကို မေနှင်းခ ကော်ဖီသောက်ရင်း နားထောင်နေရာမှ ...

“အင်း ... လောလောဆယ် ဘက်ပဲ့နေတဲ့ သူငယ်ချင်းတစ်ယောက်တော့ရှိတယ် ... မိတ်ပေးချင်ရင် မိတ်ပေးလိုက်လေ ... နာမည်က လေဒီသျှိုင်းတဲ့ ...”

“ဟုတ်လား ...”

သုထက် ခဏတာ ‘အ’ သွားပြီးမှ ...

“သူတို့နှစ်ယောက်ကို အောင်သွယ်ပေးလိုက်ရအောင်လား အင်း ... ဒါပေမဲ့ စစ်ရှားက ကြိုက်မှကြိုက်ပါ့မလား မသိဘူး”

“ကိုကလည်း လေဒီသျှိုင်းလည်းချောပါတယ် ... ကို မြင်ရင် ကြွေသွားမှာတောင် စိုးရိမ်ရတယ် ... အဟင်း ဟင်း”

“ဟုတ်လား ... စစ်ရှားလည်း ခန့်တာပဲ ... ဒါပေမဲ့ ဒီကောင်က ဆော်ရှုပ်တတ်တဲ့ အကျင့်လေးတော့ရှိတယ် ... ကျန်တာအားလုံး ကောင်းပါတယ် ...”

“ကို့ သူငယ်ချင်းပီသတယ်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကိုယ်ဆော်ရှုပ်တယ်လို့ ဟန်နီ့ကို ဘယ်သူကပြောလဲ"

"ဩော် ... ဒီတိုင်းပဲ မှန်းကြည့်တာပေါ့"

"ဟုတ်လား ... ဒါပေမဲ့ကွာ ကိုယ်တို့က ရှုပ်သာရှုပ်ခဲ့ရတာ တကယ်ကြွေရင်တော့ အတည်ယူမှာပါ"

"ဆိုလိုတာက ဟန်နီလည်း ကို့ရဲ့ အပျော်ရည်းစားထဲကပဲလား"

"ဟာ ... အဲလိုတော့ မဟုတ်ပါဘူး"

"ဒါဖြင့် ... ယူမှာပေါ့၊ ကြိုပြောနော် ... အိမ်ကလူကြီးတွေရဲ့ ရာသီဥတုကိုကြည့်ပြီး ဖွင့်ပြောရမှာ"

"အဲ ... အင်း ... အဟင်း"

"ဘာပဲဖြစ်ဖြစ်လေ ... ကိုကတောင် ယူဖို့စဉ်းစားနေမှတော့ ဟန်နီလည်း အိမ်ကိုပြောထားနှင့်ရတော့မှာပေါ့"

"ဟို ... ဟန်နီ ... ကိုယ်က အခုလောလောဆယ် အလုပ်မရှိသေးတော့ မာမီက ခွင့်ပြုပါ့မလားတောင် မသိဘူး ... "

"ပိုက်ဆံက အဓိက မဟုတ်ပါဘူး ကိုရယ်"

"ဟုတ်တော့ ဟုတ်ပါတယ် ... ဒါပေမဲ့ မာမီက အလုပ်ရှိမှ မိန်းမယူရမယ်ပြောလို့ ... "

"ဩော် ... ဟုတ်လား ... ဒါဖြင့်လည်း စောင့်ကြတာပေါ့နော်"





"အင်း ... အဲလိုလည်း ကောင်းပါတယ် ... ဟုတ်တယ်"

သူထက် စကားကိုလွတ်အောင် ရုန်းလိုက်ပြီး သက်ပြင်းချလိုက်သဖြင့် မေနိုင်းခ ပြုံးလိုက်သည်။ ယောကျ်ားတွေများ ကိုယ်လွတ်ရုန်းတတ်သားပဲ ... မဆိုးပါဘူး ... ။

"အဲဒီတော့ ဘာဆက်ပြောလဲ မေနိုင်း ... "

"ဟင့်အင်း ... ဒီအတိုင်းပဲ Follow လိုက်ပြီး လျှောချလိုက်တယ်၊ ဒီလူနှစ်ယောက်လည်း တို့နှစ်ယောက် သူငယ်ချင်းဆိုတာသိနေပုံပဲ ... "

"ဟုတ်မယ် ... လေဒီ၊ ပုံစံတွေကြည့်ရတာ မေနိုင်းတို့ထဲက တစ်ယောက်ကို ဖြတ်ပြီး တကယ်ကြွေတဲ့ လူကိုရွေးမဲ့ပုံပဲ"

"ဒါဖြင့် သူထက်ကြွေတာ မေနိုင်းလား ... "

"ထင်တာပဲ ... အဲဒါကြောင့်မို့ ယူဖို့ထိပြောနေတာပေါ့ မေနိုင်း ကရော ... "

"တို့က စစ်ရှားကို သတိလည်းရတယ် ... ဒါပေမဲ့ စစ်ရှားက လေဒီကိုရွေးခဲ့ရင်ရော လေဒီဘယ်လိုလုပ်မလဲ ... "

"ကျွတ် ... တိုင်ပတ်နေပြီ အခုမှ ... "

"ဒီလိုလုပ်ကြည့်ပါလား ... လေဒီ စစ်ရှားတို့ရွေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … မေနိုင်းက သုထက်ကိုရွေးမယ်ပေါ့"

"ဒီလိုလေကွာ … သူတို့ ဘယ်သူ့ကို အမှန်ကြွေလည်းဆိုတာ တို့တွေ တွဲကြည့်မှပဲ သိမှာ … "

"အဲဒီတော့ … "

"လေးယောက်သား ဆုံပြီး စကားပြောကြည့်ရအောင်လား တို့စစ်ရှားအကြောင်း သိရသလောက်တော့ စစ်ရှားက အားနာတတ်တယ် … မင်းသာ သူ့ကိုရွေးမယ်ဆိုရင် သူတို့ကိုရင်ခုနှစ်လည်း မင်းကို အားနာပြီး တွဲမှာပဲ အဲဒီကျမှ နောက်ဆက်တွဲ အခြေအနေကို လေ့လာကြတာပေါ့ … "

"ဖြစ်ပါ့မလား မေနိုင်း … "

"ဒါကတော့ စမ်းသပ်ကြည့်ရမှာပဲ"

"ကိုယ်ကြိုက်တဲ့ ဘဲကို ကိုယ်ရွေးလိုက်တာ မဟုတ်ဘူးကွာ"

"အဲလိုနဲ့တော့ လွယ်လွယ်နဲ့ မလွှတ်လိုက်ချင်ဘူး … ဒီဘဲတွေ တို့နှစ်ယောက်အကြောင်းတော့ သိသွားစေရမယ် … ပါးပါးလေး ဖြစ်ဖြစ် ပညာပေးလိုက်ချင်သေးတယ်"

"အိုကေလေ … ဒါဆို တို့ပြန်တော့မယ် အကြောင်းထူးရင် ဖုန်းလှမ်းဆက်လိုက်နော်"

"အိုကေ … လေဒီ"





သုထက်က ဆေးလိပ်ကို ပြာခွက်ထဲ ထိုးချေပြီး အငွေ့ကို မှုတ်ထုတ်လိုက်သည်။ စစ်ရှားကို ကြည့်ကာ …

"မင်း … မေနိုင်းခကို ရွေးလိုက်တော့လေ"

"အေး … ငါနဲ့လေဒီနဲ့လည်း မတွေ့ဖြစ်ဘူး"

"ဟိုတစ်နေ့က တွေ့တယ် မဟုတ်လား … "

"အဲဒီနေ့က မပြောဖြစ်လိုက်ဘူး"

"ဒါဖြင့် ထပ်ချိန်းလေကွာ … ငါလည်း မင်းကောင်မလေး ဖြတ်လိုက်မယ် … "

"ငါတော့ မျက်စိုးခပ်လှုပ်လှုပ်ပဲကွာ"

"ဘာကိစ္စ လှုပ်ရမှာလဲ"

"မသိတော့ဘူးကွာ … ရင်တွေတောင် ထိတ်တယ်"

"ဘာမှ ထိတ်မနေနဲ့ … သူတို့တွေတောင် ရှုပ်သေးတာပဲ၊ ရင်ထိတ်ချင်းထိတ် သူတို့ထိတ်ရမှာ ယောကျ်ားလေးဖြစ်ပြီး မင်းက ဘာဖြစ်ရပြန်တာလဲ"

ပေါက်ပေါက်နှင့်ကေမိုဟန် လက်ဖက်ရည်ဆိုင်ထဲ ဝင်လာသည်နှင့် ပေါက်ပေါက်က …

"ကဲ … သားကြီးတို့ ဆွေးနွေးလို့ ပြေလည်ကြရဲ့လား"

"ကောင်မလေးတွေဘက်ကို အသာထားဦး … ဒီမှာ စစ်ရှား တစ်ယောက်တောင် တော်တော်စည်းရုံးနေရတယ် … "

"အဲဒါပြောတာပေါ့ကွာ … မိန်းမတွေကို လျှောတွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ ... ဟ ဟား မင်းတို့နှစ်ကောင်ပဲ အခုတော့ ကားကားကြီးဖြစ်နေပြီ ... "

"အဲလိုတော့ မပြောနဲ့လေ ... သူတို့လည်း ငါတို့ကိုထွေးတွက်မိလို့ နှစ်ယောက်လုံးနဲ့လာငြိနေသေးတာပဲ မဟုတ်လား"

"ဒါပေမဲ့ မိန်းမလေကွာ ... Brain ကတွေ့ကောက်ပြီးနက်ရှိုင်းတာ ... ဉာဏ်နီဉာဏ်နက်တော့ ထွက်မှာပါ ... အခုနေသူတို့လည်း တစ်ခုခုကြံနေမှာပဲ ... မင်းတို့လည်း ကြံပြင်သွား"

"ဘယ်ကိုသွားရမှာတုန်း ... "

"လေးယောက်ဆုံပြီး ရှင်းပေါ့ဟ"

"အာ ... အဲ ... အဲဒါတော့ မဖြစ်ဘူးထင်တယ်"

"မင်းတို့က တစ်ယောက်ချင်းရွေးလိုက်မယ်ဆိုရင် အရွေးမခံရတဲ့ တစ်ယောက်က ဘယ်လောက်ထိ စိတ်ထိခိုက်သွားမလဲ ... ဟဲ ဟဲ ... အဲဒါလည်း တစ်မျိုးတော့ကောင်းပါတယ် ... ကလဲ့စားချေရာရောက်တာပေါ့"

"အဲလိုကြီးလည်း မလုပ်ချင်ပါဘူးကွာ ... "

"ဟ ... မလုပ်လို့မရဘူးလေ ... ကဲ ... စစ်ရှား မင်းအဲဒီဆော်တွေအတွက်နဲ့ ဘယ်လောက်အကျပ်ရိုက်ခဲ့ရလည်း မှတ်မိလား၊ အေး ... နည်းနည်းလေး ပြန်စဉ်းစားဦး သားကြီး"

"ဒါဆိုရင် ငါတို့က လေးယောက်ဆုံပြီး ရှင်းကြသင့်တာပေါ့"

"ဒါပဲလေ ... "





"အဟီး ... မျက်နှာပူစရာကြီးကွာ"

"ဘာ ခုမှ ကြောက်ပါပြီလဲ ... မင်း အဲလို အားနာနေသလား ... ဟိုဘက်က စလှုပ်ရှားသွားမှ မင်းနာမှာ ... "

"ဘာဆိုင်လဲကွာ ... "

"ဆိုင်ဆိုင် မဆိုင်ဆိုင် ... ငါတို့ပြောတာကိုလုပ် မင်းတို့နှစ်ယောက်အတွက် အကျိုးယုတ်တာ တစ်ခုမှ မရှိဘူး"

"အေးလေ ... အဲလိုပဲ လုပ်ကြတာပေါ့ဟုတ်လား စစ်ရှား"

"ဖြစ်ပါ့မလား ... သူထက်ရာ"

"ဖြစ်ချင်ရာဖြစ်ကွာ ... ဒီလမ်းကြောင်းကိုပဲ ရွေးချယ်လိုက်ပြီ ... "

သူထက် လက်မောင်းကို ချိတ်ထားသော လေဒီသျှိုင်းကို ကြည့်ရင်း စိတ်ထဲ ကြည်နူးလာသည်။ မကြာခင် ကိုယ်မင်းနဲ့ အတည်တွဲရမှာပါ လေဒီရယ် ... ခဏပဲစောင့်ပါ ...

"လေဒီ"

"ရှင်"

"ကိုယ်တို့ ရှမ်းခေါက်ဆွဲသွားစားရအောင်လား"

"အင်း ... ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



လေဒီသျှိုင်းလက်ကို ဆုပ်ကိုင်လိုက်သဖြင့် ရင်ထဲထိတ်သွားသည်။ ပြုံးကြည့်နေသော သုထက်ကို လေဒီသျှိုင်းကြည့်လိုက်ပြီး စိတ်မကောင်းဖြစ်သွားသည်။

"နေမကောင်းဘူးလား လေဒီ ... မှန်စမ်း ကိုယ်ပူနေလား"

သုထက်က လေဒီသျှိုင်းနဖူးကို လက်နှင့်စမ်းလိုက်သဖြင့် လေဒီသျှိုင်းလန့်သွားသည်။

"ဘာမှမဖြစ်ပါဘူး ... လေဒီရဲ့ ဘာဖြစ်နေတာလဲ ရှမ်းခေါက်ဆွဲမကြိုက်လို့လား ... ဒါဆို တခြားတစ်ခုသွားစားရအောင်လေ"

"ဟင့်အင်း ... ကြိုက်ပါတယ်"

"ဒါဆို လာလေ ..."

သုထက် လက်လှမ်းပေးလိုက်သဖြင့် လေဒီသျှိုင်းပြုံးကာ လက်တွဲလိုက်သည်။ မြို့ထဲမှ ရှမ်းခေါက်ဆွဲဆိုင်တွင် ဝင်ကာမှာလိုက်သည်။ လေဒီသျှိုင်းအတွက် တူနှင့်မွေပေးလိုက်ပြီး ...

"ရော့ လေဒီ ... ရော့"

"ရှမ်းခေါက်ဆွဲ သုထက်စားနေကျလား"

"အမ် ... အိမ်မှာဆို မာမီက တစ်ခါတလေ လုပ်ကျွေးတယ်လေ ... ကိုယ်လည်း အရမ်းကြိုက်တယ်"

"သုထက် အဖေက ဘာလုပ်လဲဟင် ..."

"ကိုယ့်အဖေက ကိုယ်ငယ်ငယ်လေးထဲက ဆုံးသွားပြီ"

"ဟုတ်လား ... ဒါဆို ..."





"မာမီက ကုမ္ပဏီတစ်ခုထောင်ထားတယ်လေ ... ကုမ္ပဏီမှာ ကိုယ်အလုပ်ဝင်လုပ်မယ်ပြောတော့လည်း လက်မခံဘူး"

"ဟုတ်လား ... သုထက်က တစ်ဦးတည်းသောသားလား"

"ညီမလေးတစ်ယောက်ရှိခဲ့ဖူးတယ် ..."

"ရှိခဲ့ဖူးတယ်ဆိုတော့ အခုရော ဘယ်ရောက်သွားလဲလို့"

"ဒက်ဒီနဲ့အတူရှိနေမှာပေါ့"

"ဘယ်လိုကြီးလဲ ..."

"ဒီလိုလေဒီ ... ကိုယ့်ညီမလေးက ရောဂါသည်လေ ... ဒက်ဒီ ဆုံးပြီးမကြာဘူး ... ညီမလေးလည်း ..."

"သြော် ... စိတ်မကောင်းစရာပဲ"

"ကြာပါပြီ ... အဲဒါတွေက လေဒီရော ..."

"လေဒီက တစ်ဦးတည်းသောသမီးလေ ... အရမ်းဆိုးတာ"

"ဟုတ်လား ... တခြားလူတွေအပေါ်မှာပဲဆိုးနော် ကိုယ့်အပေါ်တော့ မဆိုးနဲ့ပေါ့ ..."

"သုထက် ..."

"ပြော ... လေဒီ"

"လေဒီ့ကို တကယ်ချစ်တာလား"

"လေဒီရော ..."

"လေဒီမေးတာ အရင်ဖြေပါ"

"အင်း ... ကိုယ် လေဒီ့ကို **တကယ်ချစ်တာ**"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... မေနိုင်းက သုထက် အတွက်ဘာလဲ"

"အဲဒါက ... ဒီလို လေဒီ"

"သုထက် သူ့ကိုလည်း ချစ်နေတာ မဟုတ်လား"

"မဟုတ်ဘူး လေဒီ ... ကိုယ်"

"လက်ထပ်ခွင့်ပါ တောင်းတယ်ဆိုတော့ ... "

"မဟုတ်ဘူး ကိုယ် ... သူ့ကို ... "

"ထားလိုက်ပါတော့ ... စားလေ အေးကုန်ဦးမယ်"

"လေဒီရယ် ... ကိုယ် ဘယ်လိုပြောရပ့ါ"

ကိုယ်မင်းကို တကယ်ချစ်နေမိတာပါ လေဒီရယ် ... မင်း မကြာခင်တို့ကို ယုံလာအောင် သက်သေပြပါ့မယ် စောင့်နေပါနော်။

"ငါ မရတော့ဘူးကွာ ... မရတော့ဘူး ... မရတော့ဘူး"

သုထက်က ဆိုဖာခုံတွင်လိမ့်ကာ အော်နေသဖြင့် ကေမိုဟန် ကရယ်ကာ ...

"မရရင်လည်း သွားထုတ်လိုက်လေ မြန်မြန်ပြေး ထွက်ကျ ကုန်ဦးမယ် ... "

"ဟောကောင် ... အခွက်လာပြောင်မနေနဲ့ ... စစ်ရှား ငါ လေဒီကို အရမ်းချစ်တယ်ကွာ ... အရမ်းချစ်တယ်"

"အဲဒါ ငါက ဘာလုပ်ပေးလို့ရမှာလဲကွ ... "





"မင်း လေဒီ့ကို ဖြတ်ပေးနော်"

"စိတ်ချ ... လက်ဖျားနဲ့တောင် မတို့ရသေးဘူး ... ဟော့ ကောင် မင်းရောင့ါသဲလေးကို ... "

"ဟော့ကောင် ... ဟော့ကောင် ငါလည်း လုံးဝ ထိတောင် မထိရသေးဘူး ... "

"အေး ... ပြီးတာပဲ"

"တကယ် မရတော့ဘူးကွာ ... ငါ လေဒီ့ကို တစ်ယောက်ထဲ ပိုင်ချင်နေပြီ"

"နေဦး သုထက်ရေ ... မင်းကသာကြွေနေပြီ ဟိုကရော ဟိုကရော မင်းကိုစာရင်းသွင်းရဲ့လား ... အခုတောင် သူထားတဲ့ ဘဲနှစ်ယောက်က အချင်းချင်းမို့လို့ မင်းတို့သိကြတာ မတော်တခြား တစ်ယောက်နဲ့ဆို မင်းတို့ ခုလောက်ဆို မျက်ရည်ပေါက်ပေါက်ကျနေ ရလောက်ပြီ"

"မဖြစ်စေရဘူးကွာ ... ခုလည်း အားလုံးရှင်းပြီးတာနဲ့ လေဒီ့ ကို ငါယူလိုက်တော့မှာ ... "

"ဘုရား ... ဘုရား"

"ဘုရားမလုပ်နဲ့ ... အတည်ပြောနေတာ"

"ကျွတ် ... ကျွတ် ... ကျွတ်"

"ဝဋ်ပဲကျွတ်ပါစေ ... "

"မင်း ... တကယ်ရူးသွားပြီလား သုထက်"



www.burmeseclassic.com

www.burmeseclassic.com



"ရှူးတယ်ကွာ ... ဘာဖြစ်လဲ"

"သွားမပြောနဲ့ ဒီကောင် Psychopath ဖြစ်နေပြီ ... ဆက်ပြောရင် မင်းကို ဓားနဲ့ပါထိုးလိမ့်မယ်"

"နေဦး သုထက် ပေါက်ပြောတာမှန်တယ် ... မင်းကို လေဒီက မကြွေဘဲ ... မေနှိုင်းက ကြွေနေရင်ရော"

"ငါ ငြင်းမယ်လေ ... "

"မင်းက ငြင်းတာအကြောင်းမဟုတ်ဘူး ... သူ မင်းကိုရွေးရင်တော့ ငါကလည်း အရှုံးပေးပြီး လေဒီကိုရွေးမှာ"

"ဟာ ... အဲလိုတော့ မလုပ်နဲ့လေ စစ်ရှားရာ ... "

"ဒါဆို ... ဘာလဲမင်းက နှစ်ယောက်လုံး တွဲခုတ်မလို့လား ဒီမှာ ငါတစ်ယောက်လုံးရှိသေးတယ်လေ ... "

"ငါ လေဒီကိုပဲ ရွေးမှာပါဆိုကွာ ... "

"ကျွတ် ... မသိတော့ဘူးကွာ ... လုပ်ချင်တာသာလုပ်တော့ ကံတရားပဲ"

"ဘာ အခုမှလာပြီး ကံတရားကို ပုံချမနေနဲ့ ... စစ်ရှား မင်းလည်း မင်းဇယားမင်းရွေး သူလည်း သူ့ဇယားသူရွေးလိမ့်မယ်၊ ကိစ္စက ပြတ်နေပြီကို အရစ်ရှည်နေ ... "

"ငါက သဘောပြောတာပါ ... ခုနလိုမျိုး မတော်တဆဖြစ်ခဲ့ရင် ပြောတာ"

"ဒါကတော့ကွာ မင်းအရင် သူ့ဆော်ကို ဖြတ်ဖို့လိုတယ်လေ"





"အိုကေ ... ငါအခု ဖုန်းဆက်မယ်"

"အေး ... အဲလိုလုပ်ပါ ... "

စစ်ရှား ဖုန်းထုတ်ကာ လေဒီသျှိုင်းဆီ ဆက်လိုက်သည်။ လေဒီသျှိုင်းတစ်ယောက် ဖုန်းမြည်လာသဖြင့် မေနှိုင်းခကို ကြည့်လိုက်သည်။ မေနှိုင်းခက မျက်စုံးပင့်ပြလိုက်ပြီး ...

"တစ်ခါတည်း ချိန်းလိုက်လေ ... "

"အင်း ... ဟယ်လို"

"လေဒီလား ... "

"ဟုတ်ပါတယ် ... စစ်ရှားပါ။ ပြောစရာရှိလို့"

"အင်း ... လေဒီလည်း ပြောစရာရှိတယ် ... မနက်ဖြန် Black Sky ကို လာခဲ့ပါလား"

"အိုကေ ... လေဒီ ကိုယ်မနက်ဖြန် ဘယ်အချိန်လောက် လာရမလဲ"

"ဆယ်နာရီလောက်ပေါ့ ... "

"အင်း ... ဒါဆို မနက်ဖြန်မှပဲပြောတော့မယ်နော်"

စစ်ရှား ဖုန်းချလိုက်သည်နှင့် ပေါက်ပေါက်က မျက်စောင်းထိုးကာ ...

"မင်းကလည်း ပြောစရာရှိတာ မပြောဘူး ဟိုနေ့မှ ဒီနေ့မှနဲ့ အချိန်ဆွဲနေသေးတယ် ... မင်း မဟုတ်မှလွဲရော ... "

သုထက်မျက်နှာကို ပြုံးတုံးပြာတာ ခိုးကြည့်တာ စစ်ရှား



www.burmeseclassic.com

www.burmeseclassic.com



က ...

"ဟော့ကောင် ... ငပေါက် ဘေးကဝင်မချွန်ပါနဲ့ကွာ ... အခု လေဒီက အရင်ချိန်းလို့ အလိုက်သင့်မျှောလိုက်မိတာပါ"

"အရေးကြီးတာက ဖြတ်ဖို့ပဲနော် ... အားနာပါးနာနဲ့ ဟဲဟဲ လုပ်မနေနဲ့"

"အေးပါကွာ ... အဓိကကို မမေ့ပါဘူး"

သုထက် စစ်ရှားကိုကြည့်ပြီး စဉ်းစားနေမိသည်။ မတော် သူတွေးသလိုများဖြစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ ...

သုထက် ဖုန်းမြည်လာသဖြင့် အားလုံးက သုထက်ကိုလှည့်ကြည့်ကြသည်။

"ဟယ်လို ... "

"ဟန်နီပါ ... "

"အင်း ... ပြောလေ"

"မနက်ဖြန် Black Sky ကို စစ်ရှားနဲ့လာခဲ့ပါ ... ဟန်နီလည်း လာမှာ"

"မနက်ဖြန် ... "

"အင်းလေ ... "

"အိုကေ ... အိုကေ ... လာခဲ့မယ်"

"ဘာတဲ့လဲ ... သုထက်"

"ငါလည်းမင်းနဲ့အတူ မနက်ဖြန်မှလိုက်လာခဲ့ပါတဲ့ ... လေး





ယောက်သား ဆိုင်ရှင်းမယ် ထင်တယ်"

"အဲဒါ ပိုကောင်းတာပေါ့"

"ဟင်း ... ပြောမရဘူးကွာ ... တလွဲချည်းတွေကပ်မိနေရင် ဒုက္ခ"

သုထက် သက်ပြင်းချလိုက်ပြီး ဆိုဖာပေါ်လှဲချလိုက်သဖြင့် စစ်ရှားတို့ ငိုင်သွားသည်။

အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ မရှိပါဘူး ... သုထက်ရာ၊ သူတို့ဘက်က စလွဲရင်တော့ ငါလည်းလိုက်လွဲရမှာ ... ငါ့ကို စိတ်မဆိုးပါနဲ့ ... မင်းခံစားနေရတာတွေကို ငါမျက်နှာလွှဲရမှာ စိတ်မကောင်းဘူး ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

သုထက်နဲ့စစ်ရှား ဆိုင်ထဲဝင်လိုက်သည်နှင့် Waiter လေးက သုထက်နှင့်စစ်ရှားကို ကြည့်ပြီး ...

"ဟို အစ်ကို ... ဒီနေ့တော့ အေးဆေးပဲလား"

စစ်ရှား Waiter လေးကို ကြည့်ပြီး စပ်ဖြီးဖြီးလုပ်ပြလိုက်သည်။ သုထက်က ...

"အေးဆေးတော့မှာပါ ... အစ်ကိုတို့ကို Coffee နှစ်ခွက် အရင်ပေးကွာ ... "

"ဟုတ်ကဲ့ ... "

သုထက်က ခုံဆွဲကာ ထိုင်လိုက်သည်နှင့် စစ်ရှားလည်း ထိုင်လိုက်သည်။ စိတ်က ဂဏှာမငြိမ်စွာ ဟိုဟိုဒီဒီ ကြည့်နေမိသည်။ ကော်ဖီလာချသည်နှင့် ...

"သုထက် ငါ့စိတ်တွေ တစ်မျိုးကြီးဖြစ်နေသလိုပဲကွာ"





"ဘယ်လိုဖြစ်နေတာလဲ ... "

"မပြောတတ်ဘူး ... ဂဏှာကိုမငြိမ်ဘူး"

"အဲလိုမှန်းသိရင် ... စိတ်ငြိမ်ဆေးပါ ဝယ်လာပါတယ်"

"တကယ်ပြောနေတာ ... သူတို့တွေတော့ ဘယ်လိုနေမလဲ မသိဘူး ... "

"ဟိုမှာ လာနေပြီ"

"ဟူး ... "

သုထက် လက်လှမ်းပြသဖြင့် လေဒီသျှိုင်းရော မေနိုင်းခပါ ပြန်ပြီး လက်ပြသည်။ စစ်ရှားကိုတွေ့မှ လေဒီသျှိုင်း လက်ကို ပြန်ရုတ်လိုက်သည်။

"ရောက်နေတာကြာပြီလား သုထက်"

မေနိုင်းခက သုထက်ဘေးဝင်ထိုင်လိုက်သဖြင့် စစ်ရှား မျက်လုံးဝိုင်းသွားသည်။ ကော်ဖီမှာပြီး လေဒီသျှိုင်းက ...

"မေနိုင်း ... ပြောလိုက်လေ ... တို့နှစ်ယောက် ထိုင်ဝင်လာတဲ့အတိုင်း ... "

"ဪ ... အင်း ... ဒီနေ့က တစ်ယောက်ကိုတစ်ယောက် အတည်ရွေးပြီး လက်တွဲဖို့ဆုံးဖြတ်ထားတာ သုထက်နဲ့စစ်ရှားလည်း အဲလိုပဲလို့ မေနိုင်းထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သုထက်နှင့်စစ်ရှား ခေါင်းကိုငြိမ့်တူညီတိပြသည်။ မေနိုင်းခ က အေးအေးဆေးဆေး ပုံစံဖြင့် ဆက်ပြောသည်။

"တို့ သုထက်ကိုရွေးတယ် ... "

"ဟင် ... "

စစ်ရှား ကြောင်အမ်းအမ်းဖြစ်နေတုန်း သုထက် အံ့ဩသွား ပြီး လေဒီသျှိုင်းကိုကြည့်သည်။ လေဒီသျှိုင်းက ခေါင်းကိုငုံ့ထား သဖြင့် စစ်ရှားက ...

"ကောင်းပြီလေ ... ဒါဆို ကိုယ် လေဒီကို ... "

"စစ်ရှား ... "

စစ်ရှားကို သုထက်ပြုံးကြည့်ကာ ခေါ်လိုက်သော်လည်း စစ်ရှားက မသိချင်ယောင်ဆောင်ပြီး ...

"ငါ လေဒီကိုရွေးတယ် သုထက် ... "

သုထက်မျက်နှာ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ အရမ်းသိသာလှသည်။

"ဒါဆို ပွဲကပြီးပြီပေါ့နော် ... အားလုံးရဲ့ သဘောတူညီချက် အရပေါ့ ... "

မေနိုင်းခက ပြုံးကာပြောလိုက်သဖြင့် သုထက်ပါးစပ်ပိတ် ထားလိုက်မိသည်။ စစ်ရှားတစ်ယောက်ကတော့ ကော်ဖီခွက်ကို





သာ ကြည့်နေသည်။

"ကဲ ... ဘယ်လိုလဲ သားကြီးတို့ အိုကေရဲ့လား"

Royal View ထဲဝင်လာသော သုထက်နှင့်စစ်ရှားကို ပေါက် ပေါက်က မေးလိုက်သဖြင့် ကေမိုဟန်က ...

"မင်းကလည်း ပုံစံကြည့်ရတာနဲ့တင် လုံးဝ လုံးဝ ဗွမ်းလာပုံ မှန်း သိသာနေတာ ... မေးမနေနဲ့ ... တွေးကြည့်လိုက်တာနဲ့တင် ဒီနှစ်ကောင် အလွဲကြီးလွဲသွားမှန်း သိနေပြီ ... ဟုတ်တယ်ဟုတ်"

သုထက်က ကေမိုဟန်အားဝင်ထိုင်လိုက်ပြီး သက်ပြင်းချ ကာ စစ်ရှားကို ကြည့်သည်။ ပြီးမှ ...

"ဒီကောင်ထင်တဲ့အတိုင်းပဲ သူ့ကောင်မလေးက ငါ့ကိုရွေး သွားတာ ... "

"ထင်သားပဲ ... အဲဒီတော့ သုထက် မင်းဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှလည်း လုပ်လို့မရတော့ဘူး ... သူလည်း ငါ့ ကောင်မလေးရွေးလိုက်ပြီ ... "

"အာ ... ရှုပ်နေတာပဲကွာ ... ကိုယ်ကြိုက်တာ ကိုယ်ရွေး



www.burmeseclassic.com

www.burmeseclassic.com



ကြတာလည်း မဟုတ်ဘဲနဲ့ ... မင်းတို့ဆော်တွေက တကယ့် Psycho တွေပဲ"

"ဘာအကြောင်းရှိလဲမှ မသိတာ ... မင်းတို့ကောင်မလေးနဲ့ အဲလောက်တော့ မရိုးစင်းလောက်ဘူး ... "

"No No ဒါ အကြံအစည်နဲ့မဆိုင်ဘူး ... မင်းတို့နှစ်ကောင် ဘယ်လောက်များ Brain ပြေးလဲလို့ စမ်းတာဖြစ်မယ်"

"ဟေ့ကောင် ... တော်ပြီ ငပေါက် လျှောက်ပြောမနေနဲ့တော့ ... စစ်ရှားလည်း စိတ်ထဲထားမနေနဲ့ ... အိမ်ပြန်ပြီး နှပ်တာပဲ စိတ်ချမ်းသာတယ် သွားစို့ ... "

"ဖြစ်သွားရပြန်ပြီ ... "

ဆိုင်ထဲမှ ထသွားသော သုထက်ကို အားလုံးကြည့်ရင်း သက်ပြင်းချမိတော့သည်။

ဆိုဖာခုံပေါ် ဟိုလိမ့်ဒီလိမ့်လုပ်နေသည့် လေဒီသျှိုင်းကို မေနိုင်းခကြည့်ကာ ...

"ဘာဖြစ်တာလဲ လေဒီ"

"မေနိုင်း ... တို့ သုထက်ကိုကြည့်ရင်း ကြည့်ရင်းနဲ့ သနား





သွားတာ အမှန်ပဲ ... သူ့ မျက်နှာလေးကလေ မေနိုင်းလည်း သူ့ကို ရွေးလိုက်ရော ချက်ချင်းပြောင်းလဲသွားလိုက်တာ တို့စိတ်ထဲက တောင် မကောင်းဘူး ... တကယ်ပဲ ... ဟွန်း ... "

"သဘောကတော့ တို့ကပဲ လေဒီတို့ချစ်ခြင်းကို ခွဲတယ်ပေါ့"

"အဲလို သက်ရောက်တယ်ဆိုရင်လည်း ဟုတ်နေသလိုလိုပဲ"

"ဟယ် ... ယောကျ်ားတွေကို လှည့်စားလာခဲ့သမျှ ဒီတစ်ယောက်နဲ့ကျမှ လေဒီ ... မင်းက ဘယ်လိုဖြစ်သွားတာလဲဟင်"

"မသိတော့ဘူး ... "

"မသိလည်း မရတော့ဘူး ... သိလည်း မရတော့ဘူး ... အခြေအနေက Game Over ဖြစ်သွားပြီ"

"အဲဒါ မေနိုင်းကြောင့် ... ဘာမှန်းလည်းမသိဘူး ... အစထဲက ကိုယ်လူ့ကိုယ်ရွေးရင် ပြီးနေပြီ ... သူလည်း စစ်ရှားကို လက်လွှတ်နိုင်တာ မဟုတ်ဘဲနဲ့"

"ဒါတော့ ဒါပေါ့ ... ဒါပေမဲ့ သူတို့အတွင်းစိတ်ကို မြင်ရတာမှ မဟုတ်တာ ... အခုတောင် တို့နှစ်ယောက်က တစ်ယောက်စီမှာ Spare Part ဖြစ်နေရသေးတာ ... ခုဆို တို့အချင်းချင်းဆို့ သိတာပေါ့ မတော် တခြားလူတွေနဲ့ငြိရင် လေဒီရောသိလား ... "

"အို ... ဘာမှ မသိဘူး ... အခု တို့ကို မေနိုင်းပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ"

"ဟာ ... ဘယ်လိုသွားရှင်းရမှာလဲ"

"သူတို့ ပြန်မကြိုက်တော့အောင် လုပ်ရမှာပေါ့"

"ဘယ်လို ... အကျယ်လင်းစမ်းပါဦး ဆရာမကြီးရယ်"

"ဟုတ်တယ်လေ ... သူထက် မကြိုက်တဲ့အရာတွေကို မေနိုင်းကလုပ် ဒါဆိုရင် သူထက် စိတ်ညစ်ပြီး ဖြတ်မှာပဲ ... အဲလိုပဲ လေဒီကလည်း စစ်ရှား ... မကြိုက်တာတွေ အကုန်လုပ်မယ် — မကောင်းဘူးလား"

"အို့ကေ ... "

"ဒါဆို ... မေနိုင်း အရင်ပြောပြ ... စစ်ရှား မကြိုက်တာတွေက ဘာလဲ ... "

"အင်း ... ဘာတွေလဲဆိုတော့ ... "

စစ်ရှား စားပွဲနားသို့လျှောက်လာသည်။ လေဒီသျှိုင်းက ပြုံးပြလိုက်ပြီး ...

"ထိုင်လေ ... စစ်ရှား"





"အင်း ... ရောက်နေတာ ကြာပြီလား"

"အခုပဲရောက်တာ ... ဒီမှာ သူ့အတွက် ကော်ဖီမှာထားတယ်"

"အင်း ... ကျေးဇူးပဲ ကိုယ်ဒီနေ့ကားတော့ ပါမလာဘူး"

"No Problem လေဒီလည်း မပါဘူး ... "

စစ်ရှားက ကော်ဖီခွက်ကို ဆွဲအယူ ... လေဒီသျှိုင်းက မှာပျာသလဲပင် သကြားထုတ်ကိုဖောက်ကာ စစ်ရှားခွက်ထဲထည့်လိုက်သည်။

"ဟာ ... လေဒီ"

"ဟင် ... ဘာဖြစ်လို့လဲ စစ်ရှား ... လေဒီက စစ်ရှားကို အလိုက်တသိ ပြုစုချင်တာပါ ... "

"ကိုယ် ကော်ဖီမသောက်ရင် သကြားနဲ့မသောက်တတ်ဘူး"

"သကြားနဲ့မသောက်တတ်ဘူး ... ဟုတ်လား"

"အင်း ... အကျင့်ဖြစ်နေပြီ"

"အို ... ဆောရီးပါကွယ် ... ဒါဆို အသစ်ထပ်မှာပေးရမလား"

"နေပါစေတော့ ... "

"ဒီလိုလုပ်လေ ... လေဒီ့ခွက်နဲ့လဲသောက်မယ် — လေဒီလည်း မသောက်ရသေးပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အင်း ... အဲဒီလိုပဲ လုပ်ရတော့မှာပေါ့"

လေဒီသျှိုင်းက စစ်ရှားခွက်နှင့်လဲလိုက်ပြီး ပြုံးပြလိုက်သည်။ စစ်ရှားက မအီမသာရုပ်နှင့်ပြန်ပြုံးပြသည်။

"ဩော် ... ဒါနဲ့လေ ... ပြီးရင် လေဒီတို့ ဝက်သားတုတ်ထိုး သွားစားရအောင်"

"အမ် ... ဝက်သားတုတ်ထိုး"

"ဘာဖြစ်လို့လဲ ... ဟင်"

"ကိုယ် ... "

"ဘာလဲ ... စစ်ရှားဝယ်ကျွေးရမှာစိုးလို့လား"

"မဟုတ်ပါဘူး ... လေဒီရယ်၊ ကိုယ် အဲလိုမျိုး ဆိုင်လေးတွေမှာ တစ်ခါမှ မစားဖူးဘူး ... တစ်ခါမှလည်း မထိုင်ဖူးတော့ ဟိုလေ"

"ဘာလဲ ... ရှက်တယ်ပေါ့ ... ဒါဖြင့်လည်း ဝက်သားတုတ်ထိုး မစားတော့ဘူးလေ ... "

"အဟင်း ... "

"လသာမှာ မြီးရှည်သွားစားမယ် ... ဖြစ်လား"

"YKKO က ကြေးအိုးဖြစ်ဖြစ်သောက်ပါလား ... ဝယ်ကျွေးမယ်လေ"

"စားပါဘူး ... မြီးရှည်ပဲစားချင်တာ မြီးရှည်တောင်မှ လသာရောင်းတဲ့ မြီးရှည်ကိုပဲစားချင်တာ ... ပလက်ဖောင်းဘေးမှာ ဆောင်းတာလေ ... သိပ်စားကောင်းတာ စစ်ရှားရဲ့ ... "





"ဟုတ်လား ... ကိုယ်တော့ မစားဖူးဘူး"

"စားကြည့်ပေါ့ ... နောက်ကျရင် ကြိုက်သွားပြီ ... ခဏခဏ ဖြစ်သွားမှာ"

စစ်ရှား မေနိုင်းခကို သတိရသည်။ မေနိုင်းခလည်း သူ့လိုပင် လမ်းဘေးမှဆိုင်တွင် မစားတတ် ... လေဒီသျှိုင်းကို ပြုံးပြလိုက်ပြီး ကော်ဖီကို တစ်ငုံသောက်လိုက်သည်။ ရှုံ့မဲ့သွားသော စစ်ရှားမျက်နှာကို လေဒီသျှိုင်း ကြည့်ပြီး ရယ်ချင်စိတ်ကို ထိန်းထားလိုက်သည်။

"အား ... ချိုလိုက်တာ"

ချိုတယ် ... လေဒီလည်း မသောက်ရသေးဘဲ သကြားတွေ ထည့်လိုက်တာ များသွားတယ်ထင်တယ် ...

လေဒီသျှိုင်းကို စစ်ရှား မျက်စောင်းထိုးကြည့်လိုက်ပြီး စိတ်ထဲမှ မေတ္တာပို့လိုက်သည်။ ဒီဘဝမှာ ဝဋ်ရှိသရွေ့ **ခံစမ်း စစ်ရှား**ရေ ... နေပြည်တော် ရုပ်ရှင်ရုံရှေ့တွင် **လေဒီသျှိုင်း စစ်ရှားကို** ကြည့် လိုက်ပြီး ...

"စစ်ရှား ရုပ်ရှင်ဝင်ကြည့်ရအောင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လေ ... "

လေဒီသျှိုင်း ရုပ်ရှင်ရုံထဲ မဝင်သေးဘဲ ဟိုဟိုဒီဒီ ကြည့်လိုက်သည်။ ပွဲချိန်ပြီးခါနီးမို့ လူလည်းများသည်။ စစ်ရှားက လက်မှတ် နှစ်စောင်ဖြတ်ပြီး လေဒီသျှိုင်းကို ကြည့်ကာပေးလိုက်သည်။

"ဘာ မုန့်စားဦးမလဲ ... လေဒီ"

"အာ ... ခဏ ... ခဏ စစ်ရှား"

"ဟင် ... ဘာဖြစ်တာလဲ လေဒီ"

လေဒီသျှိုင်းတစ်ယောက် ဗိုက်ကို လက်နှင့်အုပ်ရင်း ရှုံ့မဲ့မဲ့ မျက်နှာပေးနှင့် စစ်ရှားကိုကြည့်ကာ ...

"စစ်ရှား ... လေဒီ မရတော့ဘူး ... Toilet သွားလိုက်ဦးမယ် ... ဒီမှာ ပိုက်ဆံအိတ်နဲ့ဖုန်း ခဏယူထား အပေါ်ထပ်ကို လိုက်လာခဲ့"

"လေ ... လေဒီ"

စစ်ရှား လက်ထဲမှ ပိုက်ဆံအိတ်နှင့်ဖုန်းကို ကိုင်ကာ လေဒီသျှိုင်းကို ကြည့်နေမိသည်။ လေဒီသျှိုင်းတစ်ယောက် အပေါ်ထပ်သို့ ပြေးတက်သွားသဖြင့် စစ်ရှား နောက်မှလိုက်လာခဲ့သည်။ ထိုင်စရာ ခုံကလည်း လူပြည့်နေသဖြင့် မတ်တတ်ရပ်ကာ စောင့်နေတုန်း ကောင်မလေးများ လာသဖြင့် လေဒီသျှိုင်းအိတ်ကို ဘယ်နားထား





လို့ ထားရမှန်းမသိ ... မတော် ကိုယ့်ကို အခြောက်လို့ထင်နေရင် ဘယ့်နှယ့်လုပ်ရပ့ါ ... လူတွေ တရှန်းရှန်းထွက်လာသဖြင့် ကျောပေး ရပ်လိုက်သည်။ လေဒီသျှိုင်းတစ်ယောက် အခုထိ ထွက်မလာသေး။ စိတ်မရှည်တဲ့အဆုံး အထဲဝင်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် လက်မှတ်က လေဒီသျှိုင်းဆီပါသွားသဖြင့် Toilet နား မယောင် မလည်နှင့် တံခါးခေါက်လိုက်သည်။

"ခေါက် ... ခေါက်"

"အမလေး ... "

ထွက်တော့ထွက်လာပါရဲ့ ... ဒါပေမဲ့ လေဒီသျှိုင်း မဟုတ်ပါ။ ထို့ကြောင့် ...

"ဘယ်လိုလူလဲ ... ယောကျ်ားလေးက ဟိုဘက်မှာလေ"

"ဟို ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"အူကြောင်ကြောင်နဲ့ ဘာမှန်းလည်း မသိဘူး ... နှာဘူး လားမသိ ... ဂန်ဒူးလားမသိ"

သေစမ်းကွာ ... သေစမ်း ... လေဒီတ ဘယ်ရောက်နေပြီ ပြီလဲကွာ ... ။

ထိုက်အခိုက် ...

"စစ်ရှား ... "



www.burmeseclassic.com

www.burmeseclassic.com



စစ်ရှားကို လှမ်းခေါ်လိုက်သဖြင့် ဝမ်းသာသွားသည်။ တော်ပါသေးရဲ့ ... မယ်မင်းကြီးမက ထွက်တော်မူလာလို့ ...

"ကြာလိုက်တာ လေဒီရယ် ... "

"Sorry ပါ စစ်ရှားရယ် ... Toilet ကစောင့်နေရလို့"

"ပြီးပြီလား ... လာလေ"

"ဝင်တောင် မဝင်ရသေးဘူး"

"ဟင် ... "

"အဟင်း ... စစ်ရှား စောင့်နေရတာ ကြာမှာစိုးလို့ ... ရော့ ဒီမှာ လက်မှတ်တစ်စောင်ယူသွားပြီး အရင်ဝင်နှင့်နော် ... "

"အင်း ... ဒီအိတ်တွေကရော"

"အထဲကို ယူသွားလေ ... "

"သြော် ... အင်း ... ဒါဆို ဝင်နှင့်မယ်နော်"

"အင်း ... အဟင်း ... ရပါတယ်၊ ဝင်နှင့်ပါဆို ... အားမနာပါနဲ့"

"စစ်ရှား သက်ပြင်းချလိုက်ပြီး အထဲကိုအရင်ဝင်သည်။ လေဒီသျှိုင်းရယ်လိုက်ပြီး Toilet ထဲဝင်လိုက်သည်။ မှန်ကြည့်ကာ ပြန်ထွက်လာပြီး ဆံပင်ကို တချက်သပ်လိုက်သည်။ ဒီအခန်းကို ဒီ လောက်နဲ့ရပ်လိုက်ပြီးမှ နောက်အခန်းကို ပိုအရှဲ့တိုက်ရမယ်ဟု





စိတ်ထဲထားကာ မေနိုင်းခပြောသော စကားကို ပြန်ကြားယောင် နေမိသည်။

ကော်ဖီခါးခါးမကြိုက်တာ နောက်ပြီး သူက အစား အ သောက်ကို နေရာရွေးတတ်တယ် ... လူကြားသူကြားသွားရင် တောင်ကြည့် မြောက်ကြည့်နဲ့ ရှက်လည်းရှက်တတ်တယ် ... စောင့် ရတဲ့အလုပ်ကို သူစိတ်မရှည်ဆုံးပဲ ... အစပ်အရှမ်းကြောက်ပုံ ... ဗိုက်နိုးသကြားလုံး အရှမ်းမုန်း ... နေကြာစေ့စားရင် မကြိုက်ဘူး၊ Bus ကားစီးမယ်ဆို အကြောက်အကန်ငြင်းတာ ... သူ့ဖိနပ်တက် နင်းရင်လည်း စိတ်ကဆိုးသေး ... ခါးကိုတို့ရင် ယောင်တတ်လို့ အထိကို မခံဘူး ... တစ်ခုခုကို စိတ်ဝင်စားနေပြီဆို စကားလာပြော ရင် ဒေါသထွက်တတ်တယ်လေ ...

လေဒီသျှိုင်း စစ်ရှားဘေးဝင်ထိုင်လိုက်သည်နှင့် စစ်ရှားက ကြည့်ကာ ...

"ရုပ်ရှင်တောင် စနေပြီ ... "

"မုန့်ဝယ်နေလို့ ... ရော့"

"ဘာလဲ ... "

"အာလူးကြော်လေ ... "

"သြော် ... အင်း ... ကိုယ်အားလုံးကြော် အရုပ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ”

“ဟုတ်လား … သိနေတယ်လေ”

စစ်ရှားက အာလူးကြော်ထုပ်ကို ဖောက်လိုက်သည်နှင့် လေဒီသျှိုင်းလည်း ဆီးထုပ်ကိုဖောက်လိုက်သည်။ သိပ်မကြာပါဘူး စစ်ရှားတစ်ယောက် ရှူးရှူးရှားရှားဖြစ်လာသည်။

“လေဒီ … ရေဗူးလေး”

“ရေဗူး … ”

“အင်းလေ … ”

“ဟယ် … ဝယ်ဖို့မေ့သွားတယ်”

“ဟာကွာ … ဒီမှာစပ်နေပြီ“

“အို … ဒါဆို ဘာလုပ်ပေးရမလဲ … ဟုတ်ပြီ … ဒီမှာ ဆီးသီး စားလိုက်လေ … ”

“ပေးကွာ … ”

စစ်ရှားက လေဒီသျှိုင်းလက်ထဲမှ ဆီးထုပ်ကို လှမ်းယူလိုက်ပြီး အလောတကြီးစားလိုက်သည်။ လေဒီသျှိုင်း မျက်နှာက ပြုံးစိစိ ဖြစ်နေသော်လည်း စစ်ရှား မမြင်ရ …

“ဖွီ … အစပ်ကြီး … ”

“ဟင် … ဒါလည်း အစပ်ပဲလား … ဒုက္ခပါပဲဟယ်”





“ကိုယ်အရမ်းစပ်နေပြီ … မရတော့ဘူး”

“နေဦး … နေဦး လေဒီ သကြားလုံး ဝယ်လာတယ်”

လေဒီသျှိုင်း ပူရှိန်းသကြားလုံးကို အခွံခွာလိုက်ပြီး စစ်ရှား ပါးစပ်ထဲ ထည့်ပေးလိုက်သည်။

“ဟင် … ပူရှိန်းကြီးလား”

“ဘာဖြစ်လို့လဲ … စစ်ရှား … စစ်ရှား”

စစ်ရှားထသွားသဖြင့် လေဒီသျှိုင်းရယ်ကာ အိတ်ကိုယူပြီး ထွက်လာလိုက်သည်။ စစ်ရှားက ရေသန့်ဗူးဝယ်ကာ ရုံအပြင်ဘက်သို့ ထွက်သွားသဖြင့် လေဒီသျှိုင်းပြေးလိုက်ချင်ယောင် ဆောင်ကာ စစ်ရှား ဖိနပ်ကို တက်နင်းလိုက်သည်။

“အ … သေပါပြီဟ … ”

“ဟယ် … ဆောရီး … စစ်ရှား ဆောရီး … You အလော တကြီးထွက်သွားတော့ လေဒီကလည်း ဖဝါးထက်ကြပ်မကွာ လိုက် ရမယ် မဟုတ်လား … အဲ … အဲဒါကြောင့် … ”

“ကျွတ် … ”

စစ်ရှား ရေဗူးကို ဖောက်လိုက်ပြီး သောက်လိုက်သည်။

“အား … အခုမှပဲ … ဟူး တော်ပါပြီ … ရုပ်ရှင်ကြည့်ချင် စိတ်လည်း မရှိတော့ဘူး … ပြန်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... "

"အမ် ... "

"ပြန်ကြတာပဲကောင်းပါတယ် ... လို့ ပြောတာပါ ... သော်ကို လိုက်ပို့ပေးနော်"

"အင်း ... ကိုယ် Taxi ငှားလိုက်ဦးမယ်"

"အာ ... Bus ကားစီးပြီး ပြန်ရအောင်လေ"

"ဟာ ... စီးပါဘူး ... ကိုယ် မစီးချင်ဘူး"

"ဘာဖြစ်လို့လဲ ... "

"မသိဘူး ... မစီးချင်ဘူး ... ဒီပုံကြီးနဲ့ ဝွမ်းလွန်းပါတယ်ကွာ Bus ကားကြီးက ... "

"ဟွန့် ... ဒါဖြင့်လည်း နေခဲ့တော့ ... ကိုယ့်ဘာသာကိုယ် ပြန်မယ်"

"သဘောပဲ ... "

"ဘယ်လိုဟာမှန်းကိုမသိဘူး"

"မင်းကလည်း မေနိုင်းခဲ့သူငယ်ချင်းသာပြောတယ် ... စိတ်ဓာတ်ကတော့ လုံးဝမတူဘူး"

"တူမလား ... ညီအစ်မတွေတောင်မှ စိတ်ချင်းကွဲတာရှိသေးတာပဲ ... သူနဲ့က ဘာမှတောင် တော်တာမဟုတ်ဘူး"





"မှားပါတယ် ... "

"ခုမှ နောင်တရနေပြီလား"

"ရတယ် ... အကြီးကြီးကိုရတာ"

"ရှင့်ကိုလည်း ကျွန်မက သိပ်ချစ်လွန်းလို့ တွဲတယ်မထင်နဲ့ သိရဲ့လား"

"သိတယ် ... သိတယ် ဒါဖြင့် မင်းနဲ့ငါနဲ့လမ်းခွဲမယ်ဒါပဲ"

"အောင်မယ်လေး ... စောစောစီးစီးထဲက ပြောသင့်တာ တစ်နေ့ကုန်စိတ်မပါဘဲ လျှောက်လိုက်နေရတာ အချိန်ကုန် ... လူပန်း ... "

လေဒီသျှိုင်း စစ်ရှားကို မျက်စောင်းအကြီးကြီး ထိုးကာ ထွက်လာခဲ့လိုက်သည်။ စစ်ရှားမျက်နှာပေါ်တွင်လည်း ဒေါသမုန်တိုင်းနှင့် ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

"တကယ်လား ... ဟော့ကောင်"

"ဟုတ်ပါတယ်ဆိုမှကွာ ... "

"ဟဟား ... ဝမ်းသာလိုက်တာကွာ ... ဒါဆို ငါလည်း မေနိုင်းစကို ဖြတ်တော့မယ်"

"အေး ... မင်း ဖြတ်တော့ဖြတ်ရမှာပဲ ... ဒါပေမဲ့ မင်း မဖြတ်ခင် ... ငါ့လိုပဲ မဟားတရား အနိုင်ကျင့်ခံရဦးမှာ ... တကယ်ပဲကွာ ငါ မကြိုက်တဲ့ဟာတွေများ ကြိုသိနေသလား ... မပြောတတ်ဘူး"

စစ်ရှား မျက်နှာစူပုတ်ပုတ်ဖြင့် ပြောလိုက်သည်နှင့်ကေမိုဟန်ကရယ်ကာ ...

"သိနေသလား မမေးနဲ့ ... သိကိုသိနေတာ ... မင်း ကောင်မလေးကပဲ အရောက်ပို့တာနေမှာပေါ့"

"အေး ... ငါ့အကြိုက်နဲ့မကြိုက်တာတွေကို သူတော့သိတယ်ကွ ... "





"ဒါပဲပေါ့ ... သူသိလို့ ပြောလိုက်မယ် ... ပြောလိုက်လို့ မင်းကို ဟိုက ... အကွက်ကြီးကြီး ရွှေ့သွားတာ ... ဟော့ကောင် သူထက် လက်စားချေ ... "

"မလုပ်ပါနဲ့ကွာ ... ငါ့ ချစ်သူလေးကို ... "

"ဘာလဲ ... စစ်ရှား မင်းက ငါခံလာရမှာကို တွေ့ချင်နေလို့လား ... ငါက သိပ်ပြီး အကြမ်းမဖက်ပါဘူးကွာ ပြောစမ်းပါ"

မင်းကောင်မလေး မကြိုက်တာမှန်သမျှ ...

"ငါက မိန်းကလေးမှ မဟုတ်တာ ဘယ်လိုလုပ် သူဘာကြိုက်တယ် မကြိုက်ဘူးဆိုတာ အမှတ်ရမှာလဲကွ ... "

"ကျွတ် ... နည်းနည်းဖြစ်ဖြစ်လောက်တော့ စဉ်းစားကွာ မင်းနဲ့စရိုက်တူတာ ဘာရှိလဲ ... "

"ဟာ ... သိပြီ ... သူနဲ့ငါနဲ့တူတဲ့ တစ်ချက်က လမ်းဘေးဆိုင်တွေမှာ မစားတတ်တာ ... နောက်ပြီး သူကတခြားကောင်မလေးတွေနဲ့နှိုင်းရင် မကြိုက်ဘူး ... အဲဒါပဲ ငါသိတယ် — "

"အိုကေ ... သားကြီး အဲလောက်ဆိုလုံလောက်တယ် — ဒါနဲ့ မေနိုင်းခဘက်ကရော မင်းအကြိုက်တွေကို လေးသျှိုင်းဘက် ဆင့် သိနေရင်ရော ... "

"မသိနိုင်ဘူး ... သိရင်လည်း နည်းနည်းပဲသိမှာ — ငါနဲ့လေဒီနဲ့တွဲတာကြာမှ မကြာသေးတာ"

"အင်းလေ ... တွေ့ကြည့်လိုက်ပါဦး — အဆင်ပြေပါစေ



www.burmeseclassic.com

www.burmeseclassic.com



ကွာ"

"သုထက်ပါကွ … ပြောရမှာပေါ့ကွာ … ဟ ဟား"

"ရုပ်ကိုက ဖြစ်နေလိုက်တာ … စစ်ရှား မင်းဖြတ်တာ အေ သွားတယ် … "

ဝင်ဖောက်သည့် ပေါက်ပေါက်ကို သုထက်က ဖက်ခေါင်းအုံး နှင့်ပစ်လိုက်ပြီး စစ်ရှားကိုကြည့်ကာ …

"စစ်ရှား တော်တာကွ … "

"သူတော်တယ် ငါတတ်တယ် လုပ်မနေနဲ့ဦး မင်းတို့နှစ် ယောက် သေသေချာချာ စဉ်းစားကြည့်မိရဲ့လား"

"ဘာကိုလဲ … "

"သူတို့ကြိုက်တဲ့လူကို သူတို့ရွေးပြီး ဘာလို့အခုမှ ခလုတ် တိုက်စရာတွေ လုပ်ပြနေရတာလဲ"

"အေးနော် … ငါလည်း မစဉ်းစားတတ်တော့ဘူး"

"မဟုတ်မှလွဲရော … သူတို့ အိပ်ချင်မူးတူးနဲ့ မှားရွေးတာ လားမသိဘူး"

"ပေါက်ကရလုပ်ပြီ … ငပေါက်တို့ကတော့"

"ငါထင်တာတစ်ခု ပြောလို့ရမလား"

ကေမိဟန်က သုထက်တို့ကိုကြည့်ကာ ပြောလိုက်သဖြင့် ကေမိဟန်ကို မယုံသင်္ကာမျက်လုံးနှင့်စိုင်းကြည့်သည်။

"ငါက ပြောရမှာလား … မပြောရဘူးလား"





"ပြောကြည့်လေ … "

"သူတို့အရွေးမှားသွားလို့ မင်းတို့နှစ်ယောက်ကို ဖြတ်တာပဲ ဖြစ်မယ်"

"ငါကိုမှ မဖြတ်သေးတာ … "

"မင်းကိုလည်း ဖြတ်တော့မှာလေ … မပူနဲ့"

"အဲဒီတော့ … ငါက ဘာဆက်လုပ်ရမှာလဲ"

"ကိုယ့်လူကိုယ် ပြန်တွဲပေါ့ ခွေးသားရဲ့"

"အင်း … ခု ဖုန်းဆက်လိုက်ရမလား"

"ဟော့ကောင် … သုထက် စိတ်ထိန်းဦး မင်းနဲ့မေနိုင်းခ မပြတ်သေးဘူးလေ … "

"ဒါဖြင့် ငါရော … ငါဆိုရင်တော့ … "

"စစ်ရှားလည်း နေဦး … မေနိုင်းခက ဒီကောင်နဲ့မှ မပြတ် သေးတာ"

"ဟာကွာ … "

"ဟာကွာ မလုပ်နဲ့ တစ်ရက်နှစ်ရက်လောက် စောင့်လိုက်လို့ လည်း ဘာမှ မဖြစ်မသွားဘူး ဟုတ်တယ် ဟုတ် … တစ်ခုတော့ ရှိတယ်၊ ဒီတစ်ရက် နှစ်ရက်အတွင်းမှာပဲ သုထက်ကလည်း စစ်ရှား အမှန်တကယ်ကြွေနေတဲ့ ကောင်မလေးကို သစ္စာအကြီးကြီး မဖောက်မိစေနဲ့"

ပေါက်ပေါက်က စစ်ရှားကို လက်ညှိုးထိုးကာ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် စစ်ရှားတစ်ယောက် သူထက်ကို ကြည့်ကာ ခေါင်းကိုအသာ တရ ကုတ်လိုက်တော့သည်။

"မေနိုင်း ... လေဒီနဲ့စစ်ရှားတို့ ကိစ္စပြတ်ပြီနော်"

မေနိုင်းခက ဆိုဖာခုံပေါ် ထိုင်လိုက်ပြီး လေဒီသျှိုင်းကို မြ ကြည့်သည်။ ပြီးမှ မသိချင်ယောင်ဆောင်ကာ ...

"ဟင် ... ပြတ်တော့လည်း ပြတ်ပြီလို့မှတ်ရမှာပေါ့ကွာ"

"ဟော့ ... မင်းအလှည့်နော် ဒီတစ်ခါ ... "

"အင်းပါ ... "

"အရှုံးကွက်တော့ မနင်းနဲ့ ... မေနိုင်း"

"မနင်းပါဘူး ... ယောကျ်ားတစ်ယောက်အတွက်နဲ့ မင်းတို့ ရွဲ့မထွက်သွားပါဘူး လေဒီရယ်"

လေဒီသျှိုင်းက မေနိုင်းခကို မျက်စောင်းထိုးရင်း ကြည့် သည်။ မေနိုင်းခက လေဒီသျှိုင်းကို ပြန်မကြည့်သေးဘဲ လက်သည်း နီဆိုးနေရင်းနှင့်ပြောသည်။

"မင်းကလဲ ... သူထက်အကြိုက်ကို မသိဘူးဆိုတော့ တို့ထ ဘယ်လိုဆက်လုပ်ရမလဲ လေဒီ"

"နည်းနည်းတော့ သိတယ်လေ ... တို့ သိသလောက် ပြော ပြပြီးပြီပဲ ... "





"ဘာလဲ ... သူ ရှမ်းခေါက်ဆွဲကြိုက်တာလား"

"အင်းလေ ... "

"အဲဒီ တစ်ခုတည်းနဲ့ ဖြစ်ပါ့မလား"

"မဖြစ်လည်း ဖြစ်အောင်လုပ်ပေါ့ အရင်က မေနိုင်းခဆိုတာ အပြစ်မရှိလည်း အပြစ်ရှာဖြတ်တတ်တာပဲ မဟုတ်လား"

"မတူဘူးလေ ... ကွာ၊ ဒီတစ်ခါက သူ့အတွက်လည်း အရေး ကြီးသလို တို့အတွက်လည်း အရေးကြီးတယ်"

"ကဲ ... ပြောပါဦး ဘာများအရေးကြီးနေလို့လဲ"

"သူ့ကို အရွဲ့တိုက်တာ အကြောင်းမဟုတ်ဘူး ... တော်ကြာ စစ်ရှားကို ပြန်ပြောနေမှ တို့ကို တစ်မျိုးထင်နေဦးမယ်"

"ဩော် ... အခု လေဒီလည်း ဘာထူးလဲ ... ဒီအချိန်ဆို မင်းလူက တို့လူကို ပြောပြီးနေလောက်ပြီ"

"ပြောလည်း ဘာဖြစ်လဲကွာ သူတို့ကို စမ်းတာပေါ့ ... အဟင်း"

"ကဲပါ ... တို့တော့ တာဝန်ကျေပြီနော်၊ မင်းပဲ တာဝန်ကျေ အောင်လုပ် ... "

"အင်းပါကွာ ... "

"ဒါဖြင့် တို့ပြန်တော့မယ် မေနိုင်း ... "

"See You "



www.burmeseclassic.com

www.burmeseclassic.com



Star House Tea Shop တွင် ထုံးစံအတိုင်း မှန်ကုတ်ကုတ်ရှုံ့ သုထက်ဝင်လာပြီး ကော်ဖီမှာကာ ထိုင်လိုက်သည်။ ကော်ဖီမရောက်မီ လက်ထဲမှ ဆေးလိပ်ကိုယူကာ တဖွာဖွာလုပ်နေတုန်း စစ်ရှား ရောက်လာပြန်သည်။

"လန်းဆန်းနေပါလား စစ်ရှား ... "

"ထင်လို့ပါကွာ ... ဒီကောင့်ရင်ထဲ ဗလောင်ဆူနေတာ ဟုတ်တယ်ဟုတ် ... စစ်ရှား"

"ဟုတ်တယ် ... ဟုတ်တယ်"

"သိပ်လည်း ဝန်ခံချက်ကောင်းမနေနဲ့ဦး စစ်ရှား ... သုထက်အတွက် အားပေးရဦးမှာ ဟဲ ဟဲ ... "

"မလိုပါဘူးကွာ ... ငါက တီဆို ထောက်ခနဲကိုပြတ်မှာ ငါအခု စဉ်းစားနေတာက ... "

"ဘာကိုလဲ ... "

"ငါနဲ့မေနိုင်းခနဲ့ ပြတ်ရင် လေဒီကိုပြန်ပြီး Propose လုပ်ရမှာလားလို့ ... အဲဒါသိချင်တာ ... "

"ဟ ... လုပ်ရမှာပေါ့"

"တစ်ခါတည်း ချစ်လို့မရဘူးလား"

"မင်းထင်သလို လေဒီက ဈေးမပေါဘူးထင်တာပဲ"

"ဟော့ကောင် ... စစ်ရှား၊ မင်းရော မေနိုင်းခကို Propose ပြန်လုပ်ရမှာလား"





"ငါ့အတွက်တော့ ဒါတွေမလိုပါဘူးကွာ ... "

"သူတို့တောင် မလိုသေးတာပဲ ... ငါတို့လည်း လိုပ့်မလား"

"ဒါတော့ ငါလည်း မပြောတတ်ဘူး ... မင်းကိုယ်တိုင်ကြုံရမှာပဲဟာ"

"တဖြည်းဖြည်းနဲ့ မင်းတို့ပွဲက ပျင်းစရာကြီးဖြစ်လာပြီကွာ"

"ငါတို့လည်း ပျင်းပါတယ် ငပေါက်ရာ ... ဒါပေမဲ့ စ,ထားတဲ့ ဇာတ်လေးကို အဆုံးသတ်ပေးမှ ကောင်းမယ်ထင်လို့"

"ဟော့ကောင် ... စစ်ရှား၊ ဒါဖြင့် အခု မင်းက စိတ်မပါဘဲ လုပ်နေရတာလို့ ဆိုလိုတာလား ... "

"ဟုတ်ပါဘူး ... စိတ်လည်းပါ,ပါတယ် ... လှုပ်ရှားချင်တဲ့ ဆန္ဒလည်းရှိပါတယ် ... ဒါပေမဲ့ နည်းနည်းတော့ ညစ်လာပြီလို့"

"ဩော် ... မေ့လို့"

"ဘာလဲ ... သုထက်"

သုထက်က မတ်တပ်ရပ်လိုက်ပြီး ဘောင်းဘီအိတ်ထဲမှ ရောင်စုံစက္ကူထုပ်များကို ထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။ ပေါက်ပေါက်က ယူလိုက်ပြီး သေချာကြည့်သည်။

"ဒါ ကြိုးကြာရုပ်ခေါက်တဲ့ စက္ကူလေးတွေ မဟုတ်လား"

"ဟုတ်တယ် ... ငါ လေဒီ့ကိုပေးဖို့"

"ဟဟား ... ကလေးဆန်လိုက်တာကွာ မင်းကလည်း"

"အေးလေ ... ဟိုက ကြိုးကြာရုပ်ခေါက်တတ်ရင် အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



သဖြစ်ဦးမယ်"

"ဒီတိုင်းချည်းပေးမလားကွ ငါခေါက်ပြီးပေးမှာပေါ့"

"ကဲ ... ကဲ ... သဘောကျ ခေါက်စေဗျာ ... ခေါက်စေ"

"အေး ... မင်းတို့ပါ ဝိုင်းခေါက်ပေးရမှာ"

"ဟာ ... ငါတို့ မလုပ်တတ်ဘူးဟ ... "

"ငါသင်ပေးမယ်လေ ... အခု အရင်လုပ်ပြမယ် ကြည့်ရေ"

သုထက်က စက္ကူထုပ်ကို ဖောက်လိုက်ပြီး တစ်ရွက်ယူကာ ခေါက်ပြသဖြင့် ကေမိုဟန်က ခေါင်းကိုကုတ်ကာ ...

"သုထက် ... မင်းဘာသာမင်းပဲခေါက်ကွာ ... ငါတို့ခေါက်ရင် မလုပ်တတ်လုပ်တတ်နဲ့ ကြိုးကြာရုပ်တော့ ထွက်လာမှာမဟုတ်ဘူး ... လဒ ရုပ်ထွက်လာလိမ့်မယ်"

"ဘာရုပ်ထွက်ထွက်ကွာ ... အဓိက,က အတောင်ပံနဲ့ခေါင်းပါရင် ရပြီ"

"ဝိစိလေးတွေကွာ ... ခေါက်ရတာ လက်ပေါက်ကပ်တယ်"

"ဘယ်နှစ်ခု ခေါက်ရမှာလဲ"

"မများပါဘူး ... ၁၅၀၀ ထဲ"

"ဘာ ... "

"၁၅၀၀ကြီးတောင် ဝယ်လိုက်ပါလားကွာ ... ခေါက်ပြီးသားတွေမှ ပေါလို့"

"အဲလောက်ကြီးတော့ မဝယ်နိုင်ဘူး ငါ့ကောင် တဝက်





တော့ ဝယ်ပြီးပြီ ... ဖန်ဗူးပါဝယ်ရတာ မနိုင်ဘူး"

"တဗူးမှာ ဘယ်နှစ်ကောင်ပါလဲ ... "

"၅၀ ပဲပါတယ်"

"အမလေးလေ ... ဒါဖြင့် မင်းဆီမှာ အခုခေါက်ပြီးသား ဘယ်နှစ်ကောင်ရှိလဲ"

"အမ်း ... ငါ မနေ့ညက တစ်ညလုံးခေါက်တာနဲ့ဆိုရင်တော့ ၂၅၀ လောက်ရှိပြီ ... မနက်က ဖိုး ခုထပ်လုပ်ထားတယ် အဲဒါပေါင်းလိုက်ကွာ ... "

"၃၁၈ ကောင်ပေါ့ ... ဒါဖြင့် ထောင့်ငါးရာထဲက ၃၁၈ ကိုနုတ်တော့ သုညမနုတ်လောက် ဟိုဘက် သုညကူး ဟိုဘက်သုညမနုတ်လောက်တော့ ထောင့်တစ်ရာရှစ်ဆယ့်နှစ်ခု ကျန်တယ်ဗျာ"

"အများကြီးကွာ ... "

"ဟဲ ဟဲ ... ကူညီပါ သူငယ်ချင်းတို့ရာ ... ဒါလေးနဲ့ Second propose လုပ်ချင်လို့ပါ"

သုထက်က စပ်ဖြီးဖြီးလုပ်ပြသဖြင့် ပေါက်ခေါက်တို့ ခေါင်းကုတ်ကာ ...

"အေးပေါ့ ... ရှိတာမှ ဒီသူငယ်ချင်းတွေပဲရှိတာ လုပ်ပေးရမှာပေါ့ ... ဒါပေမယ့် အလကားတော့ မရဘူးနော်"

"ဟ ... ငါက ဘာလုပ်ပေးရဦးမှာလဲ"

"ဒီဝိုင်းပဲ ရှင်းခိုင်းမှာပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... ဒီလောက်ကတော့ ကူညီမယ် ... ဟုတ်"

"အေးပါဆိုနေမှကွာ ... "

သုထက် အားလုံးကို မျက်နှာချိုသွေးလိုက်ရသည်။ ကိုယ်က အကူအညီလိုနေမှတော့ ... ။

အခန်း (၁၄)

သုထက်ကို မေနှင်းခရိုန်းသဖြင့် စိမ်းလန်းစိုပြည်သို့ ထွက်လာခဲ့သည်။ မေနှင်းခ လက်လှမ်းပြသဖြင့် ခပ်တည်တည် မျက်နှာထားနှင့် လျှောက်လာပြီး ...

"ရောက်နေတာ ကြာပြီလား"

"အခုပဲ ... "

"ကော်ဖီ မသောက်တော့ဘူးလား"

"ဟင့်အင်း ... အဓိက,က စကားပြောချင်လို့ ... "

မေနှင်းခက သုထက်ကိုကြည့်ရင်း ခုံကိုတို့ပြလိုက်သဖြင့် သုထက် ထိုင်လိုက်သည်။

"ဘာပြောချင်လို့လဲ ... ဟန်နီ"

"စစ်ရှားနဲ့ လေဒီပြတ်သွားတာ သုထက် သိတယ်ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား"

"အင်း … ဘာဖြစ်လို့လဲ"

"လေဒီက သုထက်ကို ချစ်နေတာ အဲဒါ သုထက်သိရဲ့လား"

" … "

"မေနိုင်းလည်း စစ်ရှားကိုချစ်တယ် … ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"စစ်ရှားက မေနိုင်းကို စိတ်ဆိုးနေပြီလားတောင် မသိဘူး"

"သူလည်း မေနိုင်းခကို ချစ်နေတုန်းပါပဲ"

"တကယ် … တကယ်ပြောတာလားဟင်"

"ဟုတ်ပါတယ်ဆို … "

"ဒါဆို … သုထက် မေနိုင်းကိုခွင့်ပြုနိုင်မလားဟင်"

"ဘာကိုလဲ … ဘာကိုခွင့်ပြုရမှာလဲ"

"ဟို … ဟိုလေ မေနိုင်း … စစ်ရှားနဲ့ တွဲချင်လို့"

"ဟာ … သိပ်ရတာပေါ့ဗျာ … ကျေးဇူးပဲ မေနိုင်းခ … ကိုယ့်ဘက်ကလည်း အဲဒီစကားအတွက် အထူးကျေးဇူးတင်လိုက်ပါတယ်"

မေနိုင်းခကလည်း ပြုံးလိုက်ရင်း …

"မေနိုင်းတို့နှစ်ယောက် ရှုပ်ခဲ့တယ်ဆိုတာ တခြားကြောင့်





မဟုတ်ပါဘူး … သုထက် တစ်ယောက်နဲ့တစ်ယောက် ပြိုင်ရင်းက အခုလိုဖြစ်သွားရတာပါ … ပြီးတော့ သုထက်နဲ့စစ်ရှားတို့ သူငယ်ချင်းဖြစ်နေမှန်းလည်း မသိခဲ့ဘူးလေ … "

"ကိုယ်တို့လည်း အတူတူပါပဲ … စိတ်ထဲ ထားမနေပါနဲ့တော့ … အခုလို မေနိုင်း စစ်ရှားဆီပြန်လာမှာသိရင် ဒီကောင် သိပ်ဝမ်းသာမှာ … "

"လေဒီလည်း သိရင်ဝမ်းသာမှာပဲ"

"ကျေးဇူး … ကျေးဇူးပဲ မေးနိုင်းခ"

သုထက် အပျော်ကြီးပျော်သွားသည်။ ဒီကအပြန် စစ်ရှားကို ဝင်ပြောမှပဲ … ဒါမှ ဒီကောင်ပျော်သွားမှာ …

မေနိုင်းခပြန်သွားသည်နှင့် သုထက် စစ်ရှားအိမ်သို့ ကားကို မောင်းလာခဲ့သည်။ အိမ်ထဲမှ ဆိုဖာခုံတွင် မျောက်မှိုင်မှိုင်နေသော စစ်ရှားကို တွေ့သဖြင့် သုထက် ရယ်လိုက်သည်။

"မှိုင်မနေနဲ့တော့ သားကြီး … ငါနဲ့ မေနိုင်းခနဲ့ ပြတ်သွားပြီ ငါတို့မျှော်လင့်တဲ့အတိုင်း အားလုံး အဆင်ပြေသွားပြီ"

"တပူတော့အေးပြီပေါ့ကွာ … ဒီမှာ နောက်တပူက ဆင့်ပြန်ပြီ"

"ဘာ … ဘာနောက်တစ်ပူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီပေါ့ ... ဘယ်က မိန်းမနဲ့စကားဆက်လာလည်း မသိဘူး။ အတင်းပေးစားဖို့ လုပ်နေတယ်"

"ငြင်းလိုက်လေကွာ ... "

"ငြင်းတာပဲ ... အခုလေးတင် ရန်ဖြစ်ပြီးပြီ"

"အခု အန်တီဘယ်သွားလဲ"

"Father ကြီးဆီလိုက်သွားပြီ"

"အချိန်ရသေးတယ် မဟုတ်လား ... တခြားအကွက်ရှေ့ သေးတာပေါ့ကွာ ... "

"အခုကို သွားတွေ့နိုင်းနေလို့ကွ ... မနက်ဖြန် သွားတွေ့ လိုက်တဲ့"

"ဒါဆိုလည်း မင်းသွားတွေ့လိုက်ကွာ ... "

"ဟော့ကောင် ... "

"ငါပြောတာ နားထောင်ဦး ... မင်းသွားတွေ့ပြီး မင်းမှာ ယူရမဲ့ ကောင်မလေးရှိကြောင်း ရှင်းပြလိုက် ... နောက်ဆုံး ဟိုက အတင်းယူမယ်ဆိုရင်တောင် မင်းကောင်မလေးနဲ့ မင်းနဲ့ဘာညာ ဘာညာဖြစ်နေလို့ဆိုပြီး ပြောပစ်လိုက်"

"အဲဒါဆို ... နောက်ဆုတ်သွားမှာလား"

"အေးပေါ့ကွ ... "





"အင်း ... ဒါဆို မနက်ဖြန်ကျရင် သွားမယ် မင်းသါလိုက်ခဲ့"

"ဟ ... ကောင်းပါ့မလား ... ငါပါတော့ အဲဒီအမျိုးသမီးက ယုံပါ့မလား ... "

"အဲဒါမှ ပိုယုံမှာလေ ... မင်း သက်သေပေါ့ကွ"

"မင်း ... Mother ကြီးကလည်းကွာ ... ဘာစိတ်ကူးပေါက် နေလည်းမသိဘူး"

"မာမီက ပြောမယ်ပြောမယ်နဲ့ မေ့နေတာတဲ့ ... ငါနဲ့က လည်း တွေ့နိုင်တယ်မဟုတ်လား ... အားနေ အပြင်ထွက်နေတဲ့ ကောင်လေ ... "

"အဲဒါထားပါ ... မင်းကို အိမ်စာပေးထားတာ ဘယ်နှစ် ကောင်ပြီးပြီလဲ ... "

စစ်ရှားက သုထက်ကို စောင့်ကြည့်ပြီး စားပွဲအောက်မှ ကြိုး ကြာရုပ်များကို စားပွဲပေါ်တင်လိုက်သည်။

"၅၀ .. ပြီးပြီ ... "

"တော်တယ် ... တော်တယ် ... ဒါဝေခဲ့ နှမ်း[illegible]တော့ တင်လိုက်ကွာ ... ရက်က ကပ်နေပြီ"

"ဟော့ကောင် ... ငါ့ Speed က အကိုက်ဆုံးပဲ ထက်တွေလည်း ညောင်းပြီး ခေါင်းတွေလည်း မူးချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ဟိုကောင်တွေလည်း လုပ်နိုင်းထားတာပဲ"

"မင်းကလေ ... မင်းကျတော့ရော လုပ်ရဲ့လား"

"လုပ်နေတာပဲ ... ငါကမှ ပိုပြီးစိတ်အားထက်သန်နေလို့ တစ်နေ့တစ်နေ့ကို တရှုငါးဆယ်လောက်ပြီးတာ"

"အေး ... ကောင်းတယ် ... ဒါမှ မြန်မြန်ဝင့်ကျွတ်မှာ"

"ဟ ဟား ... အဲဒီဝဋ်က ကျွတ်သွားရင်တောင် မင်းကဝဋ် လည်နေဦးမှာပါကွာ ... အခု မင်း Mother ကြီးဆင်တဲ့ ခွင်က တကယ့်ကို အချိန်ကောင်းပဲ၊ အန်ဖစ်တ်အကိုက်ဆိုတာ ဒါမျိုးကို ပြောတာလား မသိ ... "

"တော်ပါကွာ ... ငါက မေနိုင်းကိုပဲယူမှာ"

"အေး ... ကောင်းတယ် ငါရောပဲ"

"ဟေ့ကောင် ... ဘာလဲ ... ဘာပြောတာလဲကွ"

"လေဒီကို ယူမှာလို့ ... ပြောတာပါကွာ"

"အေး ... အဲလိုပြော ... အဲလို ရှင်းရှင်းပြော"

"အတူတူယူပြီး honeymoon လေးဘာလေး အတူတူထွက် ရအောင်လား"

"မင်းက honeymoon ထွက်ဖို့လောက်ပဲ တွေးထားတာ ငါက အပယ် ... "





"ဘာလဲဟ ... "

"ဘာမှ မဟုတ်ဘူး ... ဒေသန္တရ ဗဟုသုတလေးပါရအောင် ယူမယ်"

သုထက် စစ်ရှားခေါင်းကို လက်သီးနှင့်ခပ်ဖွဖွထိုးလိုက်ရင်း ရယ်လိုက်သဖြင့် စစ်ရှားလည်း ရယ်လိုက်သည်။

"Cheer ... "

လေးယောက်သား သုထက်အိမ်တွင်စုကာ ဘာရယ်မဟုတ် တစ်ခွက်တစ်ဖလား သောက်ဖြစ်ကြသည်။ ကေမိုဟန် ...

"ကဲ ... အခုဆို ကိုယ့်ပစ္စည်းမှန် ကိုယ်ပြန်ရပြီဆိုတော့ လုံးဝ Congratulation ပါသားကြီးတို့"

"ဟေ့ကောင် ... ငါ့ကိုတော့ ဟုတ်ပါပြီ၊ ဒီကောင်စစ်ရှားက နှစ်ယောက်တောင်ရှိတာ ဘယ်ဟာကိုပြောတာလဲ"

"ဟေ့ကောင် ... ငါလုံးဝ မယူဘူးနော်"

"ဟာ ... ဘာလဲ မင်းက စားပြီးနားမလည်လုပ်မလို့လား"

"ဟာကောင် ... ငါကစားထားတာ မရှိလို့ ဘာမှနားသည်



www.burmeseclassic.com

www.burmeseclassic.com



စရာမလိုဘူး ... အခု ငါဆိုလိုတာက ငါ့ကိုအိမ်က ပေးစားတဲ့မိန်းမ ကို မယူဘူးလို့ပြောတာ"

ပေါက်ပေါက်က လိုအပ်သည်ထက်ပို၍ သိသိသာသာ အံ့ဩ ဟန်ကို သရုပ်ဖော်ပြရင်း ...

"မင်းကို ... "

"အေး ... "

"မင်းအိမ်က မိန်းမပေးစားတယ် ... "

"ဟုတ်ပါတယ်ဆိုမှ ... "

"ဘယ်သူနဲ့လဲ ... "

"မသိဘူး ... မနက်ဖြန်ကျမှ သုထက်နဲ့သွားတွေ့မှာ ... "

"ဩော် ... ဩော် ... မင်းဘဝကလည်း သနားစရာပဲနော် စားရခါနီးမှ ပြုတ်ကျတော့မှာပဲ"

"အေး ... ဟုတ်တယ် ပြုတ်မကျအောင်လို့ သွားလုပ်မလို့"

"ဟဟား ... အခုမှ စစ်ရှားတို့တိုင်ပတ်တာပေါ့"

"ငါကလည်း စဉ်းစားထားပါတယ် ... ပြောမရရင်တော့ နိုးပြေးမှာ"

"လုပ်ထားသားကြီး ... ငါတို့ အားပေးတယ်"

"မင်းနိုးပြေးရင် ငါလည်း နိုးပြေးမယ် စစ်ရှား".





ထိုအခါမှ ကေမိုဟန်က ...

"ငါတို့ကို ထားခဲ့တော့မှာလားကွာ ... မင်းတို့က နှစ်ယောက်လုံး တပြိုင်တည်း ... "

"မနေချင်ရင် လိုက်ခဲ့ပေါ့ကွ"

" ဟဲ ဟဲ လိုက်တော့ မလိုက်ပါဘူးကွာ ... တော်ကြာ ခေါ်တုန်းကခေါ်ပြီး မင်းတို့အတွဲကိုယ်စီ ဖြစ်သွားမှ အရှုပ်ထုပ်တွေ ဘာတွေ ကင်ပွန်းတပ်ခံနေရပါဦးမယ် ... မလိုက်ဘူး ... မလိုက် တော့ဘူး"

"သဘောပြောတာပါကွာ ... ငါတို့လည်း နိုးပြေးချင်မှ နိုး ပြေးမှာပါ"

www.burmeseclassic.com

## အခန်း (၁၅)

"သား ... ဧည့်ခန်းထဲမှာ စစ်ရှားရောက်နေတယ်"

"လာပြီ ... မာမီ"

သုထက် မျက်နှာသစ်ကာ ရေချိုးလိုက်ပြီး အဝတ်စားများ ထုတ်နေတုန်း စစ်ရှားအခန်းထဲဝင်လာသဖြင့် ...

"စောလှချည်လား ... ဟ"

"ဟိုကိစ္စအတွက် မာမီအတင်းတွန်းလွှတ်နေလို့ ထွက်လာတာ"

"မင်း မာမီကတော့ လွှတ်သဘောတွေကောင်းနေပါလား။ သူနဲ့တွေ့ပြီးပြီတဲ့လား"

"မတွေ့ရသေးပါဘူးကွာ ... မတော် အကျိုးအကန်းကြီးဖြစ်နေမှ ငါ့ဘဝတော့ ရင်လေးစရာပဲ သုထက်"

"မင်းကလည်း အကျိုးအကန်းတော့ ဖြစ်မလားကွ ... မသ





ကာ နားလေးပြီး မျက်လုံးလေးစောင်းရုံလောက်ဖြစ်မှာပါ"

"ဟာကွာ ... အဲဒါကြီးနဲ့သာ ယူမယ်ဆိုရင် တောပဲထွက်တော့မယ် ..."

"သိတယ် သိတယ် ... မင်းက သိပ်အလှကြိုက်လေ ... အကောင်းကြိုက် အသန့်ကြိုက် ..."

"မြန်မြန်လဲကွာ ... စကားနောက်မှပြော"

"အေးပါ ... ဩော် ... မနေ့က ငါ ဟိုကောင်တွေဆီက အရုပ်တွေစုခိုင်းလိုက်တာ ပြည့်သွားပြီ"

"မြန်လှချည်လား"

"မြန်ဆို ကေက သူ့ညီမတွေကို ဝိုင်းခေါ်ခိုင်းတာကိုး"

စကားပြောရင်းနှင့် သုထက်အဝတ်အစားလဲပြီးသွားသဖြင့် ...

"သွားစို့ ..."

သုထက်နှင့်စစ်ရှား ချိန်းထားသည့်နေရာသို့ ကြိုရောက်နှင့်နေသဖြင့် ကော်ဖီမှာကာ လမ်းမဘက်ကြည့်နေမိသည်။ ခဏအကြာ လေဒီသျှိုင်းနှင့် မေနိုင်းခဝင်လာသဖြင့် သုထက်က စစ်ရှားကို လက်တို့လိုက်သည်။ လေဒီသျှိုင်းက သုထက်တို့ တွေ့သည်နှင့် ပြုံးကာ မေနိုင်းခလက်ကို ဆွဲရင်း လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ... ဘယ်လာတာလဲဟင်"

စစ်ရှားက မေနိုင်းခကိုကြည့်ရင်း စကားထစ်နေပြန်သည်။ မေနိုင်းခ ဘာမျှမဖြေခင် လေဒီသျှိုင်းက သက်ပြင်းလေးတစ်ချက် ချလိုက်ပြီး ...

"လေဒီလေ သိပ်စိတ်ညစ်တာပဲဟယ် ... "

ထိုအခါမှ သုထက် ပြုံးတုံးပျာတာနှင့် ...

"ဘာ ... ဘာဖြစ်လို့လဲဟင်"

"ဒက်ဒီပေါ့ ... ယောကျ်ားပေးစားဖို့ အတင်းစီစဉ်လို့ အခု အဲဒီယောကျ်ားကိုတွေ့ဖို့ လာခဲ့ရတာ ... "

"ဟင်း ... ဒါဖြင့် မင်းက ငါနဲ့လာတွေ့တာပေါ့"

"အမ် ... ရှင်က ဒေါ်ခင်မမရဲ့သားပေါ့ ဟုတ်လား"

"ဟုတ်တယ် ... "

"ဟာ ... ဘယ်လိုလုပ်ကြမလဲ ... ကြံဖန်ပြီးတိုင်ပတ်ပြန်ပြီ ... "

"အလွဲကြီးလွဲတော့မယ် ... အကြီးကြီးကိုလွဲတော့မယ်"

သုထက်နှင့်စစ်ရှား တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ သက်ပြင်းချလိုက်ပြီးမှ သုထက်က ...

"လေဒီ ကိုယ် မင်းကိုပဲချစ်တယ် ... ကိုယ့်ကို လက်ထပ်ခွင့်





ပေးပါ"

"အဲဒါမှ ခက်နေပြီပေါ့ ... "

"ဘာခက်တာလဲ ... "

"သူ့ Father ကြီးက သူပေးစားတာပဲယူရမယ်တဲ့ မယူရင်"

"ဟာကွာ ... မရဘူး လေဒီရာ ... ကိုယ့်ကိုပဲ ယူရမယ်နော်"

"ကဲ ... ဒါဆို အခု ဘယ်လိုလုပ်ကြမလဲ ... "

"ခဏလေး လေဒီနဲ့မေနိုင်း ဒီမှာပဲ ခဏထိုင်စောင့်ပေးနော်၊ သုထက် အပြင်ခဏသွားရအောင် ... "

စစ်ရှား သုထက်ကိုဆွဲခေါ်သွားသဖြင့် လေဒီသျှိုင်းနှင့်မေနိုင်းခတို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ကျန်ခဲ့သည်။ မေနိုင်းခက ...

"မင်း Father ကြီးကို ပြောကြည့်ပါဦးလား"

"မေနိုင်းကလည်း ... အခု မင်း အမြင်ပဲလေ ... ခုနလေးတင် တို့အကောခံလာရပြီးပြီ ... မဟုတ်လား"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲဟင် ... လေဒီတို့ယောကျ်ားတို့ကိုပါ ရိုက်နေပြီ ... "

"မသိတော့ဘူးကွာ ... သူတို့သွားကြံနေကြတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ထင်ရတာပဲ ... ဘာတွေကြံနေကြလည်းမသိဘူး"

"ဟိုမှာ လာကြပြီ"

သုထက်နှင့်စစ်ရှား ပြန်ဝင်လာကြသဖြင့် မေနိုင်းခန့်နှင့် သော်သျှိုင်းက အားကိုးတကြီးကြည့်ရင်းမေးလိုက်သည်။

"ဘယ်လိုလုပ်ကြမလဲဟင်"

"မင်းတို့ဒီမှာပဲ ခဏစောင့်နေခဲ့ဦး ကိုယ်တို့ အိမ်ခဏပြန်ဦးမယ်"

"ဟင် ... ဘာပြန်လုပ်မလို့လဲ"

"အစီအစဉ်ဆွဲရမယ်လေ ... "

"နေဦး ... လေဒီတို့မှာကားပါလာလား"

"မပါဘူး ... "

"အိုကေ ... ဒါဆို ပိုကောင်းတယ်၊ နောက်ကြောင်းရှင်းတာပေါ့ ... ဒီမှာခဏပဲစောင့်၊ ကိုယ်တို့ ပြန်လာခဲ့မယ်နော်"

သုထက်နှင့်စစ်ရှား ပြန်ထွက်သွားကြသဖြင့် ဆိုင်ထဲမှ လူများ ကြည့်နေကြပြန်သည်။ Royal View တွင် ပေါက်ပေါက်နှင့် ကေမိုဟန် ထိုင်နေသဖြင့် အဆင်သင့်တွေ့လိုက်ရသည်။

"ကေ ... "

"ဟာ ... လန့်လိုက်တာကွာ အမူးမပြေသေးရတဲ့အထဲ"





"အခု ... မလန့်နဲ့ဦး ဒီ့ထက်လန့်စရာတွေ ရှိသေးတယ် ... ဒီမှာ ... "

"ဘာလဲ ... "

"မင်းအိမ်မှာ မင်းညီမ ဘယ်နှစ်ယောက်ရှိလဲ"

"ဘာလဲဟ ... ဘာစကားကြီးလဲ"

"မေးတာကိုသာ ပြောစမ်းပါကွာ ... "

"(၃)ယောက်လေ ကြီးတော်ကြီးသမီးက နှစ်ယောက် နောက်ပြီး ... "

"ဟိုး ... ဟိုး ... ရပြီ ... သူတို့ အကျီလေးငါးစုံလောက်ယူလာခဲ့ပေးပါလား"

"ဟ ... ယောကျ်ားဘဝကို စိတ်ကုန်သွားကြပြီလား"

"ဘယ်ကလာ ... ငါတို့မိန်းမခိုးပြေးမလို့"

"ဟိုက် ... "

"ဒီမှာ ငါ့ကားကိုထားခဲ့မယ် ... မာမီအိမ်မှာ မရှိလည်း ခြံတံခါးဖွင့်ပြီး ကားကိုမင်းတို့သွားထားခဲ့လိုက် ... ငါ ဓာတ်ရထားနဲ့ သွားမယ်"

"ကေ ... ဝေါင်မနေနဲ့ သွားလေကွာ မြန်မြန်သွားလေ"

"ဟုတ် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကေမိုဟန်ထွက်သွားသဖြင့် သုထက် ရေနွေးငှဲ့ကာ သောက်လိုက်သည်။ ပေါက်ပေါက်က မျက်စိပေကလပ်ပေကလပ် လုပ်ကာကြည့်ရင်း ...

"ဘယ်ကဘယ်လို ဖုတ်ပူမီးတိုက်ကြီးဖြစ်လာကြတာလဲ"

"သူယူရမယ့် မိန်းမက လေဒီဖြစ်နေလို့ပေါ့ ... "

"ဟာ ... "

"မဟာနဲ့ ... ငါတို့လည်း မတတ်နိုင်တော့လို့ လုပ်လိုက်ရတာ"

"ကောင်းပါတယ်ကွာ ... ဘဝကြီးကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်တော့မဲ့ မင်းတို့နှစ်ယောက်ကို ငါကထောက်ပံ့အနေနဲ့ ရော့ ... "

"ဘာလဲ ... "

"၂၀၀ ယူသွား"

"၂၀၀ ဘာလုပ်ရမှာလဲ"

"ရှိတာလေး ပေးတာလေကွာ ... "

"နေပါ ... မင်းလက်ဖက်ရည်ဖိုးပဲ မင်းရှင်းလိုက်ပါဦး"

"နောက်တာပါကွာ ... ရော့ ငါ့ဖုန်းယူသွား ဆက်သွယ်လို့ ရတာပေါ့ ... ဒါနဲ့ မင်းတို့က ဘယ်ကိုသွားကြမှာလဲ"





"မသိသေးဘူး ... "

"ကောင်းတယ် ... ကောင်းတယ် အဲဒီနေရာ သာယာတယ်"

"ဩော် ... မသိသေးပါဘူးဆိုမှကွာ"

"ဟဲ ဟဲ ... ပြေးမဲ့ပြေး အေးတဲ့နေရာလေးပြေးကွာ ကွေးလို့ ကောင်းတာပေါ့ ... ဟုတ်ဘူးလား ... ပူတဲ့နေရာဆို ချွေးတွေတလုံးလုံးနဲ့"

"တော်ပါတော့ ပေါက်ရယ် ... မင်းပြောလိုက်တာ ဘယ်တွေရောက်ကုန်ပြီလဲ"

"ထားပါ ... မင်းတို့ဆော်တွေကော မင်းတို့အစီအစဉ်ကို သိပြီးပြီလား"

"မပြောရသေးဘူး ... ပြောရင် အိမ်ပြန်ပြီး အဝတ်အစားယူမှာနဲ့ ဘာနဲ့ပိုကြာနေမှာစိုးလို့"

"ဩော် ... အဲဒီတော့ မင်းတို့ကပဲ သူတို့အစား လျှပ်ရှားတယ်ဆိုပါတော့ ... ဒါပဲလေ ... ဒါပဲပေါ့ ... မင်းတို့တာဝန် လှုပ်ရှားရမှာပေါ့"

"လှည့်လာပြန်ပြီ ... မင်းကလည်း ဩော် ... ဟိုမှာတော့ပြန်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကေမိုဟန်က ကျောပိုးအိတ်ကို သုထက်ထံ လှမ်းပေးရင်း ...

"ညီမလေးကို မနည်းချော့မော့တောင်းလာရတယ် ... ဒီမှာ မင်းတို့ လိုမယ်ထင်လို့ ပိုက်ဆံနှစ်သိန်းပါယူလာတယ်"

"ကေ ... မင်းဟာလေ ... အဲဒါကြောင့် အရမ်းချစ်စရာကောင်းတယ်လို့ပြောတာ ... "

"အေး ... ချစ်တာထက် အရေးကြီးတာက ရောက်ရာအရပ်ကနေ ငါတို့ဆီဖုန်းဆက်ဖို့ မမေ့နဲ့ ... "

"စိတ်ချ ... သူငယ်ချင်း ဒီမှာငပေါက်ဖုန်းယူသွားတယ်"

"အေးအေး ... နှစ်ယောက်လုံး မပျာနဲ့ သတိဝီရိယနဲ့သွား"

"ဟုတ်ကဲ့ပါ ... အဘကေရယ် သွားပြီ ... "

"အေး ... အေး"

သုထက် ကားသော့ကို ပေါက်ပေါက်လက်ထဲထည့်ပေးလိုက်ပြီး ကျောပိုးအိတ်ဆွဲကာ စစ်ရှားနောက်မှ ကားထဲဝင်လိုက်သည်။





မေနိုင်းခနှင့် လေဒီသျှိုင်းတို့နှစ်ယောက် စစ်ရှားနှင့်သုထက်ကိုမြင်မှ ပြုံးနိုင်ရှာသည်။ ဆိုင်ထဲဝင်လာသည်နှင့် လူတွေက ကွက်ကြည့်ကွက်ကြည့်လုပ်ပြန်သည်။ သုထက်က လေဒီသျှိုင်းလက်ကိုဆွဲလိုက်ပြီး ...

"သွားရအောင် ... "

"ဟင် ... ဘယ်ကိုလဲ"

စစ်ရှားကလည်း ...

"လာလေ မေနိုင်း ... "

"ဘယ်ကိုလဲလို့ ... "

"ကားပေါ်ရောက်မှ ပြောပြမယ်"

လေဒီသျှိုင်းနှင့်မေနိုင်းခ ကြောင်တောင်တောင်ဖြစ်သွားပြီး ကားထဲသို့ ဝင်လိုက်ကြသည်။ စစ်ရှားကိုကြည့်ကာ ...

"အခု ဘယ်ကိုသွားနေကြတာလဲ စစ်ရှား ... "

"အဲဒါ စဉ်းစားနေတာပဲလေ ... ဘယ်သွားကြရင်ကောင်းမလဲဟင်"

"ဟင် ... သိလည်းမသိဘဲ သွားနေကြသေးတယ် ... ဘာကြီးတွေလဲဟ ... "

"ပြောလေ ... ဘယ်သွားချင်ကြလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



မေနိုင်းခက မေလေးလက်ညှိုးထောက်ပြီး စဉ်းစားကာ ...

"အဲဒါဆို အိမ်သွားမယ် ... "

"အမ် ... အိမ်တော့မရှာဘူးလေ"

"ဟင် ... ဘာဖြစ်လို့လဲ"

"အခု ... ကိုယ်တို့နှစ်ယောက်က မင်းတို့နှစ်ယောက်ကို နိုးပြေးလာတာလေ"

"ဟမ် ... "

"အဝတ်အစားတွေလည်း မပါဘူး"

"မပူပါနဲ့ ... ကေ ညီမတွေဆီက ယူလာတယ် အနည်းဆုံး တစ်ပတ်လောက်ပဲကြာမယ် ထင်တယ်နော် စစ်ရှား ... "

"အင်း ... ပြီးရင် ရန်ကုန်ပြန်လာပြီး မင်္ဂလာဆောင်ကြမယ်လေ"

"ဖြစ်ပါ့မလား ... အိမ်က စိတ်ပူနေမယ်ထင်တယ်"

"ဘာလို့ မဖြစ်ရမှာလဲကွာ ... ကဲ ဒါဆို မေ့မေ သမီးလင်နောက်လိုက်သွားပြီလို့ စာတိုလေးရေးထား၊ ဒီကပြန်ရင် ပေါက်ပေါက်ကို သွားပို့နိုင်းလိုက်မယ်"

"ဖြစ်ပါ့မလားဟယ် ... လေဒီ ဖေဖေ့ကိုကြောက်တယ်"

"ဘာကို ကြောက်တာလဲ ... စိတ်ချ လေဒီ့ အဖေကို ဒီ





ကောင် စစ်ရှား ရှင်းပြလိမ့်မယ် ... လေဒီကလည်း ဒီကောင့်အမေကို ရှင်းပြလိုက်ပေါ့ ပြီးပြီ ... လွယ်လွယ်လေးကို"

"သူတို့ဟာနဲ့သူတို့ကတော့ ဟုတ်နေတာပဲ ... ဒီမှာ ပိုက်ဆံလည်းမပါ ... ဖုန်းလည်းမပါနဲ့ အိမ်ပြန်ယူမှ ဖြစ်မှာပေါ့"

"No No အဲဒါတွေမလိုဘူး အားလုံးစီစဉ်ပြီးသား ... အမိကက ကိုယ်တို့ ရန်ကုန်ကဲ အမြန်ဆုံးထွက်သွားနိုင်ဖို့ပဲ"

"ဖွတ်ကြီးပဲနော် ... "

"ဘာလဲ ... မေနိုင်းက ကိုယ်နဲ့မလိုက်ချင်လို့လား"

"မပြောမိပါဘူး ... "

သူ့ထက်ကလည်း ...

"လေဒီရော ကိုယ်နဲ့လိုက်ချင်ရဲ့လား"

"မလိုက်ချင်ဘူးဆိုရင် ထားခဲ့မလို့လား"

"မထားခဲ့ပါဘူးကွာ ... ကိုယ် လေဒီ့ကိုအရမ်းချစ်တာသိရဲ့သားနဲ့"

"ခုမှ ... တော်ပါ အပိုတွေ အိုဗာတွေ"

"တကယ် ... အခု စိတ်ကူးကလည်း ကိုယ်ပဲပြောပြတာ၊ အစစ အရာရာ ကိုယ့် Idea တွေချည်းပဲ"

"ဒါမျိုးကျတတ်တယ်ပေါ့ ... ကိုတာတ်ပ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ... ချစ်တာကိုး ကျော်းအစ်မရယ်"

"ရယ်မနေနဲ့ ... အခု ဘယ်အရင်သွားမှာလဲ"

"တရားရုံးလေ ... "

"လက်မှတ်ထိုးဖို့လား"

"ဒါပေါ့ ... အရင်ဆုံး တရားဝင်ဖြစ်အောင်လုပ်ရမယ်လေ"

ထိုနေရာကျမှ စစ်ရှားကဝင်ပြောသည်။

"အဲဒါပြီးမှ ... အဟီး ... "

"ခုနက ကိုပေါက်ကိုပို့နိုင်းမယ့်စာကိစ္စနဲ့ပတ်သက်ပြီး သိပ်အစာကြွေးသေးတာ မဟုတ်ဘူးနော် ... အခု မျက်နှာရှုံးနေပြန်ပြီ၊ ဘာအဟီးလဲ ... "

"သြော် ... ဘာမှ မဟုတ်ပါဘူး ဟန်နီရယ် ... အဲဒါက ကိုယ်နဲ့သူထက်ပဲသိတယ် ... ဟုတ်တယ်ဟုတ် ... သားကြီး"

"ဝုတ်ပ ... ဝုတ်ပ"

ပရိသတ်အတွက်

အမြဲတမ်း

သျှိုး

www.burmeseclassic.com